# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


### ဂုဏ်တော်ထူးနှင့်ပြည့်စုံတော်မူ

မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရ မရသော်လည်း အာဘဿရဘုံရှိ ဗြဟ္မာကြီးများကဲ့သို့ ပီတိဟူသောအစာကို စားသုံး၍နေနိုင်ကုန်၏။ (ထိုသို့ ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)

သု၁၀၇(ဓမ္မပဒ-၂၀၀)


၁၃၈၀ ပြည့်နှစ် တော်သလင်းလဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 12 September 2018 ၉၄၀၇


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံဒေသဆိုင်ရာ (၂၇)ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ဟနွိုင်းမြို့သို့ ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၁

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖုခ်၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပမည့် အာဆီယံဒေသဆိုင်ရာ (၂၇)ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ဟနွိုင်းမြို့သို့ ထွက်ခွာသည်။**

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဗီယက်နမ်နိုင်ငံ တာဝန်ရှိသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ဟနွိုင်းမြို့ NoiBai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြစဉ်။

**မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံချက်**

စာမျက်နှာ » ၅

**နန်းယွန်းမြို့နယ် လန်သန်းကျေးရွာနှင့် ပေါ်ကွန်ကျေးရွာတို့တွင် သံသယ ရာသီတုပ်ကွေးရောဂါ အစုလိုက်ဖြစ်ပွား၊ သေဆုံးမှုနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ တုံ့ပြန်ဆောင်ရွက်လျက်ရှိ**

စာမျက်နှာ » ၇

**မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ**

စာမျက်နှာ » ၁၁

# ကြေးမုံ

## စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ကြဉ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖုံ၏ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံသို့ အလုပ်သဘော ခရီးသွားရောက်ကာ ဟနွိုင်းမြို့၌ ကျင်းပမည့် အာဆီယံဒေသဆိုင်ရာ (၂၇) ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ် (27th World Economic Forum on ASEAN)သို့ တက်ရောက်ဆွေးနွေးမည်ဖြစ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဗီယက်နမ်နိုင်ငံခရီးစဉ်အတွင်း နိုင်ငံတကာမှ ထိပ်သီးခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် သီးခြားတွေ့ဆုံကာ မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရေး ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ အထူးလိုအပ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလ စတင်သည့်အချိန်မှစ၍ ကဏ္ဍစုံအပြောင်းအလဲများ ပြုလုပ်လာခဲ့ပြီးသည့်နောက်ပိုင်း၌ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ မျှော်မှန်းသလောက် မရောက်ရှိသေးချေ။

မြန်မာနိုင်ငံတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုအတွက် အခြေအနေကောင်းများစွာရှိပြီး အကျိုးအမြတ်ရှိမည့် အလားအလာကောင်းများလည်းရှိသည်။ ရင်းနှီးမြှုပ်နှံမှုတွင် အဓိကလိုအပ်ချက်ဖြစ်သည့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးကို စနစ်တကျကြိုးပမ်းတည်ဆောက်နေပြီး ရင်းနှီးမြှုပ်နှံသူများ လုပ်သာကိုင်သာရှိမည့် ဥပဒေနှင့်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးထားသည်။

အာဆီယံဒေသဆိုင်ရာ ၂၀၁၃ ခုနှစ် ကမ္ဘာ့စီးပွားရေးဖိုရမ်ကို မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည်။ အလားတူ ၂၀၁၆ ခုနှစ် ကမ္ဘာ့စီးပွားရေးဖိုရမ်ကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တော်တွင် ကျင်းပခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပခဲ့သည်။ အာဆီယံအဖွဲ့သည် ကမ္ဘာ့စီးပွားရေးတွင် သတ္တမမြောက်အုပ်စုကြီးဖြစ်၍ ယခုကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် ကမ္ဘာနှင့် တစ်ဝန်း စီးပွားရေးစိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ဆွေးနွေးဖော်ထုတ်နိုင်လိမ့်မည်ဟု ယုံကြည်သည်။

ကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum - WEF)ကို ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဆွေးနွေးနိုင်ရန် ၁၉၇၁ ခုနှစ်တွင် စတင်ကျင်းပခဲ့သည်။ ကမ္ဘာတစ်ဝန်း၌ စီးပွားရေးမတည်ငြိမ်မှု၊ ကမ္ဘာ့နိုင်ငံရေးဖြစ်စဉ်နှင့် ဆက်နွှယ်မှု၊ ကမ္ဘာနှင့်တစ်ဝန်း ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများက ဒေသတွင်းအဆင့်နှင့် နိုင်ငံတကာအဆင့် လူမှုအသိုက်အဝန်းများသို့ ရိုက်ခတ်မှုများကို ဆွေးနွေးညှိနှိုင်း၍ အဖြေရှာရန် နိုင်ငံတကာအဆင့် အစည်းအဝေးများနှင့် ဒေသတွင်းအဆင့် အစည်းအဝေးများကို ပြုလုပ်ခဲ့သည်။

အာဆီယံဒေသဆိုင်ရာ(၂၇)ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ်ကို စက်တင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ကျင်းပမည်ဖြစ်ပြီး Entrepreneurship and the Fourth Industrial Evolution ခေါင်းစဉ်အောက်တွင် ဆွေးနွေးကြမည်ဖြစ်သည်။ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ စင်ကာပူ၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်တို့မှ နိုင်ငံတော်အကြီးအကဲများ၊ သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ်၊ ထိုင်း၊ ကိုရီးယားနှင့် အခြားသောနိုင်ငံများမှ အစိုးရအဖွဲ့ဝန်ကြီးများ တက်ရောက်ဆွေးနွေးကြမည်ဖြစ်သည်။ ယင်းဖိုရမ်သို့ နိုင်ငံ့ခေါင်းဆောင်များနှင့်အတူ နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် အရပ်ဘက်အဖွဲ့အစည်းများ အပါအဝင် စုစုပေါင်း ၈၀၀ ကျော် တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

မျက်မှောက်ကာလတွင် ကမ္ဘာနှင့်တစ်ဝန်း စီးပွားရေးနှင့်ငွေရေးကြေးရေး စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့နေရချိန်တွင် ယခုကျင်းပနေသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်မှ မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးအခက်အခဲများကို ဆွေးနွေးအဖြေရှာနိုင်လိမ့်မည်ဟုယုံကြည်ပြီး မြန်မာနိုင်ငံအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဖြစ်ထွန်းလာရေးတို့ကို ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် တံတားများ၏ ကြံ့ခိုင်မှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၁**

လမ်းပန်းဆက်သွယ်ရေးလွယ်ကူအဆင်ပြေစေရေး၊ ခရီးသွားပြည်သူများ လမ်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသော တံတားများ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းနှင့် ကြိုတင်ကာကွယ်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေးအမြန်လမ်း(ရန်ကုန်-နေပြည်တော်အပိုင်း) မိုင်တိုင်အမှတ် (၃၇/၁)နှင့် (၃၇/၂) အကြားရှိ အရှည် ပေ ၂၄၀ စစ်ပင်ဆိပ်တံတား၊ မိုင်တိုင်အမှတ် (၃၈/၆) နှင့် (၃၈/၇)အကြားရှိ အရှည် ပေ ၄၇၀ ပဲခူးမြစ်ကူးတံတား၊ မိုင်တိုင်အမှတ် (၆၆/၇) နှင့် (၆၇/၀)အကြားရှိ အရှည် ပေ ၃၉၀ ကောလိယတံတားနှင့် မိုင်တိုင်အမှတ် (၈၃/၅) နှင့် (၈၃/၆) အကြားရှိ အရှည် ပေ ၅၇၀ ရဲနွယ်တံတားများ၏ ရေလမ်းကြောင်းအခြေအနေ၊ တံတားကမ်းကပ်ခုံ ရေတိုက်စားမှုအား ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်မှုအခြေအနေ၊ တံတားတိုင်များ ရေတိုက်စားမှုမရှိစေရေး ကြိုတင်ကာကွယ် ထိန်းသိမ်းခြင်းလုပ်ငန်းစဉ်များနှင့် လက်ရှိတံတားအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ရဲနွယ်တံတားအနီး လမ်းစခန်းရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက ရန်ကုန် - မန္တလေးအမြန်လမ်းမကြီးပေါ်ရှိ ပေ ၁၈၀ နှင့်အထက် တံတားကြီးများအား တံတားဦးစီးဌာနမှ အဖွဲ့ လေးဖွဲ့ခွဲ၍ တာဝန်ပေးအပ်ထားရှိမှုနှင့် ကြိုတင်ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက မိုးဒဏ်ကြောင့် ပျက်စီးသွားသော လမ်းအပိုင်းများအား ပြုပြင်ထိန်းသိမ်းရန် တံတားများ၏ ကြံ့ခိုင်ရေးအပိုင်းကိုလည်း အမြဲမပြတ် စောင့်ကြပ်စစ်ဆေးပေးရန်နှင့် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မိုင်တိုင်အမှတ် (၁၁၄/၀) နှင့် (၁၁၄/၁) ကြားရှိ အရှည် ပေ ၅၄၀ ဖြူးချောင်းတံတားကြံ့ခိုင်မှုအခြေအနေကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၁၄၅/၁)နှင့် (၁၄၅/၃)အကြားရှိ အရှည် ပေ ၉၉၀ ခပေါင်းတံတား ကြံ့ခိုင်မှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မိုင်တိုင်အမှတ် (၁၆၅/၁) နှင့် (၁၆၅/၃) အကြားရှိ ဆွာချောင်းတံတားသို့ ရောက်ရှိရာ တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုနှင့် တာဝန်ခံအင်ဂျင်နီယာများက ဘေလီတံတားထိုးပြီး ခရီးသွားပြည်သူများ သွားလာရေးအဆင်ပြေစေရန် ဆောင်ရွက်ထားရှိမှု၊ ဘေလီတံတား၏ခံနိုင်ဝန်အတိုင်း အန္တရာယ်ကင်းစွာ ဖြတ်သန်းခွင့်ပြုပေးထားမှု၊ ရေကျသွားသည့်အတွက် ကြမ်းပြင်အနေအထားပေါ်မူတည်ပြီး တံတားတိုင်များတွင် ကျောက်ကြီးများချကာကွယ်ထိန်းသိမ်းထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုတို့အပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး တံတားအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း စာသင်ကျောင်းများတွင် ငလျင်အန္တရာယ်နှင့် ပတ်သက်သည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်

**ရန်ကုန် စက်တင်ဘာ ၁၁**

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP)တို့ ပူးပေါင်းပြီး ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခရိုင်အတွင်းရှိ စာသင်ကျောင်းများတွင် ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်သည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းရွှေက ပြောသည်။

ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာသင်ကျောင်းများတွင် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆောင်ရွက်သူများအတွက် နည်းပြသင်တန်းဖွင့်လှစ်ခြင်း အခမ်းအနားတွင် ညွှန်ကြားရေးမှူး ဦးဝင်းရွှေက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

ငလျင်ဘေးအန္တရာယ်နှင့် ပတ်သက်သည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တစ်ခုလျှင် စာသင်ကျောင်း ၂၅ ကျောင်း သတ်မှတ်ထားပြီး ခရိုင်လေးခရိုင်အတွက် စာသင်ကျောင်း ၁၀၀ ကျောင်း သတ်မှတ်ထားကြောင်းနှင့် မျက်မမြင်နှင့် မသန်စွမ်းကျောင်း ခုနစ်ကျောင်းကိုလည်း ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်သည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။ **သတင်း- မင်းသစ်(MNA)**

**ဓာတ်ပုံ-ရဲထွဋ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် စက်တင်ဘာ ၁၁**

ရန်ကုန်(ရွှေဈေး) ၉၉၁၀၀၀ - ၉၉၁၀၀၀

မန္တလေး(ရွှေဈေး) ၉၉၁၀၀၀ - ၉၉၁၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၈၅/၁၀၁၀ ကျပ်၊ | ၁၀၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၀၅/၁၀၃၀ ကျပ်၊ | ၁၁၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၉၅၅/၉၉၀ ကျပ်၊ | ၁၀၅၅/၁၀၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၉၅/၁၀၂၀ ကျပ်၊ | ၁၀၇၀/၁၀၇၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၈၀/၁၀၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၉၅/၁၀၂၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၉၄၄/၉၆၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၄၂.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၈၇.၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၄.၉၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၆.၉၈၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၂.၀၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၂၈၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၈၆.၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၆.၅၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၆.၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၈.၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957 — ၁၉၅၇ ခုနှစ် ဇူလိုင် ၁၈ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၁၊ ဖက်စ် ၀၁-၂၉၉၄၅၇

☆ **ရှေ့ဖုံးမှ**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး Dr.Luan Thyu Duong နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆက်အောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ဟနွိုင်းမြို့သို့ရောက်ရှိရာ ဗီယက်နမ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ခေတ္တဝန်ကြီး မစ္စတာ ငုယင်မန့်ဟုမ်၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့်ဇနီး၊ မြန်မာသံရုံးမှ တာဝန်ရှိသူများက ဟနွိုင်းမြို့ NoiBai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် ဟနွိုင်းမြို့ရှိ Daewoo Hotelသို့ ရောက်ရှိကြသည်။ **သတင်းစဉ်**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီးနှင့်တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။**

# NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများ၏ ခေါင်းဆောင်များ တတိယအကြိမ်အစည်းအဝေး လေးရက်ကြာကျင်းပ

**ချင်းမိုင် စက်တင်ဘာ ၁၁**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များ တတိယအကြိမ်အစည်းအဝေး (3rd NCA-S EAO Summit) ကို စက်တင်ဘာ ၈ ရက်မှ ၁၁ ရက်အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့မှ ခေါင်းဆောင်များနှင့် သက်ဆိုင်ရာကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များတွေ့ဆုံပွဲ စတုတ္ထနေ့တွင် သဘာပတိများအဖြစ် စောမူတူးစေးဖိုး၊ ယွက်ဆစ်နှင့် ကျာခွန်ဆာတို့က ဆောင်ရွက်ပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ကိစ္စရပ်များ တင်ပြခြင်းနှင့် ဆွေးနွေးခြင်း၊ NCA-S EAO ၏ လုပ်ငန်းလမ်းညွှန်ကိစ္စနှင့် NCA လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် မဟာမိတ်များ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ကရင်အမျိုးသားအစည်းအရုံး KNU ဥက္ကဋ္ဌ စောမူတူးစေးဖိုးက "ပြီးခဲ့တဲ့အစည်းအဝေး သုံးရက်မှာ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး အကြိတ်အနယ် ဆွေးနွေးခဲ့ကြတာကို ကျွန်တော့်အနေနဲ့ အများကြီးအားရမိတယ်။ သူ့အမြင်၊ ကိုယ့်အမြင် သဘောထားရပ်တည်ချက်မတူညီတာကို ဆွေးနွေးရင်း ဘုံဆုံးဖြတ်ချက်ထွက်လာအောင် ဆောင်ရွက်နိုင်ခဲ့တာကလည်း ကောင်းတဲ့လက္ခဏာလို့ ကျွန်တော်မြင်တယ်။ ဒီလိုမတူညီကွဲပြားမှုကို လက်တွေ့ကျကျ လက်ခံနိုင်ခြင်းက ညီညွတ်မှုဖြစ်စေတာဟာ ကျွန်တော်တို့မူဖြစ်ပါတယ်။ ကျွန်တော်တို့အချင်းချင်းကြားထဲမှာ ညီညွတ်နေမယ်ဆိုရင် ကျွန်တော်တို့ မျှော်မှန်းထားတဲ့ ရေရှည်တည်မြဲခိုင်မာတဲ့ ငြိမ်းချမ်းရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီးကို ရရှိအောင် ကြိုးပမ်းကြတဲ့နေရာမှာ အများကြီး လွယ်ကူသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ ညှိနှိုင်းဆွေးနွေးတဲ့နေရာမှာ သဘောထားကြီးမှု၊ အမြင်ကျယ်မှုနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အခြေခံတဲ့စိတ်ဓာတ် မွေးမြူကြဖို့လိုပါတယ်။ လက်ရှိမှာ stateholder အချင်းချင်းကြားမှာ မတူညီတဲ့ အခြေခံနားလည်မှုနဲ့ နက်ရှိုင်းတဲ့ကွာဟမှု ရှိနေတယ်ဆိုတာလည်း သုံးရက်လုံးလုံး ဆွေးနွေးခဲ့ပါတယ်။ လက်ရှိအနေအထားမှာ နိုင်ငံရေးရပ်ဝန်းဆိုင်ရာ သဘောတူညီမှုမရှိလို့ နိုင်ငံရေးဆွေးနွေးတဲ့အခါ တုံ့ဆိုင်းတဲ့အခက်အခဲကို တွေ့ရတယ်ဆိုတာ အားလုံးသိကြပြီလို့ ပြောချင်ပါတယ်။ ဒီလိုအရာတွေကို ဘယ်လိုအကောင်အထည်ဖော်သွားကြမယ်ဆိုတာကို အတူတကွ ကြိုးစားပြင်ဆင်ကြရင်း ဒီနေ့မှာ ဆက်လက်ဆွေးနွေးကြမယ့်အကြောင်းအရာကို သဘောထားကြီးကြီး အမြင်ကျယ်ကျယ်နဲ့ ဆက်လက်ဆွေးနွေးကြပါ" ဟု အစည်းအဝေး စတုတ္ထနေ့ အဖွင့်မိန့်ခွန်းတွင်ပြောကြားခဲ့သည်။

လေးရက်ကြာကျင်းပခဲ့သည့် အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးနှင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် (Framework for Political Dialogue) ပြန်လည်သုံးသပ်ခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီကိစ္စရပ်များ၊ အလွတ်သဘော ဆွေးနွေးမှုဆိုင်ရာကိစ္စရပ်များ အပါအဝင် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ရှေ့ဆက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးအပြီး စောမူတူးစေးဖိုးက "NCA လမ်းကြောင်းမှာ ကျွန်တော်တို့ ၁၀ ဖွဲ့ ဖြစ်လာပါပြီ။ အခု

**NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များ တတိယအကြိမ်အစည်းအဝေး စတုတ္ထနေ့တွင် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုး အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားစဉ်။**

Summit မှာ ရှေ့ကိုဘယ်လိုသွားကြမယ်။ သဘောထားတွေ ဘယ်လိုညှိကြမယ်ဆိုတာကို ဆုံးဖြတ်ချက်တွေ၊ သဘောထားတွေ၊ မှတ်တမ်းတွေ တစ်ဆင့်ပြီးတစ်ဆင့်ရတာကို တွေ့ရတဲ့အတွက် အများကြီးအားတက်မိပါတယ်။ ကျွန်တော်တို့ ၁၀ ဖွဲ့ က NCA လမ်းကြောင်းအတိုင်း ဥမကွဲသိုက်မပျက်၊ သဘောထားကြီးကြီး၊ အမြင်ကျယ်ကျယ်နဲ့ ညီညွတ်မှုကို အခြေခံပြီး ရည်မှန်းထားတဲ့ ပန်းတိုင်ဖြစ်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကို သွားကြဖို့ ကျွန်တော်တောင်းဆိုပါတယ်။ ကျွန်တော်တို့ လူမျိုးစုတွေဟာ ဒီတိုင်းပြည်ကြီးက ခွဲထွက်ဖို့ သဘောထား၊ ဆန္ဒလုံးဝမရှိပါဘူး။ ပင်လုံစာချုပ်မှာ ဗိုလ်ချုပ်အောင်ဆန်းက ဗမာတွေနဲ့ ပေါင်းကြည့်ပါ။ ပေါင်းပြီး မကြိုက်ရင် ခွဲထွက်ပါလို့ ၁၉၄၇ ပင်လုံစာချုပ်မှာ ရေးဆွဲထားပေမယ့် ကျွန်တော်တို့က စစ်မှန်တဲ့ဖက်ဒရယ်ရဖို့ တောင်ကြီးမှာ ဆွေးနွေးကြတယ်။ တောင်ကြီးဆွေးနွေးချက်ကို ဖတ်ကြည့်ပါ။ ပြည်ထောင်စုမပြိုကွဲရေး၊ ပြည်ထောင်စု စစ်စစ်ဖြစ်လာရေးကိုပဲ မျှော်မှန်းပြီး လှုပ်ရှားခဲ့ပါတယ်။

အဲဒါကျွန်တော်တို့ လူမျိုးစုတွေရဲ့ သဘောထားပါပဲ။ ဒီနေ့အထိလည်း ဒါပါပဲ"ဟု နိဂုံးချုပ်စကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

စက်တင်ဘာ ၈ ရက်နေ့မှ စတင်ကာ လေးရက်တာ ကျင်းပခဲ့သည့် NCA လက်မှတ်ထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တတိယအကြိမ် ခေါင်းဆောင်များတွေ့ဆုံသည့် အစည်းအဝေးသို့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့မှ ကိုယ်စားလှယ် ၄၉ ဦး တက်ရောက်ခဲ့ကြသည်။

ယနေ့အစည်းအဝေးအပြီးတွင် အချက်ငါးချက်ပါဝင်သော ထုတ်ပြန်ကြေညာချက်တစ်စောင်ကို ထုတ်ပြန်နိုင်ခဲ့သည်။

ထုတ်ပြန်ကြေညာချက်တွင် လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်တွင် ဖြစ်ပေါ်နေသော တစ်ဆို့နေမှုများကို အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ သက်ဆိုင်ရာ ခေါင်းဆောင်များအကြား အမြန်ဆုံးတွေ့ဆုံ၍ နိုင်ငံရေးသဘောတူညီချက်တစ်ခု ချမှတ်ရန် လိုအပ်နေကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ခေါင်းဆောင်အဖြစ် စောမူတူးစေးဖိုးကို ရွေးချယ်တင်မြှောက်၍ ဒုတိယခေါင်းဆောင်နှင့်အဖွဲ့ဝင်များကို ရွေးချယ်ခဲ့ကြောင်း၊ မကြာမီက NCA လက်မှတ်ထိုးထားသည့် မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) တို့သည် ငြိမ်းချမ်းရေး အကောင်အထည်ဖော်ဖက်များ (PPST+2) အဖြစ် ပါဝင်မည်ဖြစ်ကြောင်း။

အမျိုးသားပြန်လည်သင့်မြတ်ရေးကို အခြေခံ၍ အနာဂတ်မြန်မာနိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ဘုံသဘောတူညီချက်နှင့် ရည်မှန်းချက်များကို NCA လက်မှတ်ထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြားသော်လည်းကောင်း၊ NCA လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြားတွင်သော်လည်းကောင်း ညှိနှိုင်းအဖြေရှာမည်ဖြစ်ပြီး လက်နက်ကိုင်အဖွဲ့အစည်းအားလုံးပါဝင်နိုင်သော ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲကျင်းပနိုင်ရေးအတွက် PPST မှ ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပါရှိသည်။

ထို့ပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်မှု ပိုမိုအားကောင်းလာနိုင်စေရန်အတွက် ၂၀၁၈ ခုနှစ် ဇူလိုင် ၂၃ ရက်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် NCA လက်မှတ်ထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များအကြား ဆွေးနွေးတင်ပြခဲ့သည့် (၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံအစည်းအဝေးများ ဆက်လက်ကျင်းပနိုင်ရေး၊ (၂) နိုင်ငံရေးဆွေးနွေးမှုတွင် ပြည်ထောင်စုမှ ခွဲမထွက်ရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ အမျိုးသားတန်းတူရေး၊ လူနည်းစုအခွင့်အရေး၊ ပြည်နယ်စုဖွဲ့မှု စသည့် ဖက်ဒရယ်မူ ချမှတ်နိုင်ရေးဆိုင်ရာကိစ္စနှင့် ပြည်ထောင်စုတပ်မတော်ဆိုင်ရာကိစ္စ၊ (၃) ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ရှင်းလင်းလွယ်ကူစွာချမှတ်နိုင်မည့် နိုင်ငံရေးဆွေးနွေးမှုပုံစံများ ရှာဖွေရေးကိစ္စ၊ (၄) အလုပ်အဖွဲ့များ၊ ကော်မတီများနှင့် ဆုံးဖြတ်ရန် မပြီးပြတ်သည့်ကိစ္စရပ်များကို သက်ဆိုင်ရာ ဆုံးဖြတ်နိုင်သည့် ခေါင်းဆောင်များအကြား ဆုံးဖြတ်ပေးနိုင်ရေးကိစ္စ၊ (၅) လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွင် ကျန်ရှိနေသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိစ္စတို့နှင့်အတူ အစုအဖွဲ့များအကြားရှိနေသော နက်ရှိုင်းသည့် ကွာဟချက်များနှင့် ပတ်သက်၍ PPST+2 မှ အစိုးရ၊ တပ်မတော်ခေါင်းဆောင်များနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်မည်ဟူသည့် အချက်များပါရှိသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-အောင်အောင်(ချင်းမိုင်)**

# မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်

**ရန်ကုန် စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အလုပ်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို စက်တင်ဘာ ၉ ရက်က တည်းကုန်းရှိ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်၌ ကျင်းပသည်။

ရွေးချယ်တင်မြှောက်ပွဲသို့ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်အလုပ်အမှုဆောင်များ၊ ရွေးချယ်တင်မြှောက်ပွဲကြီးကြပ်မှုကော်မရှင်မှ အဖွဲ့ဝင်များဖြစ်သော ဦးစိုးသိမ်း၊ ဦးဘန်နီတင်အောင်၊ ဦးစိုးဝင်း၊ ဦးရဲထွဋ်မှူးတင်တို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ ယင်းအခမ်းအနားတွင် ဆန္ဒမဲပေးခွင့်ရှိသည့် မဲဆန္ဒရှင်ဦးရေ စုစုပေါင်း ၁၁၁၅ ဦးက မဲပေးရွေးချယ်ခဲ့သည်။ **ဖိုးသော်ဇင်**

❍ ကျောဖုံးမှ

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် လိယွမ်အစိုးရဧည့်ဂေဟာသို့ ရောက်ရှိကြသည်။

**ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များဆွေးနွေး**

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Chen Wu အား လိယွမ်အစိုးရဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်အကြား စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ ကုန်သွယ်မှုနှင့် ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်သွားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးသက်နောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မတီအတွင်းရေးမှူး H.E. Mr. Huang Shiyong က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါ်လစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် ဒုတိယဝန်ကြီးချုပ် H.E. Mr. Han Zheng ဦးဆောင်သည့်အဖွဲ့နှင့် လိယွမ်အစိုးရဧည့်ဂေဟာ၌ တွေ့ဆုံသည်။

**ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ တိုးမြှင့်ဆောင်ရွက်ရေး စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များနှင့် ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးသက်နောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယသမ္မတသည် လိယွမ်အစိုးရဧည့်ဂေဟာဝင်းအတွင်း ကျင်းပသည့် တရုတ်-အာဆီယံ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (၁၅)နှစ်မြောက် အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်၍ အထိမ်းအမှတ်သစ်ပင်ကို စိုက်ပျိုးပေးသည်။

ညပိုင်းတွင် ဒုတိယသမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Han Zheng တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် အာဆီယံယဉ်ကျေးမှုဥယျာဉ်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

**သတင်းစဉ်**

ဒုတိယသမ္မတ ဦးမြင့်ဆွေ အာဆီယံယဉ်ကျေးမှုဥယျာဉ်အတွင်း ကြည့်ရှုလေ့လာစဉ်။

✻ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူမှ

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ဝင် ပုဂ္ဂလိကအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပျက်စီးဆုံးရှုံးခဲ့ရ**

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့အစည်းအဝေးသည် ယခုနောက်ပိုင်းကာလများတွင် နှစ်စဉ်လိုလို ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် ပတ်သက်၍ မိမိတို့၏အခြေခံစီးပွားရေးဖြစ်သည့် လယ်ယာကဏ္ဍထုတ်လုပ်မှုများတိုက်ရိုက်ထိခိုက်ဆုံးရှုံးနေသည့်အတွက် ပြန်လည်ကုစားပေးနိုင်ရန်နှင့် ထိရောက်စွာ ကူညီဖြည့်ဆည်းထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်ပြုလုပ်ခြင်း ဖြစ်ပါကြောင်း။

၂၀၁၈ ခုနှစ်အတွင်းတွင် သဘာဝဘေးအန္တရာယ်များကြောင့် နိုင်ငံနှင့်အဝှမ်းတွင် ယနေ့ထိ သီးနှံမျိုးစုံ ဧကခြောက်သိန်းကျော် ပျက်စီးဆုံးရှုံးခဲ့ရပြီး မိုးစပါးသီးနှံ ဧကလေးသိန်းနီးပါး ပျက်စီးဆုံးရှုံးခဲ့ရသည်ကို တွေ့ရှိရပါကြောင်း။

**ဆန်းစစ်အဖြေရှာ**

နိုင်ငံတော်အနေဖြင့် ရေကြီးနစ်မြုပ်ပျက်စီးသွားသော လယ်ဧကများကို အချိန်မီပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရန် မျိုးစပါးများ၊ ရေနစ်မြုပ်ခံရသဖြင့် ထိခိုက်သွားသည့် စပါးခင်းများကို ပြန်လည်ကောင်းမွန်လာစေရန် လိုအပ်သော သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာများနှင့် စိုက်ပျိုးစရိတ်အတွက် ထောက်ပံ့ငွေများကို ဘီလီယံနှင့်ချီပြီး အချိန်မီရရှိအောင် စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အသင်းအဖွဲ့များကလည်း မျိုးစပါးများနှင့် ဓာတ်မြေဩဇာများကို တတ်နိုင်သလောက် ကူညီပံ့ပိုးပေးနေသည်ကို တွေ့ရှိနေရသော်လည်း အလုံးစုံပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်ခြင်း မရှိပါကြောင်း။

ထို့ကြောင့် သဘာဝဘေးအန္တရာယ်ဖြစ်လာမှ ကူညီထောက်ပံ့နေမည့်အစား သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို ဖြည့်ဆည်းထောက်ပံ့ပေးနိုင်သည့်၊ ရေရှည်တည်တံ့သည့် စနစ်တစ်ခု သို့မဟုတ် အစီအစဉ်တစ်ရပ်ကို ဝိုင်းဝန်းဆွေးနွေး အဖြေရှာကြရန် ပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှလည်း ယခု ကိစ္စနှင့်ပတ်သက်ပြီး အကြံပြုတင်ပြထားမှုများရှိပါကြောင်း။

စိုက်ပျိုးစရိတ်ချေးငွေပမာဏနှင့် ပေးဆပ်ရမည့်ကာလတို့ကို ပြန်လည်သုံးသပ်ခြင်း၊ ရာသီဥတုကိုအခြေခံသည့် သီးနှံအာမခံစနစ်ကို အကောင်အထည်ဖော်ပေးခြင်း၊ အစိုးရ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ ဝိုင်းဝန်းမတည်ပြီး လည်ပတ်ရန်ပုံငွေတစ်ရပ် ထူထောင်ပေးခြင်း အပါအဝင် ဖြစ်နိုင်ခြေရှိသည့်နည်းလမ်းများကို ဆန်းစစ်အဖြေရှာပေးကြရန်နှင့် ပြည်ထောင်စုအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ ပါဝင်ရန် လိုအပ်သည့် အခန်းကဏ္ဍများစသည်ဖြင့် သတ်မှတ်ဆောင်ရွက်နိုင်ရေးကို ဆွေးနွေးပေးစေလိုပါကြောင်း။

**အမြန်ဆုံးအကောင်အထည်ဖော်**

ထုတ်ပြန်ပြီးဖြစ်သည့် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၏ ရည်ရွယ်ချက်တွင်လည်း **“သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံး ထိခိုက်နစ်နာမှုများအတွက် ကူညီထောက်ပံ့မှုများကို အတတ်နိုင်ဆုံး အထောက်အကူပြုပံ့ပိုးရန်”**ဟု အတိအလင်း ပြဋ္ဌာန်းထားသည်နှင့်အညီ ယနေ့အစည်းအဝေးတွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးတိုင်ပင်ကြရန်နှင့် ဆွေးနွေးချက်ရလဒ်များအပေါ် အထိရောက်ဆုံးနှင့် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပျက်စီးသွားသည့် လယ်ယာမြေများကို အချိန်မီပြန်လည်အစားထိုး စိုက်ပျိုးနိုင်ရေးအတွက် စက်မှုလယ်ယာစခန်းများမှ ထွန်စက်များဖြင့် ကန်သင်းပြန်လည်ဖော်ခြင်း၊ မြေညှိပြုပြင်ခြင်း၊ သဲဖုံးလယ်ယာမြေများတွင် သဲနုန်းဖယ်ရှားခြင်း၊ ရွံ့နွံများထူထပ်စွာ ဖုံးလွှမ်းခံရပြီး ထွန်ရေးဝင်မရလောက်အောင် မြေကျွံသွားသည့် စိုက်ပျိုးမြေများကို စိုက်ပျိုးမြေပြန်လည်ဖော်ထုတ်ခြင်း၊ ထွန်ယက်မြေပြင်ခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီစီမံဆောင်ရွက်ပေးနေမှု၊ သီးနှံများအချိန်မီ ပြန်လည် အစားထိုးစိုက်ပျိုးနိုင်ရေးအတွက် အဓိကဖြစ်သည့် မျိုးစပါးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အရန်မျိုးစပါးများ စုဆောင်းထားရှိမှုနှင့် ထောက်ပံ့ပေးအပ်ခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ကြိုတင်ပြင်ဆင်**

ဆက်လက်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးတို့က သဘာဝဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ဝန်ကြီးဌာနအလိုက် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေ၊ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရန် အဖွဲ့အစည်းများစနစ်တကျဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ ကြိုတင်ပြင်ဆင်ထားရှိမှု၊ အလျင်အမြန် တုံ့ပြန်နိုင်ရန်နှင့် အမြန်ဆုံး ပြန်လည်ထူထောင်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ ဥပဒေ၊ နည်းဥပဒေနှင့် တည်မြဲအမိန့်များ ပြဋ္ဌာန်းထုတ်ပြန်ထားရှိမှု၊ အရေးပေါ်ရန်ပုံငွေနှင့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေအခြေအနေ၊ သဘာဝဘေးအန္တရာယ်ကြောင့် စိုက်ပျိုးရေးဆိုင်ရာ ထိခိုက်ပျက်စီးမှုများကူညီဖြည့်ဆည်းပေးနိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာအကြီးအကဲများက သဘာဝဘေးအန္တရာယ်ကြောင့် စိုက်ပျိုးရေးဆိုင်ရာထိခိုက်ပျက်စီးမှုများ ကူညီဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရာတွင် တွေ့ရှိရသည့် အားနည်းချက်၊ အားသာချက်များနှင့် အကြံပြုချက်များကိုလည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးများက တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နေမှု၊ စိုက်ပျိုးရေးဆိုင်ရာ ထိခိုက်ပျက်စီးမှုများနှင့် ကူညီဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်နေမှု အခြေအနေ၊ လိုအပ်ချက်နှင့် အခက်အခဲများကိုလည်းကောင်း၊ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်နှင့် မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက်တို့မှ တာဝန်ရှိသူများက ရေကြီးနစ်မြုပ်လယ်များ ပျက်စီးမှုနှင့်စပ်လျဉ်း၍ အကြံပြုချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးရာ ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် စိုက်ပျိုးတောင်သူများအနေဖြင့် မိမိကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများရှိခဲ့သော်လည်း နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှု ပမာဏကို ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ပြန်လည်စိုက်ပျိုးရာတွင် စပါးကို တတ်နိုင်သမျှစိုက်ပျိုးပြီး အခြေအနေမပေးမှသာ အခြားသီးနှံအစားထိုး စိုက်ပျိုးခြင်းအား ဆောင်ရွက်စေလိုကြောင်း၊ စိုက်ပျိုးရေးဆိုင်ရာထိခိုက်ပျက်စီးမှုများအပေါ် ဖြည့်ဆည်းပေးနိုင်ရေးအတွက် လိုအပ်သောဓာတ်မြေဩဇာ၊ စက်သုံးဆီနှင့် စက်ယန္တရားများကို စိုက်ပျိုးရာသီအမီ စီစဉ်ဆောင်ရွက်ပေးသွားရန် မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး
ဒေါက်တာအောင်သူ

ပြည်ထောင်စုဝန်ကြီး
ဦးဝင်းခိုင်

ပြည်ထောင်စုဝန်ကြီး
ဒေါက်တာဝင်းမြတ်အေး

ပြည်ထောင်စုရှေ့နေချုပ်
ဦးထွန်းထွန်းဦး

## ဟံသာဝတီအသင်းက ရန်ကုန်အသင်းကို အနိုင်ရပြီး တတိယနေရာရောက်လာ

**ရန်ကုန် စက်တင်ဘာ ၁၁**

ရာသီဥတုကြောင့် ပထမပိုင်းအပြီးတွင် ပွဲရပ်နားခဲ့ရသည့် MNL ပွဲစဉ်(၁၃)မှ ရန်ကုန်အသင်းနှင့် ဟံသာဝတီအသင်းတို့၏ လက်ကျန် ဒုတိယပိုင်း ၄၅ မိနစ်ကို ယနေ့ညနေပိုင်းက ရန်ကုန်အသင်း၏ အိမ်ကွင်းဖြစ်သော YUSC ကွင်း၌ ပြန်လည်ကျင်းပရာ ဟံသာဝတီအသင်းက ရန်ကုန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

ဟံသာဝတီအသင်းသည် ယခင်ကစားခဲ့သည့် ပထမပိုင်း ၄၂ မိနစ်တွင် မတ်ခ်ဆာကီသွင်းယူသည့်ဂိုးဖြင့် အနိုင်ရနေပြီး ယခုပွဲတွင် နှစ်သင်းစလုံး ဂိုးထပ်မသွင်းနိုင်သောကြောင့် ဟံသာဝတီအသင်းက အဝေးကွင်း၌ အမှတ်ပြည့်ရခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီအသင်းမှာမူ ယခုပွဲအနိုင်ရလဒ်ကြောင့် တတိယနေရာအထိ တက်လှမ်းလာပြီး ရန်ကုန်အသင်းသည် ယခုပွဲရှုံးနိမ့်ခဲ့သောကြောင့် ဒုတိယနေရာမှ ရှမ်းယူနိုက်တက်အသင်းနှင့် တစ်မှတ်သာ ကွာဟသည်။

**ရှိုင်းထက်ဇော်**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ ကျင်းပ

# ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းတစ်ရပ်လုံးကို ပြည်ထောင်စုလွှတ်တော်က အတည်ပြု

**နေပြည်တော် စက်တင်ဘာ ၁၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ ဥပဒေအကြောင်းအရာများ စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးလင်းတို့က တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုနိုင်ရန် အဆိုတင်သွင်းကြရာ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းကြပြီး လွှတ်တော်၏ သဘောထားဆန္ဒကို ရယူအတည်ပြုကြသည်။

ထို့နောက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ ဥပဒေအကြောင်းအရာများ စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အဆိုပါဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော်က အတည်ပြုပေးရန် အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

## လျှပ်စစ်ဓာတ်အား ကွန်ရက်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ ချေးငွေရယူဆောင်ရွက်ခွင့်ပြုပါရန် ရှင်းလင်းတင်ပြ

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ လျှပ်စစ်ဓာတ်အား ကွန်ရက်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ အမေရိကန်ဒေါ်လာ ၂၉၈ ဒသမ ၉ သန်း ချေးငွေရယူရန် ကိစ္စနှင့်စပ်လျဉ်း၍ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်**က လျှပ်စစ်ဓာတ်အားကွန်ရက်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ဓာတ်အားစနစ်တည်ငြိမ်ရေး၊ ဓာတ်အားအရည်အသွေးကောင်းမွန်မှုကို အထောက်အပံ့ပေးနိုင်ရေး၊ ဓာတ်အားစနစ် မရောက်ရှိသေးသောဒေသများ ဓာတ်အားရရှိရေး၊ ဓာတ်အားရရှိပြီးဒေသများ ဓာတ်အားတိုးတက်သုံးစွဲနိုင်ရေးနှင့် အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်းကို အထောက်အပံ့ဖြစ်စေရေးတို့ကို ရည်ရွယ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အာရှဖွံ့ဖြိုးရေးဘဏ် (ADB)မှ ရယူမည့် ချေးငွေဆိုင်ရာ အချက်အလက်များမှာ ချေးငွေပမာဏ အမေရိကန်ဒေါ်လာ ၂၉၈ ဒသမ ၉ သန်း၊ စီမံကိန်းကာလ ၂၀၁၉ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ (၆နှစ်)ဖြစ်ပါကြောင်း၊ ချေးငွေသက်တမ်းမှာ ဆိုင်းငံ့ကာလ ၈ နှစ်နှင့် ပြန်ဆပ်ကာလ ၂၄ နှစ် စုစုပေါင်း ၃၂ နှစ် ဖြစ်ပြီး အတိုးနှုန်းမှာဆိုင်းငံ့ကာလအတွင်း ၁ ရာခိုင်နှုန်းနှင့် ပြန်ဆပ်ကာလအတွင်း ၁ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပြီး ADB မှ ယခင် ပေးအပ်ခဲ့သည့် ချေးငွေများအတိုင်း ဖြစ်ပါကြောင်း။

စီမံကိန်းခန့်မှန်းကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၃၀၈ ဒသမ ၉ သန်း ဖြစ်ပြီး ၎င်းပမာဏတွင် ADB မှ ချေးငွေ အမေရိကန်ဒေါ်လာ ၂၉၈ ဒသမ ၉ သန်း ပေးအပ်မည်ဖြစ်ကာ၊ နိုင်ငံတော်အစိုးရဘတ်ဂျက်မှ အမေရိကန်ဒေါ်လာ ၁၀ သန်းနှင့် ညီမျှသော မြန်မာကျပ်ငွေကို ကျခံသုံးစွဲရမည်ဖြစ်ပါကြောင်း၊ စီမံကိန်းတွင် ဓာတ်အားပို့လွှတ်ရေးအပိုင်းနှင့် ဓာတ်အားဖြန့်ဖြူးရေးအပိုင်းဟူ၍ နှစ်ပိုင်းပါဝင်ပြီး ဓာတ်အားပို့လွှတ်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၄၃ ဒသမ ၁၁ သန်း၊ ဓာတ်အားဖြန့်ဖြူးရေးအပိုင်းအတွက် အမေရိကန်ဒေါ်လာ ၉၈ ဒသမ ၉၄ သန်း၊ စီမံကိန်းအတိုင်ပင်ခံငှားရမ်းခြင်း အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄၈ သန်း၊ မမျှော်မှန်းနိုင်သောအသုံးစရိတ် အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၆၀ သန်းနှင့် စီမံကိန်းကာလအတွင်း အတိုး

တွဲဖက်အတွင်းရေးမှူး
ဒေါက်တာမြတ်ဉာဏစိုး

ဒုတိယဝန်ကြီး
ဒေါက်တာထွန်းနိုင်

အမေရိကန်ဒေါ်လာ ၇ ဒသမ ၇၇ သန်း တို့ကို ADB ချေးငွေရယူသွားမည်ဖြစ်ပြီး၊ လူမှုရေး သဘာဝပတ်ဝန်းကျင်နှင့် မြေရရှိရေးစရိတ်များနှင့် စီမံခန့်ခွဲမှုစရိတ်အတွက် စုစုပေါင်းကျသင့်မည့် ခန့်မှန်းအမေရိကန်ဒေါ်လာ ၁၀ သန်းနှင့် ညီမျှသော မြန်မာကျပ်ငွေကို နိုင်ငံတော်အစိုးရဘက်ဂျက်မှ ကျခံသုံးစွဲရမည်ဖြစ်ပါကြောင်း။

စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အစီအစဉ်အနေဖြင့် ဓာတ်အားပို့လွှတ်ရေးအပိုင်းတွင် ပါဝင်သည့် မော်လမြိုင်-ရေး- ထားဝယ် ၂၃၀ ကေဗွီ ဓာတ်အားလိုင်းကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအထိလည်းကောင်း၊ အလုံ-သီတာ ၂၃၀ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းကို ၂၀၁၉ ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် မတ်လအထိလည်းကောင်း ပြီးစီးရန်စီစဉ်ထားပါကြောင်း။

ဓာတ်အားဖြန့်ဖြူးမှုအပိုင်းကို ၂၀၁၉ ခုနှစ် ဧပြီလမှ ၂၀၂၅ ခုနှစ် ဇွန်လအထိလည်းကောင်း၊ ကွန်ပျူတာစနစ်သုံး ဓာတ်အားစနစ်စီမံခန့်ခွဲခြင်းနှင့် ဓာတ်အားခကောက်ခံခြင်းစနစ်ကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လမှ ၂၀၂၅ ခုနှစ် ဇွန်လအထိလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် လုပ်ငန်းအားလုံးအပြီးသတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်မှု အစီအမံများအနေဖြင့် အကောင်အထည်ဖော်မည့်ကာလ ၂၀၁၉ ခုနှစ် ဧပြီလမှ ၂၀၂၅ ခုနှစ် ဇွန်လ အထိ ၇၂ လတာ ကာလအတွင်း ဆောင်ရွက်ရန်ဖြစ်ပြီး ခန့်မှန်းပြီးစီးမည့်အချိန်မှာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအထိဖြစ်ပါကြောင်း။

တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အကောင်အထည်ဖော်မည့်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဧရာဝတီတိုင်းဒေသကြီးတွင် အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၄၆၁ သန်း သုံးစွဲ၍ အိမ်ထောင်စု ၈၄၈၅၀ ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး( အရှေ့ပိုင်း) တွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၃၂၁ သန်း သုံးစွဲ၍ အိမ်ထောင်စု ၄၁၀၀၂ ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး( အနောက်ပိုင်း)တွင် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၀၀၂ သန်းသုံးစွဲ၍ အိမ်ထောင်စု ၁၁၀၆၅၅ ကိုလည်းကောင်း၊ မွန်ပြည်နယ်တွင် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၇၃ သန်း သုံးစွဲ၍ အိမ်ထောင်စု ၄၂၇၅၇ ကိုလည်းကောင်း၊ ကရင်ပြည်နယ်တွင် အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၃၁၅ သန်းသုံးစွဲ၍ အိမ်ထောင်စု ၂၇၈၂၀ ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်တွင် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၉၉၂ သန်း သုံးစွဲ၍ အိမ်ထောင်စု ၃၆၆၉၄ ကိုလည်းကောင်း တိုးတက် ဓာတ်အားဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်ပါကြောင်း။

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ချေးငွေရယူ၍ လျှပ်စစ်ဓာတ်အားကွန်ရက်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်စီးပွားရေးမူဝါဒနှင့်အညီ အခြေခံစီးပွားရေးအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ လျှပ်စစ်နှင့် စွမ်းအင်မူဝါဒ မျှော်မှန်းချက်ဖြစ်သည့် နိုင်ငံတော်စီးပွားဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်စေပြီး တိုးမြင့်လာသော ပြည်တွင်းလျှပ်စစ်နှင့် စွမ်းအင် လိုအပ်ချက်များကို စဉ်ဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်သွားနိုင်မည်ဖြစ်ခြင်း၊ ဓာတ်အားစနစ်တည်ငြိမ်ပြီး ဓာတ်အားအရည်အသွေး ပိုမိုကောင်းမွန်ရေးကို အထောက်အပံ့ပေးနိုင်မည်ဖြစ်ခြင်း၊ ဓာတ်အားစနစ် မရောက်ရှိသေးသည့် ဒေသများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်သဖြင့် ဒေသအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ခြင်း စီမံကိန်းအကောင်အထည်ဖော်မည့်ဒေသရှိ ပြည်သူတို့၏ လူနေမှုဘဝပိုမိုတိုးတက်လာပြီး ဆက်စပ်ကဏ္ဍများ အားလုံးတိုးတက်ရေးကိုလည်း အထောက်အကူပြုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိလာမည်ဖြစ်သဖြင့် ADB ချေးငွေ အမေရိကန်ဒေါ်လာ ၂၉၈ ဒသမ ၉ သန်း ရယူဆောင်ရွက်ခွင့်ပြုပါရန် ရှင်းလင်းတင်ပြသည်။

## စီမံကိန်းကို ဓာတ်အားပို့လွှတ်ရေးအပိုင်းနှင့် ဓာတ်အားဖြန့်ဖြူးရေး အပိုင်းဟူ၍ အပိုင်းနှစ်ပိုင်းခွဲ ဆောင်ရွက်သွားမည်ဖြစ်

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**က စီမံကိန်းကို အဓိကတာဝန်ခံ၍ ဆောင်ရွက်မည့်ဌာနမှာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနဖြစ်ပြီး စီမံကိန်းကို ဓာတ်အားပို့လွှတ်ရေးအပိုင်းနှင့် ဓာတ်အားဖြန့်ဖြူးရေးအပိုင်းဟူ၍ အပိုင်းနှစ်ပိုင်းခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဇွန်လ ၃၀ ရက်အထိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ပြည်ပကြွေးမြီပေးဆပ်ရန် လက်ကျန်မှာ အမေရိကန်ဒေါ်လာ ၃၁၁၂ ဒသမ ၉၉၆ သန်း ဖြစ်ပါကြောင်း။

ချေးငွေများကို နောက်ဆုံးပေးဆပ်ရမည့်နှစ်မှာ ၂၀၅၀ ပြည့်နှစ်ဖြစ်ပြီး ဆိုင်းငံ့ကာလအတွင်း ထုတ်ယူသုံးစွဲမှု လျာထားချက်အရ တစ်နှစ်လျှင် အတိုး အမေရိကန်ဒေါ်လာ ၈ သိန်းမှ ၃ သန်းအထိ လည်းကောင်း၊ ဆိုင်းငံ့ကာလကုန်ဆုံးပါက နှစ်စဉ်အတိုး အမေရိကန် ဒေါ်လာ ၄ သန်းခန့်နှင့် အရင်း အမေရိကန်ဒေါ်လာ ၁၂ သန်းကျော်ခန့်တို့ကို ပေးဆပ်သွားရမည်ဖြစ်ပါကြောင်း၊ အချိန်စေ့ရောက်သည့်နှစ်အလိုက် အတိုး၊ အရင်း ပြန်လည်ပေးဆပ်ရာတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ၎င်း၏ တိုးတက်ရရှိလာသော ရငွေများကို သက်ဆိုင်ရာ ဘတ်ဂျက်သို့ နှစ်အလိုက်ပေးသွင်းပြီး ချေးငွေပေးဆပ်ရေးကိုလည်း နှစ်အလိုက် လျာထားသွားရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ ပြည်ပကြွေးမြီလက်ကျန် အခြေအနေမှာ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၂ ဘီလီယံ ခန့်ရှိပြီး ပြည်ပကြွေးမြီနှင့် ဂျီဒီပီ အချိုး ၁၅ ဒသမ ၄၅ ရာခိုင်နှုန်းခန့် ဖြစ်ပါကြောင်း၊ ကြွေးမြီခံနိုင်ရည်ရှိမှု အတိုင်းအတာအတွင်းရှိပါကြောင်း၊ ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ၊ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေ၊ ၂၀၁၇ ခုနှစ်ကာလ လက်ကျန်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒတို့နှင့် ကိုက်ညီမှုရှိပါကြောင်း၊ လျှပ်စစ်ဓာတ်အားကွန်ရက်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေအမေရိကန်ဒေါ်လာ ၂၉၈ ဒသမ ၉ သန်း ရယူနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုချက်ရယူပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ လျှပ်စစ်ဓာတ်အား ကွန်ရက်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ အမေရိကန်ဒေါ်လာ ၂၉၈ ဒသမ ၉ သန်း ချေးငွေရယူရန် ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာသည်။

**မင်းမင်းဇော်၊ မွေးကြူဇင်(သတင်းစဉ်)**

## မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံချက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် လစ်လပ်မဲဆန္ဒနယ်များတွင် ပါဝင်သည့် မြို့နယ်များ၌ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်းကို အခြေခံ၍ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပြုစုစိစစ်ခဲ့ပါသည်။ ပြုစုစိစစ်ပြီး မဲဆန္ဒရှင်စာရင်းကို ပထမအကြိမ်အဖြစ် ၉-၇-၂၀၁၈ ရက်နေ့မှ ၂၂-၇-၂၀၁၈ ရက်နေ့အထိ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ကပ်ထားကြေညာခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများကလည်း လိုအပ်သည့် တောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပါ မဲဆန္ဒရှင်စာရင်းများကို ၁-၁၀-၂၀၁၈ ရက်နေ့မှ ၁၄-၁၀-၂၀၁၈ ရက်နေ့အထိ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် နောက်ဆုံးအကြိမ် (နောက်ဆုံးအကြိမ်) အဖြစ် ၁၄ ရက်ကြာ ထပ်မံကပ်ထားကြေညာမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များက မဲစာရင်းလာရောက်ကြည့်ရှုမှသာ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိနိုင်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မဲဆန္ဒရှင်များအနေဖြင့် မဲဆန္ဒရှင်စာရင်းကို လာရောက်ကြည့်ရှုပြီး မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ ၃ ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ ၄ ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ ၄-က ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ဆောင်ရွက်စေလိုပါသည်။ လိုအပ်သော ပုံစံများကိုလည်း ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ (အခမဲ့) ရယူနိုင်ပါသည်။

၄။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲစာရင်း လာရောက်ကြည့်ရှုချိန်တွင် မိမိ၏ မဲစာရင်းအမှတ်စဉ်ကို မှတ်သားထားခြင်းအားဖြင့် ရွေးကောက်ပွဲနေ့ မဲရုံတွင်မဲလက်မှတ်ထုတ်ယူရာ၌ ပိုမိုမြန်ဆန်၍ အချိန်ကုန်သက်သာစေမည်ဖြစ်ပါသည်။

၅။ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်နှင့် ရွေးကောက်ပွဲနေ့တွင် လွယ်ကူစွာ မဲပေးနိုင်ရန်အတွက် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံး တစ်ဦး (မပျက်မကွက်) လာရောက်ကြည့်ရှုခြင်း၊ မိမိတို့၏ မဲစာရင်းအမှတ်စဉ်များကို မှတ်သားထားခြင်းတို့ဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၁**

**စစ်တောင်းမြစ်**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ်**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက် တည်ရှိနိုင်သဖြင့် မဒေါက်မြို့နှင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။

**မိုး/ဇလ**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘော်လခဲနှင့် ဖရူဆိုတပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဘော်လခဲတပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုများနှင့် ဖရူဆိုတပ်နယ်ရှိ တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းမှ နည်းပြအရာရှိ၊ စစ်သည်များ၊ သင်တန်းသားအရာရှိ၊ စစ်သည်များနှင့် နယ်ခြားစောင့်တပ်မှ သင်တန်းသားစစ်သည်များအား ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် သီးခြားစီတွေ့ဆုံ အမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲများသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လင်းအောင်၊ တပ်နယ်များမှ အရာရှိ၊ စစ်သည် မိသားစုများ၊ သင်တန်းနည်းပြအရာရှိ၊ စစ်သည်များ၊ သင်တန်းသားအရာရှိ၊ စစ်သည်များနှင့် နယ်ခြားစောင့်တပ်မှ သင်တန်းသားစစ်သည်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲများ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ ဒေသတိုင်းတွင် တိုင်းရင်းသားလူမျိုးစု တစ်ခုတည်းသာ နေထိုင်သည် မဟုတ်ဘဲ အားလုံးပေါင်းစည်းနေထိုင်ကြကြောင်း၊ တိုင်းရင်းသားလူမျိုးစု တစ်ခုတည်းကိုသာ အခွင့်အရေးပေးထားသည့်နေရာများမရှိဘဲ အားလုံးတန်းတူအခွင့်အရေးရရှိအောင် ဆောင်ရွက်ပေးထားပြီး တိုင်းရင်းသားရေးအရ ခွဲခြားမှုမရှိကြောင်း၊ ထာဝရငြိမ်းချမ်းရေး ရရှိစေရန်အတွက် ဆောင်ရွက်ရာတွင် ပြည်သူနှင့် တပ်မတော် တစ်သားတည်းရှိနေစေရန်၊ ပြည်သူက တပ်မတော်အပေါ် အားကိုးအားထားရှိနေစေရန်နှင့် ယုံကြည်မှုရှိနေစေရန် မိမိတို့သက်ဆိုင်ရာနယ်မြေများအလိုက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်၏ အဓိကလုပ်ငန်းတာဝန်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များ ဖြစ်သည့်အားလျော်စွာ ပြည်သူများ၏ လိုအပ်ချက်ဖြစ်သည့် ပညာရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး စသည့်အကျိုးပြုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေခြင်းဖြင့် ပြည်သူများက မိမိတို့တပ်မတော်သားများအား ယုံကြည်အားကိုးလာမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရင်း မိမိတို့တပ်များ၏ စွမ်းရည်ကိုလည်း မြှင့်တင်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း ပြောကြားသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖရူဆိုတပ်နယ်ရှိ အရာရှိ စစ်သည်နှင့် သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

ထို့နောက် နိုင်ငံတစ်ခုကို တည်ဆောက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ပြည်သူကို အာမခံချက်ပေးရကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအား နိုင်ငံသားအားလုံး၏ အများဆန္ဒနှင့်အညီ အတည်ပြုခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှု စသည့် အချက်များအား အာမခံချက် ခိုင်ခိုင်မာမာရှိနေအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့်တပ်မတော်သည် ဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်ဖြစ်ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်မှုမရှိသူများအား အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်သားများသည် ပြည်သူကြားမှ ပေါက်ဖွားလာသူများဖြစ်ပြီး ပြည်သူများ၏ အစိတ်အပိုင်းတစ်ခုဖြစ်သဖြင့် ပြည်သူများအတွက် ထုတ်ပြန်ထားသည့် ဥပဒေများအား လေးစားလိုက်နာရသကဲ့သို့ စစ်ဘက်ဆိုင်ရာ စည်းမျဉ်း၊ ဥပဒေများကိုလည်း လေးစားလိုက်နာရကြောင်း၊ စည်းကမ်းသည် တပ်မတော်၏ ကျောရိုးမဏ္ဍိုင်ဆိုသည့်အတိုင်း စည်းကမ်းဖြင့်သာ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော်သားတိုင်း စစ်စည်းကမ်း ကောင်းမွန်ရန်လိုအပ်ကြောင်း၊ စည်းကမ်းဆိုသည်မှာ တိုက်တွန်းချက်၊ တားမြစ်ချက်ပင်ဖြစ်ပြီး စည်းကမ်းကို ဥပဒေဖြင့်ထိန်းချုပ်ထားကြောင်း၊ အခြေခံအကျဆုံးဖြစ်သည့် စစ်စည်းကမ်းသည် တပ်မတော်၏ အသက်သွေးကြောပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ တပ်မတော်သားများအနေဖြင့် စည်းကမ်းကောင်းသည့်သူများဖြစ်အောင် ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဘော်လခဲတပ်နယ်ရှိ အရာရှိ၊ စစ်သည်မိသားစုများ၊ ဖရူဆိုတပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုများနှင့် သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများအားပေးအပ်ရာ ဘော်လခဲတပ်နယ်မှူးနှင့် ဖရူဆိုတပ်နယ်ရှိ တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီးတို့က လက်ခံရယူသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက ဘော်လခဲတပ်နယ်နှင့် ဖရူဆိုတပ်နယ်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်အေးတို့က တပ်နယ်များမှ အရာရှိ၊ စစ်သည် မိသားစုများ၊ သင်တန်းသားအရာရှိ၊ စစ်သည်များနှင့် နယ်ခြားစောင့်တပ်မှအရာရှိ၊ စစ်သည်များအတွက် စားသောက်ဖွယ်ရာများ၊ အားကစားပစ္စည်းများနှင့် သုတရသစာအုပ်စာစောင်များအား အသီးသီးပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘော်လခဲတပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့သွားရောက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမျိုးသားကုသဆောင်တွင် တက်ရောက်ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှသည်လည်း အမျိုးသမီးဆောင်တွင် တက်ရောက်ကုသလျက်ရှိသည့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖရူဆိုတပ်နယ်ရှိ တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းရှိ သင်တန်းသား စားရိပ်သာ၌ သင်တန်းသားများနှင့် နေ့လယ်စာအား အတူတကွ သုံးဆောင်ခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# Myanmar Global Investment Forum ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ဟောင်ကောင်အခြေစိုက် Euromoney Institutional Investor(Asia)တို့ ပူးပေါင်း၍ Myanmar Global Investment Forum ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။**(ယာပုံ)**

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးဝင်းခိုင်၊ ဦးသန့်စင်မောင်၊ ဦးဟန်ဇော်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များ၊ Euromoney Institutional Investor(Asia)မှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Euromoney Institutional Investor (Asia)မှ အမှုဆောင်အရာရှိချုပ် Mr. Tony Shale က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အမှာစကားပြောကြားရာတွင် ပြည်သူဗဟိုပြုသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရရှိရန် ရည်ရွယ်ကာ မြန်မာအစိုးရအနေဖြင့် အမျိုးသားစီးပွားရေးမူဝါဒကို ၂၀၁၆ ခုနှစ်တွင် ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ၂၀၁၇ ခုနှစ် မတ် ၃၀ ရက်တွင် နည်းဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း။

အသစ်ရေးဆွဲပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေသည် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များကို ဖန်တီးပေးနိုင်ရန် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်လျက်ရှိပါကြောင်း၊ အစိုးရအနေဖြင့် ၎င်းတို့တာဝန်ယူခဲ့သည့် ၂၀၁၆ ခုနှစ်ကတည်းက အခြေခံအဆောက်အအုံများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးနှင့် လျှပ်စစ်ဓာတ်အားရရှိရေးတို့ကို ပြည်တွင်းလိုအပ်ချက်အတွက်သာမက ရင်းနှီးမြှုပ်နှံမှု အခန်းကဏ္ဍအတွက်ပါ အထောက်အပံ့ဖြစ်စေနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ပါကြောင်း ပြောကြားသည်။

အလားတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အထူးစီးပွားရေးအကြံပေးနှင့် Myanmar Development Institute မှ သုတေသန ဒါရိုက်တာ Dr. Sean Turnell က အမှာစကား ပြောကြားသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ၏ စီးပွားရေးအခြေခံအဆောက်အအုံကဏ္ဍခေါင်းစဉ်နှင့် ဘဏ်၊ ငွေကြေးဈေးကွက်၊ အာမခံအခန်းကဏ္ဍ၏ စိန်ခေါ်မှုအသစ်များ ခေါင်းစဉ်တို့ကို Euromoney Institutional Investor မှ Asia Bureau Chief Mr.Matthew Thomas က ဦးဆောင်၍ လည်းကောင်း၊ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းများခေါင်းစဉ်ကို Andaman Capital Partners မှ Managing Director Mr. Kevin Murphy က ဦးဆောင်၍လည်းကောင်း၊ ခေတ်မီစီးပွားရေးလုပ်ငန်းများအတွက် အသေးစားချေးငွေလည်ပတ်မှု ခေါင်းစဉ်ကို Euromoney မှ Mr. Jonathan Breen ကဦးဆောင်၍ လည်းကောင်း ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲနိုင်ခြင်းနှင့် ပြည်ပသို့တင်ပို့နိုင်သော အရည်အသွေးမီ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းခေါင်းစဉ်ကို The DaNa Facility – Empowering Enterprise မှ Senior Technical Advisor Mr.Peter Brimble က ဦးဆောင်၍ လည်းကောင်း၊ စွမ်းအင်အခန်းကဏ္ဍခေါင်းစဉ်ကို Andaman Capital Partners မှ Managing Director Mr.Kevin Murphy က ဦးဆောင်၍လည်းကောင်း ဆွေးနွေးကြသည်။

အဆိုပါဖိုရမ်ကို စက်တင်ဘာ ၁၁ ရက်နှင့် ၁၂ ရက် နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး ဖိုရမ်ဒုတိယနေ့ ဆွေးနွေးပွဲများတွင် ဘဏ္ဍာရေးအရင်းအမြစ်နှင့် ဈေးကွက်အခွင့်အလမ်းများ၊ မြန်မာနိုင်ငံ၏ ခရီးသွားအခန်းကဏ္ဍ၊ ပညာရေးအခန်းကဏ္ဍ ခေါင်းစဉ်များဖြင့် ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၁**

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် စပ်လျဉ်း၍ ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကော်မတီ အစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် လွှတ်တော်ဝင်းအတွင်းရှိ ဇမ္ဗူသီရိအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌများ၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က အဖွင့်အမှာစကား ပြောကြားရာတွင် ဖွံ့ဖြိုးရေးရန်ပုံငွေလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်မှာ ငါးနှစ်ကျော် ခြောက်နှစ်ကာလသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ စတင်ဆောင်ရွက်စဉ်ကပင် နိုင်ငံတော်၏စီမံကိန်းကြီးများနှင့် တိုင်းဒေသကြီး၊ ပြည်နယ် စီမံကိန်းများတွင်မပါဝင်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းငယ် များကိုဆောင်ရွက်ရန် မူချမှတ်ခဲ့ပါကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့အကျိုးကို ဖော်ဆောင် နိုင်သောလုပ်ငန်းများကို နယ်မြေအတွင်း မျှတစွာ ရွေးချယ် ဆောင်ရွက်နိုင်ရန်နှင့် သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် ညီညွတ်အောင် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အခက်အခဲများရှိပါက နည်းလမ်းရှာဖွေဖြေရှင်းနိုင်ရန်အတွက် ပွင့်လင်းစွာ တင်ပြ စေလိုပါကြောင်း ပြောကြားသည်။

ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေနှင့် လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းထားချက်များကို ပြန်လည်သုံး သပ်ပြင်ဆင်ရေးဆောင်ရွက်သင့်ပါကြောင်း၊ ဖွံ့ဖြိုးရေး လုပ်ငန်းများအောင်မြင်စေရေး ခွင့်ပြုမိန့်ထုတ်ပြန်စဉ် ကပင် လိုအပ်သော ညွှန်ကြားချက်များ ရှင်းလင်းတိကျစွာ သတ်မှတ်၍ ခွင့်ပြုသင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အစည်းအဝေးသို့တက်ရောက်လာ သည့် ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် ပူးပေါင်းကော်မတီ ဝင်များကဆောင်ရွက်ခဲ့သည့် လုပ်ငန်းအတွေ့အကြုံများ အရ အားသာချက်၊ အားနည်းချက်များ၊ လက်ရှိအခြေအနေ နှင့် ကိုက်ညီသည့် ဖွံ့ဖြိုးမှု၊ လုပ်ငန်းတာဝန်များ အပါ အဝင် ဖွံ့ဖြိုးရေးရန်ပုံငွေဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း များကို ပြင်ဆင်သင့်သည်များကို ဆွေးနွေးခဲ့ကြသည်။

ဖွံ့ဖြိုးရေးဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ ကတင်ပြဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြားကာ နိဂုံးချုပ်စကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# နန်းယွန်းမြို့နယ် လန်သန်းကျေးရွာနှင့် ပေါ်ကွန်ကျေးရွာတို့တွင် သံသယရာသီတုပ်ကွေးရောဂါ အစုလိုက်ဖြစ်ပွား သေဆုံးမှုနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ တုံ့ပြန်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

နန်းယွန်းမြို့နယ် ရမ်စီကျေးလက်ကျန်းမာရေးဌာန ရှမ်ဟဲနတ်ညီ ကျေးလက်ကျန်းမာရေးဌာနခွဲအပိုင် လန်သန်းကျေးရွာတွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း လက္ခဏာများဖြင့် ကလေးများသေဆုံးခဲ့ကြောင်း သတင်းအရ နန်းယွန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာထွန်းထွန်းနိုင် ဦးဆောင်သောကွင်းဆင်းအဖွဲ့သည် ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၂ ရက်အထိ လည်းကောင်း၊ နန်းယွန်းမြို့နယ်မှ လက်ထောက်ကျန်းမာရေးမှူး ဦးမျိုးမြင့်သိန်း ဦးဆောင်သောအဖွဲ့သည် စက်တင်ဘာ ၃ ရက်မှ ၅ ရက်အထိ လည်းကောင်း ကွင်းဆင်းကုသခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းအဖွဲ့သည် ယာယီဆေးခန်းဖွင့်လှစ်၍ ဆေးကုသမှုပေးခြင်း၊ လူနာများနေထိုင်ရာ လန်သန်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိကျေးရွာ များသို့သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၅ ရက်မှ ၂၆ ရက်အထိ လန်သန်းကျေးရွာတွင် ရာသီတုပ်ကွေးရောဂါ၏ နောက်ဆက်တွဲ ပြင်းထန် အဆုတ်ရောင်ရောဂါ လက္ခဏာများဖြင့် ကလေးငယ် သုံးဦး သေဆုံးခဲ့ကြောင်း အတည်ပြုခဲ့ပြီး ကျေးရွာတွင် ရာသီတုပ်ကွေးရောဂါ လက္ခဏာရှိသူလူနာ ၆၄ ဦးအား ဆက်လက်ကုသပေးခဲ့ရာ အဆိုပါ ပြင်ပလူနာ များ၏ အသက်အုပ်စုမှာ အသက် သုံးလမှ အသက် ၅၀ နှစ်ထိဖြစ်ပြီး ယင်းလူနာများမှာ သက်သာပျောက်ကင်းသွားကြောင်း သိရှိရသည်။

ကွင်းဆင်းဆောင်ရွက်နေစဉ်အတွင်း ပြင်းထန် အဆုတ်ရောင်ရောဂါ ဖြစ်ပွားသော ကလေးလူနာများ ထပ်မံတွေ့ရှိသဖြင့် လဟယ်မြို့နယ် ပြည်သူ့ ဆေးရုံသို့ ကလေးငယ် တစ်ဦး၊ နန်းယွန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ကလေးငယ် နှစ်ဦး စုစုပေါင်း သုံးဦးတို့အား လွှဲပြောင်းကုသစေခဲ့ရာ ပြင်းထန်အဆုတ်ရောင် ရောဂါဖြင့် လဟယ်မြို့နယ်ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းကုသခဲ့သော အသက် တစ်နှစ် သုံးလအရွယ်ကလေးသည် စက်တင်ဘာ ၂ ရက်တွင် သေဆုံးခဲ့သည်။

ကွင်းဆင်းအဖွဲ့၏ တွေ့ရှိချက်အရ ယခုဖြစ်စဉ်တွင် သေဆုံးသူ ကလေးငယ်များမှာ အသက် ၂၈ ရက်မှ အသက် ၁၀ နှစ်အတွင်းရှိကာ ၎င်းတို့နေထိုင်ရာ ကျေးရွာများသည် ခက်ခဲဒေသများဖြစ်ကြောင်း တွေ့ရှိရပြီး အဆိုပါ ခက်ခဲဒေသများတွင် ၂၀၁၇ ခုနှစ်က ရမ်စီကျေးလက်ကျန်းမာရေးဌာန၊ ရှမ်ဟဲနတ်ညီကျေးလက်ကျန်းမာရေးဌာနခွဲအပိုင် လန်သန်းကျေးရွာရှိ အသက် လေးနှစ်အောက်ကလေး ၈၃ ဦးတွင် ဝါးချိုးဝက်ကာကွယ်ဆေး ပထမအကြိမ် တွင် ၇၉ ဦး (၉၆ ရာခိုင်နှုန်း)၊ ဒုတိယအကြိမ်တွင် ၂၇ ဦး (၃၃ ရာခိုင်နှုန်း) နှင့် ပေါ်ကွန်ကျေးရွာရှိ အသက် လေးနှစ်အောက်ကလေး ၁၀၇ ဦးတွင် ငါးမျိုးစပ်ကာကွယ်ဆေး ပထမအကြိမ်တွင် ၉၇ ဦး (၉၁ ရာခိုင်နှုန်း)နှင့် ဒုတိယအကြိမ်တွင် ၁၅ ဦး (၁၄ ရာခိုင်နှုန်း)သာ ကာကွယ်ဆေးထိုး လွှမ်းခြုံမှု ရရှိခဲ့ကြောင်း သိရသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကာကွယ်ဆေးထိုးအစီအစဉ် တွင်ပါဝင်သည့် ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေးနှင့် ငါးမျိုးစပ် ကာကွယ်ဆေးတို့ ထိုးနှံခြင်းမရှိပါက ရာသီတုပ်ကွေးရောဂါ၏ နောက်ဆက်တွဲ ပြင်းထန်အဆုတ်ရောင်ရောဂါ ဖြစ်ပွားနိုင်ကြောင်း သုံးသပ်ရရှိပြီး ရောဂါ ဖြစ်ပွားလာချိန်တွင်လည်း လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်း၊ အချိန်မီ ထိရောက်သော ကုသမှုမရရှိခြင်း၊ ဆေးရုံ၊ ဆေးခန်းသို့လာရောက်၍ စနစ်တကျကုသ ခံယူမှုမရှိခဲ့ခြင်း၊ အာဟာရချို့တဲ့ခြင်း၊ ကျန်းမာရေးအသိပညာနည်းပါးခြင်းနှင့် အိမ်တွင်းမီးခိုးများကြောင့် လေထုညစ်ညမ်းခြင်းတို့ကြောင့် ရောဂါပြင်းထန်ပြီး သေဆုံးခြင်းဖြစ်ကြောင်း သုံးသပ်ရရှိကာ ရောဂါအတည်ပြုနိုင်ရေးအတွက် ဓာတ်ခွဲနမူနာများ ရယူစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

လန်သန်းကျေးရွာအနီးပတ်ဝန်းကျင်ရှိ ပေါ်ကွန်ကျေးရွာတွင် စက်တင်ဘာ ၇ ရက်က အသက် တစ်လအရွယ် ကလေးငယ် တစ်ဦး ထပ်မံသေဆုံးကြောင်း သတင်းရရှိခဲ့သဖြင့် လန်သန်းကျေးရွာ၌ ကွင်းဆင်းလျက်ရှိသော ကွင်းဆင်း အဖွဲ့သည် ပေါ်ကွန်ကျေးရွာသို့သွားရောက်၍ ကလေးငယ်သေဆုံးရသည့် အကြောင်းအရင်းအား ဆန်းစစ်ခြင်း၊ ယာယီဆေးခန်းဖွင့်လှစ်ထားရှိပြီး ကွင်းဆင်းကုသမှုပေးခြင်း၊ လူနာသစ်ရှာဖွေခြင်း၊ ကျန်းမာရေးပညာပေးခြင်းနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အဒေးမိ ဖျားနာဖြစ်ပွားသူ လူနာများသာတွေ့ရှိရပြီး ပြင်းထန်အသက်ရှူလမ်းကြောင်း ဆိုင်ရာလက္ခဏာနှင့် သွေးယိုစီးမှုလက္ခဏာဖြစ်ပွားသူလူနာများ မတွေ့ရှိရ ကြောင်းနှင့် အဆိုပါကျေးရွာများတွင် ကြက်၊ ငှက်နှင့် တိရစ္ဆာန်များ ပုံမှန် မဟုတ်သော သေဆုံးမှုမရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၇ ရက်အထိ လန်သန်းကျေးရွာ မှ ကလေးငယ် လေးဦးနှင့် ပေါ်ကွန်ကျေးရွာမှ ကလေးငယ် တစ်ဦး စုစုပေါင်း ကလေးငါးဦးသည် ရာသီတုပ်ကွေး၏ နောက်ဆက်တွဲ ပြင်းထန်အဆုတ်ရောင် လက္ခဏာများဖြင့် သေဆုံးခဲ့ပြီး လန်သန်းကျေးရွာမှ နန်းယွန်းဆေးရုံသို့ လွှဲပြောင်းခဲ့သော လူနာကလေး နှစ်ဦးသည် နန်းယွန်းဆေးရုံတွင် ဆေးကုသမှု ခံယူလျက်ရှိပြီး အခြေအနေကောင်းမွန်လျက်ရှိသည်။ လူနာနှစ်ဦး၏ ဓာတ်ခွဲ နမူနာများအား Rapid Test Kit ဖြင့် ကနဦး ဓာတ်ခွဲစစ်ဆေးချက်များအရ သွေးလွန်တုပ်ကွေးရောဂါနှင့် တုပ်ကွေးရောဂါ မတွေ့ရှိသော်လည်း ဓာတ်ခွဲ နမူနာများယူ၍ ရောဂါအတည်ပြုစစ်ဆေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက် ရှိကြောင်းနှင့် ကလေးနှစ်ဦးအား လိုအပ်သောဆေးကုသမှုများ ပေးလျက် ရှိကြောင်း သိရှိရသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှု၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနတို့၏ အဓိကကပ်ကြပ်ကဲမှုတို့ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာကျော်သူဆွေ (အဖွဲ့ခေါင်းဆောင် ဆရာဝန်)၊ ဒေါက်တာသန္တာလွင်၊ ဒေသဆိုင်ရာ ပိုလီယိုပျောက်ရေးအရာရှိ ဦးဆောင်သောအဖွဲ့သည် ရောဂါဖြစ်ပွားရာကျေးရွာတွင် ရာသီတုပ်ကွေး ရောဂါအပါအဝင် လိုအပ်သော ဓာတ်ခွဲနမူနာများရယူ၍ ရောဂါသတ်မှတ်ချက် အတည်ပြုခြင်း၊ ကူးစက်ရောဂါဖြစ်ပွားမှုအား စောစီးစွာသိရှိပြီး ကာကွယ် ထိန်းချုပ်ခြင်း၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရောဂါ ကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန္တီးမြို့မှတစ်ဆင့် လန်သန်းကျေးရွာသို့ စက်တင်ဘာ ၉ ရက်တွင် ခရီးစတင်ထွက်ခွာသွားသော်လည်း လမ်းခရီးတွင် တောင်ပြို နေသဖြင့် ခန္တီးမြို့တွင် ညအိပ်စောင့်ဆိုင်းခဲ့ပြီး စက်တင်ဘာ ၁၀ ရက်တွင် လန်သန်းကျေးရွာသို့ ခရီးဆက်လက် ထွက်ခွာသွားသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုဖြင့် ဗဟိုကွင်းဆင်းအဖွဲ့သည် လိုအပ်သည့်ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လန်သန်းကျေးရွာ၊ ပေါ်ကွန်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ ကွင်းဆင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

### အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၈ ခုနှစ် ဇူလိုင်၊ ဩဂုတ်နှင့် စက်တင်ဘာလအတွင်း ရေဘေးဖြစ်ပွားမှုများအတွက် ထောက်ပံ့မှုစာရင်းချုပ် (၁၁-၉-၂၀၁၈)

| စဉ် | ဘေးဖြစ်ဒေသ | နေရပ်မပြောင်း | | နေရပ်ပြောင်းရွှေ့ | | မျော ပါ/ ပျက်စီး အိမ်ခြေ | စခန်း အရေ အတွက် | သေ ဆုံး | ဒဏ် ရာ ရ | ဝန်ကြီးဌာနမှ ထောက်ပံ့မှု(ကျပ်) | | | | | | | သဘာဝဘေး ရန်ပုံငွေမှ ထောက်ပံ့မှု | ဝန်ကြီးဌာန+ ရန်ပုံငွေ ထောက်ပံ့မှု စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | လူဦးရေ | အိမ် ထောင်စု | လူဦးရေ | | | | | ဆန်ရိက္ခာ | အိမ်ဆောက်/ ကျောင်း/ ဆောက် ပစ္စည်း | အခြား | သေဆုံး | ဒဏ်ရာရ | ကဆရ ပစ္စည်း (တန်ဖိုး) | ပေါင်း | | | |
| | စခန်းများ ပိတ်သိမ်းပြီး | | | | | | | | | | | | | | | | | | |
| ၁ | ပြည်ထောင်စုနယ်မြေ နေပြည်တော် | | | ၁၅၈ | ၆၈၃ | | | ၁ | | ၁၄၄၄၃၀၀ | | | ၃၀၀၀၀၀ | | | ၁၇၄၄၃၀၀ | | ၁၇၄၄၃၀၀ | |
| ၂ | ကယားပြည်နယ် | | | ၄၄ | ၁၇၁ | | | ၁ | | ၃၅၉၀၀၀ | | | | | | ၃၅၉၀၀၀ | | ၃၅၉၀၀၀ | |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး | | | ၄ | ၂၀ | | | | | ၄၂၀၀၀ | | | | | | ၄၂၀၀၀ | | ၄၂၀၀၀ | |
| ၄ | တနင်္သာရီတိုင်းဒေသကြီး | | | ၁၇၁၁ | ၈၅၄၉ | ၂၆ | ၁၉ | ၅ | | ၁၇၀၀၁၃၀၀ | ၂၄၅၀၀၀၀ | ၁၀၂၄၀၀၀ | ၉၀၀၀၀၀ | | ၇၁၄၅၇၀ | ၂၂၀၈၉၈၇၀ | | ၂၂၀၈၉၈၇၀ | |
| ၅ | မန္တလေးတိုင်းဒေသကြီး | | | ၉ | ၃၃ | ၉ | | | | ၆၉၄၀၀ | ၉၀၀၀၀၀ | | | | ၂၉၀၇၇ | ၁၂၆၀၄၇၇ | | ၁၂၆၀၄၇၇ | |
| ၆ | ရန်ကုန်တိုင်းဒေသကြီး | | | ၅၆၈ | ၂၄၆၇ | ၅ | ၁၀ | | | ၄၉၀၇၇၀၀ | ၁၂၀၀၀၀၀ | | | | ၆၈၅၇၀၄၂ | ၁၂၉၆၄၇၄၂ | | ၁၂၉၆၄၇၄၂ | |
| ၇ | ရှမ်းပြည်နယ် | ၇၈ | ၃၄၅ | ၂၂၇ | ၉၉၆ | | ၃ | ၁ | | ၂၈၀၆၀၀၀ | | | ၃၀၀၀၀၀ | | ၅၆၄၅၅၅၀ | ၈၇၅၁၅၅၀ | | ၈၇၅၁၅၅၀ | |
| | ပေါင်း | ၇၈ | ၃၄၅ | ၂၇၂၁ | ၁၂၈၀၉ | ၄၀ | ၃၂ | ၈ | | ၂၆၆၂၉၈၀၀ | ၄၅၅၀၀၀၀ | ၁၀၂၄၀၀၀ | ၁၅၀၀၀၀၀ | | ၁၃၂၄၆၂၃၉ | ၄၇၂၁၁၉၃၉ | | ၄၇၂၁၁၉၃၉ | |
| | စခန်းများဖွင့်လှစ်ဆဲ | | | | | | | | | | | | | | | | | | |
| ၈ | ကချင်ပြည်နယ် | | | ၈၀၅၁ | ၃၈၇၉၆ | ၂ | ၈၆ | ၄ | | ၅၃၂၈၅၄၀၀ | ၄၀၀၀၀၀ | ၅၀၇၄၃၂၀၀ | ၉၀၀၀၀၀ | | ၁၁၀၆၇၀၅၆ | ၁၁၆၄၉၆၆၅၆ | ၁၀၀၀၀၀၀၀၀ | ၂၁၆၄၉၆၆၅၆ | |
| ၉ | စစ်ကိုင်းတိုင်းဒေသကြီး | | | ၈၄ | ၃၄၈ | | ၁ | ၁ | | ၇၃၀၈၀၀ | | | ၃၀၀၀၀၀ | | ၈၅၂၆၀၀ | ၁၈၈၃၄၀၀ | | ၁၈၈၃၄၀၀ | |
| ၁၀ | ပဲခူးတိုင်းဒေသကြီး | ၂၅၈၈၈ | ၁၁၇၆၁၁ | ၂၈၅၆၈ | ၁၄၄၆၁၅ | ၅၅၆ | ၃၀၇ | ၁၁ | | ၃၃၉၁၂၂၆၀၀ | ၃၉၁၆၀၀၀၀ | ၆၆၁၀၅၄၀၇၂ | ၃၀၀၀၀၀၀ | | ၁၉၉၄၁၀၇၅၆ | ၆၈၇၇၇၈၂၄၈ | ၁၅၃၀၀၀၀၀၀ | ၈၄၀၇၇၈၂၄၈ | |
| ၁၁ | မကွေးတိုင်းဒေသကြီး | | | ၃၈၆ | ၁၇၄၅ | ၅ | ၈ | ၃ | | ၂၈၂၄၅၀၀ | ၁၆၀၀၀၀၀ | ၂၈၃၅၀၀ | ၉၀၀၀၀၀ | | ၃၉၀၇၇၅ | ၅၉၉၈၇၇၅ | | ၅၉၉၈၇၇၅ | |
| ၁၂ | မွန်ပြည်နယ် | ၃၂၅၇ | ၁၅၅၉၈ | ၅၄၃၀ | ၂၄၁၀၉ | ၈၇ | ၇၃ | ၆ | | ၁၅၅၇၄၆၀၀ | ၅၃၅၀၀၀၀ | ၇၀၇၂၉၆၀ | ၁၈၀၀၀၀၀ | | ၁၆၈၉၁၄၄၅ | ၃၃၄၉၅၇၀၅ | ၁၀၀၀၀၀၀၀၀ | ၁၃၃၄၉၅၇၀၅ | |
| ၁၃ | ဧရာဝတီတိုင်းဒေသကြီး | ၁၂၂ | ၅၂၆ | ၆၄၅ | ၂၄၇၀ | ၁၁၅ | ၂ | | | ၃၅၇၀၀၀၀ | ၈၅၀၀၀၀၀ | ၃၀၀၀၀၀ | | | ၄၄၄၅၃၀၀ | ၁၆၈၁၅၃၀၀ | | ၁၆၈၁၅၃၀၀ | |
| | ပေါင်း | ၂၉၂၆၇ | ၁၃၃၇၃၅ | ၄၃၁၆၄ | ၂၁၁၀၉၃ | ၇၈၈ | ၄၇၇ | ၂၅ | | ၄၁၅၅၁၈၉၀၀ | ၅၅၀၁၀၀၀၀ | ၁၁၉၁၈၇၇၃၂ | ၆၉၀၀၀၀၀ | | ၁၈၅၈၈၀၀၅၃ | ၆၆၀၂၈၈၀၅ | ၃၅၃၀၀၀၀၀၀ | ၁၀၁၃၃၈၈၈၀၅ | |
| | စုစုပေါင်း | ၂၉၃၄၅ | ၁၃၄၀၈၀ | ၄၅၈၈၅ | ၂၂၃၉၀၂ | ၈၂၈ | ၅၀၉ | ၃၃ | | ၄၄၂၁၄၈၇၀၀ | ၅၉၅၆၀၀၀၀ | ၁၂၀၂၁၁၇၃၂ | ၈၄၀၀၀၀၀ | | ၁၉၉၁၂၆၂၉၂ | ၇၀၇၄၉၈၈၀၄ | ၃၅၃၀၀၀၀၀၀ | ၁၀၆၀၄၉၈၈၀၄ | |

မှတ်ချက်။ **စခန်းပိတ်သိမ်းမှု အခြေအနေ**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိစခန်းများအားလုံး ပိတ်သိမ်းပြီးဖြစ်ပါသည်။

- စုစုပေါင်း စခန်း (၅၀၉)ခု ဖွင့်လှစ်ခဲ့သည့်အနက် (၄၆၁)ခု ပိတ်သိမ်းပြီးဖြစ်ပါသည်။

**(၁၁-၉-၂၀၁၈)နေ့ရှိ စခန်းများ အခြေအနေ**

- စုစုပေါင်း စခန်း(၄၈)ခုတွင် အိမ်ထောင်စု (၄၁၄၇)စု၊ လူဦးရေ(၁၈၂၇၁)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။
- ကချင်ပြည်နယ်တွင် စခန်း(၁၅)ခု အိမ်ထောင်စု (၂၀၆၈)စု၊ လူဦးရေ(၁၀၄၅၈)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။
- မွန်ပြည်နယ်တွင် စခန်း(၁)ခု အိမ်ထောင်စု (၉)စု၊ လူဦးရေ(၄၂)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။
- ပဲခူးတိုင်းဒေသကြီးတွင် စခန်း(၂၁)ခု အိမ်ထောင်စု (၁၂၇၃)စု၊ လူဦးရေ(၅၀၉၈)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။
- မကွေးတိုင်းဒေသကြီးတွင် စခန်း(၈)ခု အိမ်ထောင်စု (၃၈၆)စု၊ လူဦးရေ(၁၃၄၅)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။
- စစ်ကိုင်းတိုင်းဒေသကြီးတွင် စခန်း (၁)ခု အိမ်ထောင်စု (၈၄)စု၊ လူဦးရေ (၃၄၈)ဦး ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိပါသည်။
- ဧရာဝတီတိုင်းဒေသကြီးတွင် စခန်း (၂)ခု အိမ်ထောင်စု (၃၂၇)စု၊ လူဦးရေ (၉၈၀)ဦး ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိပါသည်။

# ရွှေကူမြို့၌ လူထုဗဟိုပြုစီမံကိန်း စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်

**ရွှေကူ စက်တင်ဘာ ၁၁**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း လက်ထောက်နည်းပညာမှူးများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအပိုင်း(၂)ကို ရွှေကူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ စက်တင်ဘာ ၁၀ ရက်မှ ၁၅ ရက်အထိ ခြောက်ရက်ကြာ သင်တန်းဖွင့်လှစ်သွားမည် ဖြစ်သည်။

သင်တန်းတွင် မြို့နယ်ဦးစီးမှူး ဦးယဉ်ခိုင်က သင်တန်းအဖွင့်အမှာစကားပြောကြားပြီး သင်တန်းဆရာ ဦးမင်းမင်းသိုက်(ပြည်ထောင်စုဆောက်အဦတာဝန်ခံ) နှင့် သင်တန်းဆရာ လေးဦးက သင်ကြားပို့ချမည်ဖြစ်သည်။ ရွှေကူမြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ သင်တန်းသား သင်တန်းသူ ၂၅ ဦး၊ မံဆီမြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ သင်တန်းသား သင်တန်းသူ ငါးဦး စုစုပေါင်းသင်တန်းသား သင်တန်းသူ ၃၀ တက်ရောက် သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**ကျေးလက်ဦးစီး**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် တူရကီသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီး H.E. Mr.Kerem Divanlioglu အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် တူရကီ-မြန်မာနှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေး၊ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ခရီးသွားလာရေးကဏ္ဍများတွင် တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့် စပိန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၁**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်သည် မြန်မာနိုင်ငံဆိုင်ရာ စပိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Emilio De Miguel Calabia အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ဝဲပုံ)**

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-စပိန်နှစ်နိုင်ငံအကြား လက်ရှိနှင့် အနာဂတ်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်မှုနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံတရားရုံးအချင်းချင်းပူးပေါင်းဆောင်ရွက်ရေး၊ လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်တို့ကို အကာအကွယ်ပေးရေး၊ ခုံရုံးဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးတို့နှင့်သက်ဆိုင်သည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ခုံရုံးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်မောင်ချိုနှင့် ဒေါ်လှမျိုးနွယ်၊ ညွှန်ကြားရေးမှူးချုပ်၊ ရုံးအဖွဲ့မှူးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၁**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးများကို ယနေ့ မွန်းလွဲ ၂ နာရီက ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေကြမ်းကို လည်းကောင်း၊ မွန်းလွဲ ၃ နာရီတွင် နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော သစ်တောဥပဒေကြမ်းကို လည်းကောင်း ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယ ထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင် (ခ)ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း တူရကီသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၁**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံ သံအမတ်ကြီး H.E. Mr. Kerem Divanlioglu အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာ ဆောင် အမှတ် (I-11)၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံ ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီး ပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စာအုပ်လှူဒါန်းမှုများအတွက် မြန်မာ့စာတိုက်လုပ်ငန်းမှ အခမဲ့ပို့ဆောင်ပေးမည်

**နေပြည်တော် စက်တင်ဘာ ၁၁**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းသည် ပြည်သူအများ စာဖတ်နှုန်းမြင့်တက်စေရန် တစ်ဖက်တစ်လမ်းမှဝန်ဆောင်မှုပေးသည့်အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားရှိသော လူထုအခြေပြုဗဟိုဌာနများ(စာကြည့်တိုက်များ)သို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက တစ်နိုင်ငံလုံးအနှံ့တွင်တည်ရှိသော စာတိုက်ပေါင်း ၇၉၃ ရုံးမှလက်ခံ၍ ပေးပို့လိုသည့်မြို့များသို့ အောက်တိုဘာ ၁ ရက်မှစတင်၍ အခမဲ့ပေးပို့ပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မြန်မာ့စာတိုက်လုပ်ငန်းအား ယုံကြည်စိတ်ချစွာ ပေးပို့အသုံးပြုလျက်ရှိသော စာပေလုပ်ငန်းများ၊ Online Shopping လုပ်ငန်းများ၊ အများအပြားပေးပို့သူများအတွက် တစ်ကြိမ်လျှင် ပေးပို့သည့်ချောစာနှင့် ချောပစ္စည်းအရေအတွက် ၁၀၀ နှင့်အထက် ပေးပို့သူများအတွက် ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ e-post system အသုံးပြုလျက် Discount ဖြင့် ဝန်ဆောင်ခ လျှော့ချပေးသွားမည်ဖြစ်ကြောင်း မြန်မာ့စာတိုက်လုပ်ငန်းမှ သိရှိရသည်။

**သတင်းစဉ်**

**ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ပညာသင်ကြားနေသာ အသက် ၁၀ နှစ်ပြည့်ကျောင်းသား ကျောင်းသူ ၂၆၃၄ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၁ ရက်က အထက(၁) မြရောခန်းမ၌ ကျင်းပစဉ်။**

ဆောင်းဦး(ပြန်/ဆက်)

**တရားမဝင် သယ်ဆောင်ရောင်းဝယ်မှုတွေကို ထိထိရောက်ရောက် တားဆီးနိုင်မယ်ဆိုရင် ကျွန်တော်တို့လိုလားတဲ့ ဈေးကွက်ထိန်းချုပ်မှုနဲ့ ဈေးကွက်ဝေစုရရှိရေးဟာ အမြန်ဆုံးဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။** ဦးအောင်ညွန့်သိန်း

# သတ္တုကဏ္ဍနှင့်ဆက်စပ်သည့် နိုင်ငံ့စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

သတ္တုကဏ္ဍနှင့်ဆက်စပ်သည့် နိုင်ငံ့စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် ဦးခင်လတ်ကြီး (ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန)၊ ဒေါက်တာရဲမြင့်ဆွေ (ညွှန်ကြားရေးမှူးချုပ်၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန)၊ ဦးအောင်ညွန့်သိန်း (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း)၊ ဦးထွန်းလင်းရှိန် (မန်နေဂျင်းဒါရိုက်တာ၊ မြောက်ကျွန်းသူမမ သတ္တုတူးဖော်ရေးကုမ္ပဏီ) နှင့် ဦးဇော်ဘိုခန့် (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း) တို့က ပါဝင်ဆွေးနွေးကြသည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ပြန်လည်ဖော်ပြအပ်ပါသည်-

ရှင်မင်းနှင့် အဖွဲ့

ဒေါက်တာရဲမြင့်ဆွေ(ညွှန်ကြားရေးမှူးချုပ်) ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ဦးခင်လတ်ကြီး(ညွှန်ကြားရေးမှူးချုပ်)သတ္တုတွင်းဦးစီးဌာန သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ဦးဇော်ဘိုခန့်(ဒုတိယဥက္ကဋ္ဌ) (မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း)

ဦးအောင်ညွန့်သိန်း(ဦးဆောင်ညွှန်ကြားရေးမှူး) (မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ယမန်နေ့မှ အဆက်)

**အစီအစဉ်မှူး။ ။ သီးခြားစီများ ဆွေးနွေးပေးဖို့ မေးမြန်းပေးဖို့ ကျန်ရှိနေသေးရင်လည်း ဆွေးနွေးပေးပါဦး။**

ဒေါက်တာရဲမြင့်ဆွေ။ ။ နည်းပညာဆိုတာ အဓိကကတော့ အချောထည်တွေရဲ့ ဈေးကွက်ရရှိရေးဆိုတာ အဓိကက နည်းပညာပေ့ါ။ တန်ဖိုးရှိတဲ့ မြန်မာပြည်ကထွက်တဲ့ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်းတို့ နိုင်ငံတကာဈေးကွက်ကိုပို့တော့မယ်ဆိုရင် ကျွန်တော်တို့က နိုင်ငံတကာအသိအမှတ်ပြုပညာရှင်၊ ဓာတ်ခွဲခန်း စသည်တို့က certify လုပ်ပေးတဲ့ စနစ်တွေ လိုတယ်။ အဲဒီစနစ်တွေဆိုတော့ ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ဒီလို Certificate (အထောက်အထားလက်မှတ်) လုပ်ပေးနိုင်တဲ့ ဓာတ်ခွဲခန်းကြီးတွေ လိုတယ်၊ နည်းပညာတွေ လိုတယ်။ Certificate လုပ်ပေးနိုင်တဲ့ ကျောက်မျက်ပညာရှင်တွေ လိုတယ်။ လက်ဝတ်ရတနာဆိုလည်း လက်ဝတ်ရတနာမို့ တန်ဖိုးရှိတဲ့ ကျောက်မျက်ရတနာတွေ အပြင်ကို ထုတ်ရောင်းဖို့ဆိုတော့ ဈေးကွက်တွေကို ရထားတဲ့ နိုင်ငံတွေမှာ အဲဒီပိုင်ဆိုင်မှုတွေရှိနေတယ်။ ကျွန်တော်တို့ကလည်း ဒါကိုလုပ်ရမယ်။ ကျွန်တော်တို့မှာ အရင်းအမြစ် ရှိတယ်။ နည်းပညာနဲ့ အခြေခံအဆောက်အအုံ လိုတယ်။ Policy တွေ၊ လုပ်ထုံးလုပ်နည်းတွေ ဝိုင်းဝန်းလုပ်ပြီးတော့ မူတစ်ခုထူထောင်နိုင်မှရမယ်။

**အစီအစဉ်မှူး။ ။ ကျောက်ထွက်တယ်။ ကျွန်တော်တို့ကြားထားတာက နိုင်ငံတော်ကို မပြချင်ဘူး။ အောက်လမ်းကနေပဲသွားတယ်။ စမ်းသပ်စစ်ဆေးပြီးတော့ Recommend ပေးတဲ့ ဌာနကြီးလုပ်လည်း အဲဒီကိုရောက်ပါ့မလားလို့ တွေးတယ်။ အခွန်ရှောင်ချင်တာ၊ တခြားနည်းဥပဒေတွေ ရှုပ်ထွေးမှုကို ကျော်ချင်တယ်။ ကျောက်ထွက်တယ်။ ဟိုဘက်ကို လွှတ်လိုက်တယ်။ ဟိုကပြန်လာတဲ့အခါ ဆယ်ဆမကနှုန်းနဲ့ပြန်လာတယ်။ သွင်းကုန် ပုံစံမျိုးပြန်လာတဲ့အခါ ဒီဘက်က နိုင်ငံတော်က Stakeholders က ပံ့ပိုးပေးသော်ငြားလည်း ဒီကျောက်တွေက ကျွန်တော်တို့ဆီ ရောက်လာပါ့မလားလို့ တွေးမိပါတယ်။**

### တရားမဝင်ရောင်းဝယ်မှု

ဦးအောင်ညွန့်သိန်း။ ။ ကျွန်တော်တို့ နိုင်ငံအတွင်းမှာ ဈေးကွက်ဖြစ်လာရင် လက်ရာလည်း ကောင်းလာမယ်။ ဒီမှာဈေးကွက်ဖြစ်တယ်။ အရောင်းအဝယ်ဖြစ်တယ်။ ဈေးရတယ်ဆိုရင် ဖန်တီးထုတ်လုပ်တဲ့ လက်ဝတ်ရတနာ အချောထည်ထုတ်လုပ်တဲ့သူက သူ့လက်ရာကို ကောင်းသည်ထက် ကောင်းအောင် တီထွင်ဖန်တီး ဆောင်ရွက်သွားမှာပဲဖြစ်ပါတယ်။ အဲဒီအတွက် ဈေးကွက်ကောင်းကောင်းရရှိရေးနဲ့ လက်ရာကောင်းရေးသည် အပြန်အလှန် ဆက်စပ်မှုလေးရဖို့တော့ သွားနေတယ်။ ကျွန်တော်တို့သည် ပင်ရင်းထွက်တဲ့နိုင်ငံမှာ ဈေးကွက်ဖြစ်ဖို့ ဆောင်ရွက်သင့်တဲ့ အချက်တစ်ချက်ကတော့ တရားမဝင်ရောင်းဝယ်မှုပြုနေတဲ့ ကိစ္စဖြစ်ပါတယ်။ တရားမဝင် သယ်ဆောင်ရောင်းဝယ်မှုတွေကို ထိထိရောက်ရောက် တားဆီးနိုင်မယ်ဆိုရင် ကျွန်တော်တို့လိုလားတဲ့ ဈေးကွက်ထိန်းချုပ်မှုနဲ့ ဈေးကွက်ဝေစုရရှိရေးဟာ အမြန်ဆုံးဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။

> သတ္တုကဏ္ဍမှာ တခြားက ပညာရှင်တွေခေါ်သလိုပဲ၊ ကျောက်မျက်ကဏ္ဍမှာလည်း ကျောက်စိမ်းဆိုတာက အိမ်နီးချင်းနိုင်ငံတွေက တကယ့်ကို ဖွံ့ဖြိုးနေတဲ့သဘောရှိတယ်။ နေပြည်တော်မှာ ရွှေကြာပင်ကျောက်မျက်စင်တာတွေ၊ အချောထည်လုပ်ငန်းက ရှိပြီးသားပါ။ အဆောက်အအုံကလည်း ရှိပြီးသား။ ပြည်ပ ပညာရှင်တွေကို ဖိတ်ခေါ်ငှားရမ်းပြီးတော့ ကျွန်တော်တို့ဆီမှာရှိတဲ့ လုပ်သားတွေကို နည်းပညာပေးမယ်ဆိုရင် ကျွန်တော်တို့အထဲမှာပဲ အချောထည်ဈေးကွက်က ပိုပြီးတော့ ဖွံ့ဖြိုးလာမယ်လို့ စဉ်းစားမိပါတယ်။

ဦးထွန်းလင်းရှိန်။ ။ ကျွန်တော်တစ်ခုလောက် ဖြည့်ပြီး ဆွေးနွေးချင်ပါတယ်၊ ပတ္တမြား၊ နီလာပေ့ါ၊ ကျောက်စိမ်းကလွဲလို့ တခြားကျောက်ကတော့ အချောထည်ဈေးကွက်က ပုံစံတစ်မျိုးပါ။ စီးပွားရေးလုပ်ငန်းထဲမှာ ရှိတဲ့သူတွေကတော့ သိပါတယ်။ ကျောက်စိမ်းကျတော့ အချောထည်ဈေးကွက်မှာဆိုရင် ဖန်တီးမှုအနုပညာ ဆန်ဆန် လုပ်တဲ့သဘောဖြစ်နေတယ်။ ဥပမာ- အရိုင်းတုံးကြီးတစ်တုံးကိုမြင်ပြီး ပန်းပုဆရာတစ်ယောက်က ပန်းပုထုလိုက်တဲ့အခါမှာ ဘယ်လိုပုံစံပန်းပုထုမယ်၊ သဘောက သူရဲ့ တရုတ်ယဉ်ကျေးမှု နောက်ခံအနေအထားနဲ့ ဘယ်လိုပုံစံထုရင် ဘယ်လိုဖြစ်သင့်တယ်။ မြန်မာဘုရားထုတာနဲ့ တရုတ်ဘုရားထုတာ မတူတဲ့သဘောမျိုး၊ ဒီတန်ဖိုးကလည်း အနုပညာဖန်တီးမှုအပေါ်မှာ ဦးစားပေးတာများတဲ့ အပိုင်းဖြစ်နေတော့ ကျွန်တော်မြင်တာက အချောထည်ဈေးကွက်ကို ပတ္တမြား၊ နီလာဘက်ကိုဦးစားပေးပြီးတော့ မြန်မာပြည်မှာ ပထမအဆင့်လုပ်မယ်ဆိုရင် ပိုပြီးတော့အောင်မြင်နိုင်ပါတယ်။ ထိရောက်မယ်လို့ ကျွန်တော်ဆွေးနွေးချင်ပါတယ်။

ဦးခင်လတ်ကြီး။ ။ ကျွန်တော်နည်းနည်း ဖြည့်စွက်ဆွေးနွေးချင်တာကတော့ ဦးဇော်ဘိုခန့် ဆွေးနွေးတဲ့ ပြည်တွင်းမှာ အချောထည်ဈေးကွက်ဖြစ်ဖို့က တကယ်တမ်း သတ္တုကဏ္ဍမှာ ခုနက DG ကြီးဆွေးနွေးတဲ့ ပြည်ပကပညာရှင်တွေ ကျွန်တော်တို့ဆီမှာလာပြီး နည်းပညာတွေပေးတာရှိတယ်။ အခုလည်း သတ္တုကဏ္ဍမှာ တခြားက ပညာရှင်တွေခေါ်သလိုပဲ၊ ကျောက်မျက်ကဏ္ဍမှာလည်း ကျောက်စိမ်းဆိုတာက အိမ်နီးချင်းနိုင်ငံတွေက တကယ့်ကို ဖွံ့ဖြိုးနေတဲ့သဘောရှိတယ်။ နေပြည်တော်မှာ ရွှေကြာပင်ကျောက်မျက်စင်တာတွေ အချောထည်လုပ်ငန်းက ရှိပြီးသားပါ။ အဆောက်အအုံကလည်း ရှိပြီးသား။ ပြည်ပပညာရှင်တွေကို ဖိတ်ခေါ်ငှားရမ်းပြီးတော့ ကျွန်တော်တို့ဆီမှာရှိတဲ့ လုပ်သားတွေကို နည်းပညာပေးမယ်ဆိုရင် ကျွန်တော်တို့အထဲမှာပဲ အချောထည်ဈေးကွက်က ပိုပြီးတော့ ဖွံ့ဖြိုးလာမယ်လို့ စဉ်းစားမိပါတယ်။

**အစီအစဉ်မှူး။ ။ အားလုံးရဲ့ အချုပ်ကို DG ကြီးကပဲ ကျောက်မျက်သယံဇာတ သတ္တုနဲ့ ပတ်သက်တဲ့ အရာတွေကို ပြည်သူကို အနှစ်ချုပ်ပြောပေးရင်းနဲ့ နိဂုံးချုပ်ပေးဖို့ ပန်ကြားပါတယ်။**

### သတ္တုသိုက်ပမာဏ

ဦးခင်လတ်ကြီး။ ။ပထမပိုင်းမှာဆွေးနွေးခဲ့တဲ့ လုပ်ငန်းရှင် ဦးထွန်းလင်းရှိန် ဆွေးနွေးတဲ့ အထဲမှာလည်း ပါပါတယ်။ နည်းဥပဒေအသစ်မှာ (သ-၂) သတ္တုသိုက်ပမာဏကို လုပ်ငန်းရှင်က မလွဲမသွေဆွဲရတော့မှာဖြစ်တယ်။ ဝန်ကြီးဌာနမှာ ဒါကို ရှင်းလင်းပွဲတွေ အကြိမ်ကြိမ် လုပ်ပြီးဖြစ်ပါတယ်။ ဒါပေမယ့် အခုလိုကြုံတုန်း စကားဝိုင်းလေးမှာ ပညာရှင်ဖြစ်တဲ့ ဒေါက်တာရဲမြင့်ဆွေက အကျဉ်းချုပ် ဆွေးနွေးလိုက်မယ်ဆိုရင်တော့ နားထောင်နေတဲ့ပြည်သူတွေလည်း လုပ်ရမယ့် အခြေအနေလေး သိသွားနိုင်ပါတယ်ခင်ဗျာ။ ဒါလေးပြီးရင် နိဂုံးချုပ်ပြောပေးပါ့မယ်ခင်ဗျာ။

ဒေါက်တာရဲမြင့်ဆွေ။ ။ သတ္တုသိုက်တော်တော်များများက Unseen တွေ ဖြစ်တယ်၊ ကမ္ဘာမြေအောက်မှာ Hidden ဖြစ်နေတာတွေပဲ အကုန်လုံးက အပေါ်မှာ ထွက်ပေါ်နေတာတော့ မဟုတ်ဘူး။ သူ့ကို စနစ်တကျတူးထုတ်မယ်ဆိုရင် ဘယ်လိုပုံစံရှိသလဲ၊ ဘယ်လောက်ပမာဏရှိသလဲ၊ သတ္တုပါဝင်နှုန်း ဘယ်လိုရှိသလဲဆိုတာသိမှ ကျွန်တော်တို့က ဘယ်လိုတူးထုတ်မလဲဆိုတာ Mine Design ကိုဆွဲလို့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် Exploration လုပ်တယ်ဆိုတာ သတ္တုသိုက်တစ်ခုကို စနစ်တကျ စူးစမ်းလေ့လာတာဖြစ်ပါတယ်။ သူ့ရဲ့ ပုံပန်းသဏ္ဌာန်၊ ဖြစ်ထွန်းနေတဲ့ အနေအထား၊ သူ့မှာပါဝင်တဲ့ သတ္တုအမျိုးအစား၊ ပါဝင်နှုန်း၊ သတ္တုသိုက် စုစုပေါင်းပမာဏသိရှိဖို့ ကျွန်တော်တို့က တိုင်းတာတွက်ချက်မှုတွေ လုပ်ရပါတယ်။

### သတ္တုဖြစ်ထွန်းမှု

တိုင်းတာတွက်ချက်တဲ့နေရာမှာ စိန်လွန်တွင်းတွေ တူးတယ်၊ Testpit တွေချတယ်၊ Trech တွေလိုအပ်ရင် တူးတယ်၊ အပေါ်က Geophysics၊ Geochemistry လိုအပ်သလို စစ်တမ်းတွေလုပ်ပြီးပြီဆိုရင်တော့ ကျွန်တော်တို့ သတ္တုသိုက်ကို တွက်ချက်ပါတယ်။ သတ္တုသိုက်ပမာဏကို တွက်ချက်တဲ့နေရာမှာ အတန်းစားလေးခု ခွဲထားတယ်။ (သ-၁)၊ (သ-၂)၊ (သ-၃)၊ (သ-၄)တို့ဖြစ်ပါတယ်။ (သ-၁) ဆိုတာတော့ Proved reserve (P-1) လို့ခေါ်တာပေ့ါ။ (o-1)ကတော့ သတ္တုသိုက်ရဲ့ အလျား၊ အနံ၊ အမြင့် အကုန်လုံး Three dimension တောင်မှမကတော့ဘူး။ Diagonal တွေကော၊ Samplingတွေ၊ Assay တွေ အကုန်သိပြီးတော့မှ အတိအကျတွက်ချက်တဲ့အရာကို (P-1) လို့ခေါ်ပါတယ်။

အဲဒီအခါကျတော့ အသေးစိတ်လုပ်ရပါတယ်။ (သ-၁) တွက်ချက်မှုတွေကတော့ မြေအောက်မိုင်းတွေထဲမှာ Blo ခုအလိုက် ထုတ်တဲ့အခါတွေမှာပဲ တွက်လို့ရတယ်။ သတ္တုသိုက်အသစ်ရှာဖွေစမ်းသပ်ဖော်ထုတ်မှုမှာတော့ (သ-၁) တွက်ဖို့ကတော့ မလွယ်ဘူး။ အဲဒီမှာမှ ကျွန်တော်တို့က ခုနပြောတာကတော့ (သ-၁)ပေ့ါ။ ပိုရှင်းသွားအောင် ကျွန်တော်တို့ (သ-၄)၊ (P-4) ကနေစပြောပါမယ်။ (P-4)ဆိုတာတော့ (သ-၄)အဆင့်၊ အဓိပ္ပာယ်ကတော့ သေချာမှုအဆင့်အတန်း (၄)ရှိတယ်။ Potential ore reserve၊ (P-4) ဆိုတာတော့ သတ္တုဖြစ်ထွန်းမှုတွေကို အကြမ်းဖျင်းသိပြီးတော့ သူ့ရဲ့ဘူမိဗေဒအခြေအနေနဲ့ ခန့်မှန်းဆက်စပ် တွက်ချက်ထားတဲ့အရာကို (P-4) လို့ခေါ်တယ်။

### ဆက်စပ်တွက်ချက်

သေချာမှုအဆင့်အတန်းက မခိုင်မာသေးဘူး။ သွားတူးလိုက်ရင် ရှုံးချင်ရှုံးနေမှာ အောက်မှာ ဘာမှန်းမသိသေးဘူး။ (P-4) ပြီးတော့ (P-3) ပေ့ါ ။ (P-3) ကျတော့ Three dimension မှာ Two dimensionလောက်ကို ဘယ်လောက် ထုတယ်၊ ဘယ်လို သွားနေတယ်၊ ဘယ်လောက် ရှည်တယ်ဆိုတာ သိနေတယ်။ သိနေပြီးတော့မှ သူ့ရဲ့အောက်မှာရှိတဲ့ downdip extension ကို ဘူမိဗေဒအခြေအနေနဲ့ဆက်စပ် တွက်ချက်ပြီးတော့မှ အစမ်းကျင်း(Testpit) လောက်နဲ့ တူးပြီး တွက်ထားတဲ့ Reserve ကို (P-3)လို့ခေါ်တယ်။ (P-3)ဆိုတာ Possible ore reserve ပေ့ါ။ Provable ore reserve (P-2) ဆိုတာကျတော့ အလျား၊ အနံ၊ အမြင့်ကို စနစ်တကျ လွန်ကျင်းတွေတူးပြီးတော့မှ Three dimensionally ore body ကို ပုံဖော်ထားတဲ့ အနေအထားဖြစ်တယ်။ သတ္တုပါဝင်နှုန်းနဲ့ ပျံ့နှံ့တည်ရှိပုံ၊ သတ္တုသိုက်ရဲ့တည်ရှိပုံ အနေအထား၊ ပုံပန်းသဏ္ဌာန်အကုန်လုံး တွက်ချက်ထားတာကို(P-2) လို့ခေါ်ပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့က သတ္တုတွင်းတစ်ခုကို တည်ထောင်တော့မယ်ဆိုရင် အနည်းဆုံး(သ-၂)အဆင့်လောက်တော့ တွက်ချက်မှ၊ ဒါမှမဟုတ်ရင် မသေချာဘူးဖြစ်နေတယ်။ ကျွန်တော်တို့ အရင်တုန်းက အသေးစားတူးဖော်ခွင့်တွေကိုတော့ (P-3) ore reserve နဲ့ mining လုပ်ခွင့်ပေးတယ်။ ကျွန်တော်တို့က သတ္တုသိုက်ကို သေချာအောင်တွက်ချက်ပြီး စနစ်တကျတူးမှ Mine Design သေချာရေးဆွဲလုပ်နိုင်မှ စွန့်ပစ်ပစ္စည်းက ဘယ်လောက်ထွက်မယ်။ ဘယ်လို စွန့်ပစ်ရမယ်၊ သတ္တုရိုင်းက ဘယ်လိုထွက်မယ်၊ သတ္တုသိုက်ကို ဘယ်လို တူးဖော် ထုတ်လုပ်ရမယ်ဆိုတာ Mine Design ဆွဲနိုင်ရမယ်။ သဘာဝပတ်ဝန်းကျင်ထိန်းချုပ်မှုတွေက အဲဒီတော့မှ control ရမယ်။

### သဘာဝပတ်ဝန်းကျင်ပျက်စီးမှု

ဒါကြောင့်မို့လို့ ကျွန်တော်တို့က (P-2) levelစမ်းသပ်တိုင်းတာရေးလုပ်ပြီးမှ တူးကြပါဆိုတာပါ၊ နို့မို့ဆိုရင်တော့ ကျွန်တော်တို့ ဘာမှမစမ်းသပ်ဘဲနဲ့ ကြုံသလိုလိုက်တူးနေရင်တော့ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုတွေ၊ Surface damage တွေ တအားများပြီးတော့မှ National lost ဖြစ်မယ်။ သတ္တုသိုက်လည်း lost ဖြစ်မယ်။ environmental မှာလည်း ဆိုးရွားတဲ့ impact တွေ ဖြစ်မယ်။ အဲဒီသဘောပါ။

စာမျက်နှာ ၁၀ သို့ ❖

# ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အခမ်းအနား ရန်ကုန်တွင် ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၁**

၂၀၁၈ ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ Rose Garden ဟိုတယ်၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦး တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက မြန်မာနိုင်ငံသည် ရေကြောင်းဘက်ဆိုင်ရာ ပညာရေး၊ လေ့ကျင့်သင်ကြားရေး၊ သင်္ဘောသားများ၏ ကျွမ်းကျင်မှု စံသတ်မှတ်ချက်များကို နိုင်ငံတကာ စံနှုန်းနှင့်အညီ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နေသည့်အတွက် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်၏ White List စာရင်းတွင် လေးကြိမ်မြောက်အဖြစ် ပါဝင်နိုင်ခဲ့ကြောင်း၊ ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ ဆောင်ပုဒ်နှင့်အညီ ရေကြောင်းလုပ်ငန်းများကို ပိုမိုကောင်းမွန်အောင် ရေကြောင်းလောကသားများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် (IMO) ၏ White List စာရင်းတွင် ၂၀၀၂ ခုနှစ်မှစတင်ကာ ၂၀၀၇ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၂ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၇ ခုနှစ်တွင် တစ်ကြိမ် လေးကြိမ်တိုင်ပါဝင်ကြောင်း၊ ယခုနှစ်တွင်လည်း IMO သဘောတူညီချက်များနှင့်အညီ အဖွဲ့ဝင်နိုင်ငံများ၏ တာဝန်ဝတ္တရားများကို အကောင်အထည်ဖော်နေမှုများအား IMO မှ လိုက်လံစစ်ဆေးရာတွင်လည်း ပထမအဆင့်အနေဖြင့် အောင်မြင်စွာ အစစ်ဆေးခံနိုင်ခဲ့ကြောင်းနှင့် တွေ့ရှိချက်များ၊ လေ့လာသုံးသပ်ချက်များကို ဆက်လက်ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းစဉ်များ ချမှတ်ထားပြီးဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

"White List မှာ ဝင်နေတဲ့အတွက်ကြောင့် မြန်မာက သင်္ဘောသားဈေးကွက်မှာ တစ်ခါမှ နာမည်ပျက် မရှိသေးပါဘူး။ မြန်မာက နိုင်ငံတကာ အဆင့်အတန်းမီတယ်။ မြန်မာသင်္ဘောသားတွေက သက်ဆိုင်ရာ ပညာရပ်တွေမှာ ကျွမ်းကျင်တယ်၊ စိတ်ချရတယ်ဆိုရင် မြန်မာကို သူတို့ ရဲရဲဝံ့ဝံ့သုံးမှာပေါ့။ မြန်မာသင်္ဘောသားတွေ အလုပ်အကိုင်အခွင့်အလမ်း ပိုပြီးရမှာဖြစ်ပါတယ်"ဟု ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဥပဒေနှင့်နည်းပညာဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ပြောသည်။

၎င်းကဆက်လက်၍ "မြန်မာနိုင်ငံက မွေးထုတ်လေ့ကျင့်သင်ကြားပေးလိုက်တဲ့ ရေကြောင်းအရာရှိအားလုံးက နိုင်ငံတကာမှာ IMO (အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ်) က ပြဋ္ဌာန်းလိုက်တဲ့ ပြဋ္ဌာန်းချက်တွေနဲ့အညီ သင်ကြားတယ်၊ စစ်ဆေးတယ်၊ လက်မှတ်ထုတ်ပေးတယ်။ သင်္ဘောသားတွေအတွက်လည်း စိတ်ချရတဲ့ အနေအထားရှိနေပါပြီ။ သင်္ဘောကုမ္ပဏီတွေကလည်း ယုံကြည်စိတ်ချစွာ ခန့်ထားနိုင်တယ်၊ သင်္ဘောသားတွေရဲ့ အခန်းကဏ္ဍလည်း ပိုမိုကောင်းမွန်လာပါတယ်" ဟု ပြောသည်။

ယခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အတွက် ဆောင်ပုဒ်မှာ IMO နှစ်(၇၀)- အနာဂတ်ကာလ ကောင်းမွန်ရေး၊ ရေကြောင်းလုပ်ငန်းဦးစားပေးဟူ၍ဖြစ်ပြီး ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အထိမ်းအမှတ် အခမ်းအနားကို အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် (IMO) မှ ကြီးမှူး၍ ရေကြောင်းဘက်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေး၊ ရေကြောင်းပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကိစ္စရပ်များအပေါ် အထူးဂရုပြု ဆောင်ရွက်လာနိုင်စေရေးအတွက် အဖွဲ့ဝင်နိုင်ငံများတွင် နှစ်စဉ်ကျင်းပကြောင်း သိရသည်။ **သီသီမင်း**




## မူခင်းဖြစ်ပွားမှုကျဆင်းရေး ကျောက်တံခါး၌ အသိပညာပေး

**ကျောက်တံခါး စက်တင်ဘာ ၁၁**

ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်တွင် မူခင်းဖြစ်ပွားမှုလျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၉ ရက်က ပဲနွယ်ကုန်းမြို့ အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦးက ပြည်သူများအနေဖြင့် မူခင်းဖြစ်ပွားမှု သတင်းများအား မြို့နယ်ရဲတပ်ဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီပေးပို့ကြရန်၊ မြို့နယ်ရဲတပ်ဖွဲ့မှ ယာယီရဲမှူးဇော်မင်းက ဒေါသကြောင့် ဖြစ်ပွားတတ်သော လူသတ်မှုများ၊ ခိုက်ရန်ဖြစ်ပွားမှုကြောင့် နာကျင်စေမှုများ၊ မုဒိမ်းမှုများ မဖြစ်ပွားစေရေးနှင့် မူးယစ်ဆေးဝါး၊ လောင်းကစားမှုများနှင့်ပတ်သက်၍ ရောင်းချသူများ၊ လောင်းကစားကျူးလွန်သူများ၏ သတင်းများအား ရဲတပ်ဖွဲ့သို့ ယုံယုံကြည်ကြည် ဆက်သွယ်သတင်းပို့ကြရန် တို့ကို ရှင်းလင်းဟောပြောပြီး မူခင်းဆိုင်ရာသိလိုသည်များ မေးမြန်းမှုအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။ **မြို့နယ် (ပြန်/ဆက်)**

❖ စာမျက်နှာ ၉ မှ

ဦးခင်လတ်ကြီး။ ။ ကျွန်တော်အချုပ်လေး တင်ပြရင် ကျောက်မျက်ရဲ့ ဥပဒေကတော့ လွှတ်တော်တွေမှာ ဆွေးနွေးနေပါပြီ။ မကြာခင်မှာ ထွက်လာတော့မယ့် သဘောရှိပါတယ်။ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေကတော့ ထွက်ပြီးဖြစ်ပါတယ်။ ကျွန်တော် ပထမပိုင်းမှာ ဆွေးနွေးသလိုပဲ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေပြီးတဲ့အခါမှာတော့ လုပ်ငန်းရှင်တွေရဲ့ အခွင့်အလမ်းတွေက အများကြီး သာလာပါတယ်။ သာလာတဲ့အတွက်ကြောင့် လက်ရှိအခြေအနေမှာ သတ္တုလုပ်လိုတဲ့၊ လုပ်ငန်းဆောင်ရွက်လိုတဲ့ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူနဲ့ ကုမ္ပဏီတွေတော်တော်များများ လူပုဂ္ဂိုလ်တွေက ကျွန်တော်တို့ဝန်ကြီးဌာနမှာ လာပြီးတော့မှ ဆွေးနွေးမှုတွေ များလာပါပြီ။ နောက်တစ်ခါ လုပ်ကွက်လျှောက်တာတွေကလည်း အများကြီးဖြစ်နေပါပြီ။ ကျွန်တော်ထင်တယ်၊ ခန့်မှန်းလုပ်ငန်း လုပ်ကွက်လျှောက်တဲ့ အရေအတွက်ဆိုရင် ၅၀၀ လောက်တောင်ရှိနေတဲ့ သဘောဖြစ်ပါပြီ။ ဝန်ကြီးဌာနအနေနဲ့ လျှောက်ထားတဲ့ လုပ်ကွက်တွေကို စိစစ်ရေးအဖွဲ့တွေ ဖွဲ့စည်းပြီးတော့ ဆောင်ရွက်နေပါတယ်။

သတ်မှတ်ချက်နဲ့ ကိုက်ညီတဲ့ လုပ်ကွက်တွေကို စိစစ်ပြီး လုပ်ကွက်အသစ်တွေ ခွင့်ပြုပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ယခင်တုန်းက သတ္တုတူးဖော်ပြီးလို့ရှိရင် သတ္တုရိုင်းတွေကို ပြည်ပကိုတင်ပို့ခွင့်ပေးခဲ့ပါတယ်။ အခု ကျွန်တော်တို့ သတ္တုရိုင်းတွေကို အရိုင်းအတိုင်းတင်ပို့တာနဲ့ စာရင် တန်ဖိုးမြင့်ထုတ်ကုန်တွေလုပ်ပြီးတော့မှပဲ ပြည်ပကို ပို့ဖို့နဲ့ ရောင်းချဖို့အတွက် ဒါတွေကို စီမံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ခုနကလုပ်ငန်းရှင်များ ဆွေးနွေးတဲ့ အခြေအနေဖြစ်တဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းတွေကို ဦးစားပေးလိုက်ရင် သတ္တုတူးဖော်မှု လုပ်ငန်းတွေကို နှောင့်နှေးတယ်၊ ထိခိုက်တယ်ဆိုတဲ့ စိုးရိမ်တဲ့ အတွေးလေး ရှိပါတယ်။ လက်ရှိအခြေအနေမှာတော့ သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေကို ကျွန်တော်တို့က သဟဇာတဖြစ်အောင် ဟန်ချက်ညီညီ ဆောင်ရွက်နေပါတယ်။ အဲဒီလိုဆောင်ရွက်နိုင်ဖို့အတွက်လည်း ပြည်ထောင်စုဝန်ကြီး ဦးစီးပြီးတော့မှ လေးလကိုတစ်ကြိမ်၊ တိုင်းဒေသကြီး၊ ပြည်နယ်မှာရှိတဲ့ သယံဇာတကိုကိုင်တွယ်နေတဲ့ ဝန်ကြီးတွေကို နေပြည်တော်မှာ ဖိတ်ပြီးတော့မှ ဝန်ကြီးဌာနမှာရှိတဲ့ ညွှန်ကြားရေးမှူးချုပ်တွေ၊ ဦးဆောင်ညွှန်ကြားရေးမှူးတွေနဲ့ သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို ဟန်ချက်ညီညီနဲ့ ဖွံ့ဖြိုးတိုးတက်အောင် ကျွန်တော်တို့ အလေးအနက်ထား ဆောင်ရွက်နေတဲ့အကြောင်းကို အသိပေးတင်ပြလိုပါတယ်။

ကျေးဇူးတင်ပါတယ်။

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/ ၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုမိန့် ပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ၇-၉-၂၀၁၈ ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ၁၀-၇-၂၀၁၈ ရက်နေ့မှ ၁၇-၈-၂၀၁၈ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူနှစ်ဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်တစ်ဦး၊ မဂ္ဂဇင်းသုံးဦး၊ အထွေထွေ ၁၇ ဦး ပေါင်း ၂၁ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူ ငါးဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၅၂၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၄၄၆ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၁၁၈ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၀၉၀ အား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**

(၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းရဲတပ်ဖွဲ့ အမှတ်(၅/၂)ဒုတပ်ဖွဲ့ခွဲ(ဘားအံ)မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၈ ရက်က ဘားအံမြို့ ပြည်သူ့ဆေးရုံကြီးတွင် ချုံနွယ်မြက်ပင်များ ရှင်းလင်းခြင်း၊ ပိတ်ဆို့နေသော ရေမြောင်းများအား ရေစီးရေလာ ကောင်းမွန်ရေးအတွက် တူးဖော်ခြင်းတို့ကို စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြစဉ်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## AFF ပြိုင်ပွဲကျင်းပရေး အစည်းအဝေးသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တက်ရောက်

**ဖနွမ်းပင် စက်တင်ဘာ ၁၁**

အာဆီယံဘောလုံးအဖွဲ့ချုပ် (AFF) ပြိုင်ပွဲကျင်းပရေး ကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း တက်ရောက်ခဲ့သည်။

ယင်းအစည်းအဝေးတွင် ၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ ၂၀၁၉ ဘောလုံးရာသီ အာဆီယံဒေသတွင်းပြိုင်ပွဲများ ကျင်းပရေးနှင့် အိမ်ရှင်အဖြစ် ရွေးချယ်ရေး၊ ၂၀၁၉ ဆီးဂိမ်းဘောလုံးပြိုင်ပွဲ စတင်မည့်ရက်များ သတ်မှတ်ရေး၊ အာဆီယံ AFF ချန်ပီယံနှင့် အရှေ့အာရှ EAFF ချန်ပီယံ နှစ်သင်း ဗိုလ်လုမည့်ပွဲစဉ်ကျင်းပရန်အတွက် AFF နှင့် EAFF ညှိနှိုင်းဆွေးနွေးရေးအပါအဝင် ပြိုင်ပွဲကျင်းပရေး အထွေထွေကိစ္စရပ်များအား ထည့်သွင်းဆွေးနွေးခဲ့သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ အစည်းအဝေးတွင် ယခုနှစ်အတွင်း ကျင်းပမည့် အာဆီယံအဆင့်ပြိုင်ပွဲများ၏ အုပ်စုပွဲစဉ်များအား အတည်ပြုခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ကျင်းပမည့် ပြိုင်ပွဲများ၏ အိမ်ရှင်နိုင်ငံနှင့် ကျင်းပမည့်ကာလကိုလည်း အတည်ပြုခဲ့သည်။ အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် လာမည့်နှစ်တွင် အမျိုးသား ယူ-၂၂ ပြိုင်ပွဲ၊ ယူ-၁၈ ပြိုင်ပွဲ၊ ယူ-၁၅ ပြိုင်ပွဲ၊ အမျိုးသမီးလက်ရွေးစင်အဆင့်ပြိုင်ပွဲ၊ အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲ၊ လက်ရွေးစင် ဖူဆယ်ပြိုင်ပွဲ၊ ဖူဆယ်ကလပ်ပြိုင်ပွဲနှင့် သဲသောင်ပြင်ဘောလုံးပြိုင်ပွဲတို့ကို ကျင်းပမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

# မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၁

**မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးဇင်အောင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၁ ရက်ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးဇင်အောင်

**မိဘပြည်သူများခင်ဗျား-**

ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံနှင့်အတူ မွေးဖွားလာခဲ့တဲ့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဟာ ထိုစဉ်ကာလက ဒီမိုကရေစီတော်လှန်ရေး၏ တပ်ဦးပါတီတစ်ခုဖြစ်ပြီး ဒုတိယအင်အားအကြီးဆုံးပါတီ ဖြစ်ခဲ့ပါတယ်။

၁၉၉၁ ခုနှစ် ရွေးကောက်ပွဲအပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ မတရားအသင်းအဖြစ် ကြေညာခံခဲ့ရပါတယ်။ မြေပေါ်၌ ကျန်ရှိခဲ့သည့် လုပ်ဖော်ကိုင်ဖက်များမှာလည်း ဒီမိုကရေစီရေးကြိုးပမ်းမှုများကို အသွင်ပုံသဏ္ဌာန်မျိုးစုံဖြင့် စဉ်ဆက်မပြတ် အားထုတ်ကြိုးပမ်းခဲ့သည့်အတွက်လည်း အသက်သွေးချွေးနှင့် ဘဝပေါင်းများစွာ ပေးဆပ်ခဲ့ရပါတယ်။

ကျွန်တော်တို့ကိုယ်တိုင်လည်း မြေပေါ်နိုင်ငံရေးစစ်တလင်းကြား၌ စဉ်ဆက်မပြတ် ပါဝင်ဖြတ်သန်းခဲ့ရပြီး ကြွင်းကျန်ရစ်ခဲ့သူများဖြစ်တဲ့အတွက် နှစ်နှစ်ဆယ်ကြာသည့်တိုင် မပြီးဆုံးနိုင်သည့် ဒီမိုကရေစီတိုက်ပွဲများ၏ မဟာဗျူဟာ နည်းဗျူဟာများကို ဆန်းစစ်ပြီး

(၁) ကျွန်တော်တို့ လေးစားတန်ဖိုးထားခဲ့ရသော လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမြေပေါ်၌ တရားဝင် ပြန်လည်ရှင်သန်နိုင်ရန်အတွက် လည်းကောင်း၊
(၂) ပြည်ပနိုင်ငံအသီးသီးသို့ရောက်ရှိနေတဲ့ မိမိတို့ လုပ်ဖော်ကိုင်ဖက်များလည်း ဂုဏ်သိက္ခာရှိစွာ အမိနိုင်ငံအတွင်းသို့ ပြန်လာနိုင်ရန်အတွက်လည်းကောင်း၊
(၃) ထောင်တွင်း၌ နှစ်ရှည်အကျဉ်းချခံနေရသော မိမိတို့၏ လုပ်ဖော်ကိုင်ဖက်များ ပြန်လည်လွတ်မြောက်ကာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ၌ ကိုယ်တိုင်ပါဝင်နိုင်ရန်အတွက်လည်းကောင်း၊ ရည်ရွယ်ချက်များချမှတ်ကာ မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအဖြစ် တရားဝင်ထူထောင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။ နိုင်ငံရေးပါတီတစ်ခုအနေဖြင့် ရွေးကောက်ပွဲနိုင်ခြင်း၊ မနိုင်ခြင်းထက် မိမိတို့ ဦးတည်ချက်၊ ရည်ရွယ်ချက်များ ခရီးပေါက်မြောက်ရေးက အဓိကဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျာ-**

၁၉၈၈ ခုနှစ် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကြိုးပမ်းမှုခေါင်းစဉ်အောက်ကနေ ဒုတိယအကြိမ်မြောက် လွတ်လပ်ရေးကြိုးပမ်းမှုမဟာဗျူဟာခေါင်းစဉ်အောက်သို့ ပါဝင်ခဲ့တဲ့အတွက် တော်လှန်ရေးဟာ ခရီးရှည်ခဲ့ပါတယ်။ ပဋိပက္ခကာလ အချိန်ကြာမြင့်သည်နှင့်အမျှ တိုင်းပြည်နှင့် ပြည်သူလူထုသာလျှင် ဝေဒနာတွေပွမ်းတီးပြီး အထိနာခဲ့ပါတယ်။ ပထမအကြိမ် လွတ်လပ်ရေးကြိုးပမ်းမှုက နယ်ချဲ့ဗြိတိသျှနှင့် ဖက်ဆစ်ဂျပန်တွေကို တော်လှန်ခဲ့ရတဲ့အတွက် အမိမြေပေါ်ကမောင်းထုတ်ဖို့က လွယ်ပါတယ်။ ကျွန်တော်တို့ဟာ တွန်းရင်း၊ တိုက်ရင်း၊ ချဲ့ထွင်ရင်းနဲ့ ဒီမိုကရေစီ အလေ့အထတွေကို ဖော်ဆောင်မည့် နည်းဗျူဟာများကို ပြောင်းလဲခဲ့တယ်။

သူလည်းနိုင်၊ ကိုယ်လည်းနိုင်ဆိုတဲ့ သီအိုရီနည်းအတိုင်း စစ်အုပ်ချုပ်ရေးထက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အုပ်ချုပ်တာကို အမိအရဆုပ်ကိုင်ဖို့ ဆုံးဖြတ်ခဲ့ပြီး တရားဝင်ပါတီအဖြစ် ထူထောင်ခဲ့ခြင်းဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျာ-**

ဒီကနေ့ပြည်သူလူထုကြီးဟာ စားဝတ်နေရေးပြေလည်စေချင်တယ်။ မှန်ကန်တဲ့၊ မျှတတဲ့ ဥပဒေအောက်မှာ နေချင်တယ်၊ တစ်ဦးချင်းစီရဲ့ ပုဂ္ဂလိက အခွင့်အရေးတွေကို လိုချင်တယ်။ ဒါတွေဟာ ဒီနေ့ ဒီအချိန်မှာ ရှိသင့်၊ ရှိထိုက်၊ ရသင့်၊ ရထိုက်တဲ့ အခြေအနေပါ။ ဒါတွေကို နိုင်ငံရေးသမားနှင့် ပြည်သူလူထုကြီးက လက်တွဲကြိုးပမ်းသွားရပါမယ်။

ဒီနေ့ လူများစုကြီးဖြစ်တဲ့ ပြည်သူလူထုဟာ နိုင်ငံရေးပဋိပက္ခတရားတွေရဲ့ အခြေအနေအောက်မှာ မွန်းကျပ်ခဲ့ရပြီး ထိခိုက်အဆိုးရွားဆုံး ခံစားခဲ့ရသူတွေဖြစ်ပါတယ်။ ပြည်သူလူထုဟာ အသံမဲ့ လူများစုကြီးအဖြစ် နှစ်ပေါင်းများစွာ နေထိုင်လာခဲ့ရသူတွေဖြစ်တဲ့အတွက် ယနေ့ ရရှိလာပြီဖြစ်တဲ့ ပြောခွင့်၊ ဆိုခွင့်၊ ရွေ့ဆက်ခွင့်တွေကို ထိုထက်ပိုပြီး ပြောခွင့်၊ ဆိုခွင့်တွေရဖို့ ဆက်လက်ဖန်တီးယူရဦးမှာလည်း ဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်ရဲ့ အနှစ်သာရဟာ အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာဆိုတဲ့ အချုပ်အခြာအာဏာ သုံးရပ်ကို ဥပဒေတွေနဲ့အညီ အပြန်အလှန်ထိန်းညှိထားတဲ့စနစ် ဖြစ်တယ်။

တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာ သုံးရပ်ဟာ ထွေးရောယှက်တင်ဖြစ်နေပြီး လူပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေက ညှိနှိုင်းအုပ်ချုပ်နေမယ်ဆိုရင် ဒီမိုကရေစီစနစ်က ပျက်သုဉ်းသွားနိုင်တယ်။ ဒါကြောင့်လည်း ဒီမိုကရေစီစနစ်ရဲ့ အချုပ်အခြာမဏ္ဍိုင်သုံးရပ်ကို အပြန်အလှန်ထိန်းညှိပြီး မယိမ်းယိုင်အောင်အတွက် ပွင့်လင်းမြင်သာမှုကို ဖော်ပြနိုင်တဲ့ စတုတ္ထမဏ္ဍိုင် သတင်းမီဒီယာကဏ္ဍနှင့် ထောက်ကန်ပေးထားဖို့လိုအပ်ပါတယ်။ ဒါကြောင့်မို့ သတင်းမီဒီယာလွတ်လပ်ခွင့် အဟန့်အတား၊ အတားအဆီးမှန်သမျှကို ပြည်သူလူထုနှင့်အတူ ဆန့်ကျင်သွားရမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီဟာ ပြည်သူက ပြည်သူတွေကို ပြန်လည်အုပ်ချုပ်ရတဲ့ တာဝန်လွှဲအပ်မှုစနစ်သာလျှင် ဖြစ်ပါတယ်။ တာဝန်လွှဲအပ်မှုစနစ် အားကောင်းဖို့ လိုပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံအချို့မှာ လွှတ်တော်ကိုယ်စားလှယ်ရဲ့ သက်တမ်းဟာ လေးနှစ်သတ်မှတ်ထားပြီး လွှတ်တော်နှစ်ရပ်ကို နှစ်နှစ်ခြားတစ်ကြိမ် သီးခြားကျင်းပကြတာကို တွေ့ရပါတယ်။ ဒါဟာ အကြောင်းမဲ့ နှစ်ကြိမ်ခွဲ ကျင်းပတာ မဟုတ်ပါဘူး။ နှစ်နှစ်ခြားတစ်ကြိမ်ကျင်းပတဲ့ အထက်လွှတ်တော်၊ အောက်လွှတ်တော် ရွေးကောက်ပွဲတွေကြောင့် မဲဆန္ဒရှင်ပြည်သူတွေ၊ နိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးသမားတွေ အကြား ရင်းနှီးကျွမ်းဝင်မှုရှိလာပြီး သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှာ ကျွမ်းကျင်ပိုင်နိုင်တဲ့ ကိုယ်စားလှယ်တွေရောက်ရှိလာနိုင်တဲ့အတွက် ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ရွေးကောက်ပွဲစနစ်ဟာ ပြည်ထောင်စုလွှတ်တော်နဲ့ တိုင်းဒေသကြီးလွှတ်တော်ကို ငါးနှစ်တစ်ကြိမ် အထွေထွေရွေးကောက်ပွဲကျင်းပပြီးတဲ့နောက်မှာ အနိုင်ရတဲ့ပါတီကလည်း အမောဖြေ အတိတ်မေ့၊ ရှုံးတဲ့ပါတီကလည်း ပက်လက်လှန် ရက်ကန်ရက်ကန်နဲ့ အီလေးစွဲသွားတယ်။ မဲဆန္ဒရှင်တွေအတွက် ရွေးချယ်စရာအခွင့်အလမ်း မဖန်တီးနိုင်တဲ့အတွက် ပြင်ဖို့လိုပါတယ်။ လူတွေ ရေးဆွဲထားတာဖြစ်တဲ့အတွက် ပြုပြင်မရတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ ကမ္ဘာမှာမရှိဘူး။

ပါတီစုံစနစ်ရှင်သန်အားကောင်းဖို့ဆိုရင် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနဲ့ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲတွေကို လွှတ်တော်သက်တမ်း ၂ နှစ် ၆ လကြာတဲ့ အချိန်မှာ နောက်လွှတ်တော်သက်တမ်းအတွက် တစ်ကြိမ်စီခွဲပြီးကျင်းပဖို့ ပြည်သူလူထုနဲ့အတူ ကြိုးပမ်းသွားရမှာလည်းဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား-**

မဲဆန္ဒရှင်ပြည်သူလူထုဟာ သက်ဆိုင်ရာကိုယ်စားလှယ်တွေကို မဲပေးရွေးချယ်နိုင်တဲ့ အခွင့်အရေးရှိသလို တာဝန်မှ ပယ်ဖျက်နိုင်တဲ့ အခွင့်အရေးလည်းရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ သို့သော်လည်း တာဝန်မှ ပယ်ဖျက်နိုင်တဲ့ အခွင့်အရေးရှိသော်လည်း နည်းဥပဒေတွေကို ယခင်လွှတ်တော်တွေက မပြဋ္ဌာန်းနိုင်ခဲ့သလို ယခုလွှတ်တော်ကလည်း လျစ်လျူရှုထားတဲ့အတွက် မဲဆန္ဒရှင်တွေရဲ့ မူလအခွင့်အရေးတွေ ဆုံးရှုံးနေရပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၉) ပုဒ်မ ၃၉၇ မှာ ပြည်ထောင်စုလွှတ်တော် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းရမည်လို့ ဆိုထားပါတယ်။ ပြည်သူ့အတွက် လိုအပ်သော ဥပဒေတွေကို ပြည်သူ့ကိုယ်စားလှယ်တွေဟာ အချိန်မဆိုင်းဘဲ အကောင်အထည်ဖော်ရမှာဖြစ်ပါတယ်။ ဒါတွေကို လွှတ်တော်ကိုယ်စားလှယ်တွေက မေ့လျော့နေကြတယ်။

ဒီမိုကရေစီစနစ်အရ အများစုဆန္ဒက အဆုံးအဖြတ်ဖြစ်သော်လည်း လူနည်းစုရဲ့ ဆန္ဒကိုလည်း လျစ်လျူရှုလို့မရတဲ့စနစ်ဖြစ်တယ်။ တန်းတူရည်တူ ပြောခွင့်၊ ဆိုခွင့်၊ ရပိုင်ခွင့်တွေအတွက် အာမခံဖို့လိုပါတယ်။ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်းဆိုတဲ့ ဝါဒစွဲကိုင်တဲ့ စစ်မှန်တဲ့ ဒီမိုကရေစီစနစ် ပေါ်ပေါက်လာစေရန် နိုင်ငံရေးသမားတိုင်းက ပြည်သူလူထုကို လုပ်ဖော်ကိုင်ဖက်လို သဘောထားပြီး ကြိုးပမ်းသွားရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့က ပြည်သူတွေရဲ့ ကျွန်လည်းမဟုတ်သလို သခင်လည်းမဟုတ်တဲ့အတွက် လုပ်ဖော်ကိုင်ဖက်အဖြစ် ပြည်သူတွေနဲ့အတူ လက်တွဲဆောင်ရွက်သွားမည့်သူတွေ ဖြစ်ပါတယ်။

ဒီကနေ့ကာလဟာ ဒီမိုကရေစီရဲ့ အသွင်ကူးပြောင်းရေးကာလဖြစ်တဲ့အတွက် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုများ မရှိမဖြစ်လိုအပ်ပါတယ်။ နိုင်ငံတကာမှာလည်း စနစ်တစ်ခုမှတစ်ခုသို့ အသွင်ကူးပြောင်းနေတဲ့ကာလမှာ ယခင်စနစ်က နစ်နာဆုံးရှုံးခဲ့သူတွေရဲ့ စိတ်ခံစားမှု၊ နာကျင်မှုတွေကို ကုစားပေးဖို့အတွက် နောက်စနစ်ကို ဦးဆောင်မည့်သူတွေက တာဝန်ယူခြင်းက နောင်မဖြစ်ဖို့ အာမခံချက်ပေးခြင်းသာလျှင် ဖြစ်တယ်။

အသွင်ကူးပြောင်းကာလမှာ အနိမ့်ဆုံးအနေနဲ့ နစ်နာခဲ့သူများ(အထူးသဖြင့် နိုင်ငံရေးအကျဉ်းသားများ၊ တိုက်ရိုက်လူ့အခွင့်အရေးချိုးဖောက်ခံခဲ့ရတဲ့ နှစ်ရှည်အကျဉ်းချခံရသူများ)ကို ဥပဒေအရ တရားဝင် အသိအမှတ်ပြုခြင်းများ၊ ပြန်လည်ကုစားခြင်းများ လုပ်ဆောင်ဖို့လိုပါတယ်။

ဖိလစ်ပိုင်မှာဆိုရင် လွန်ခဲ့တဲ့ သုံးနှစ်ကျော် လေးနှစ်လောက်ကတည်းက ပြန်လည်ကုစားရေးဥပဒေဖြစ်တဲ့ နစ်နာမှုများအတွက် ကုစားရေးအစီအစဉ်ကို လွှတ်တော်က ဥပဒေပြဋ္ဌာန်းခဲ့တာမျိုးရှိပါတယ်။ အခြားအသွင်ကူးပြောင်းတဲ့ နိုင်ငံတွေမှာလည်း သူ့နည်းသူ့ဟန်နဲ့ တရားမျှတအောင် ဆောင်ရွက်ဆွေးနွေးတာဝန်ယူဆောင်ရွက်ခဲ့ကြတာလည်း တွေ့ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံက နိုင်ငံရေးခေါင်းဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်များလည်း ဒါကိုကြိုးပမ်းဖို့ လိုပါတယ်။

မိမိတို့ကလည်း တတ်နိုင်တဲ့ဘက်က ပံ့ပိုးနိုင်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တာဝန်သိ၊ တာဝန်ရှိတဲ့ နိုင်ငံရေးသမားတိုင်း၊ ပါတီတိုင်းဟာ နိုင်ငံရေးအကြောင်းအကျိုးနဲ့ အတိတ်သမိုင်းရဲ့ နာကျင်မှုတွေကို တာဝန်သိသိ ကုစားပေးဖို့ရာ နိုင်ငံရေးတာဝန်ရှိတယ်လို့ မိမိတို့အနေနဲ့ ယုံကြည်တိုက်တွန်းလိုပါတယ်။

ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းက ပြည်သူနဲ့ နိုင်ငံရေးသမားတိုင်းဟာ မတရားမှုနစ်နာမှုများကို လျစ်လျူမရှုဘဲ ကုစားပေးဖို့နဲ့ နောင်လူ့အဖွဲ့အစည်းမှာ ဆိုးရွားတဲ့ အခြေအနေတွေ ထပ်မံမပေါ်ပေါက်အောင်ရယ် မိမိတို့ လူ့အဖွဲ့အစည်းဟာ အခြားလူ့အဖွဲ့အစည်းများကို တာဝန်ယူမှုရှိတဲ့ စံနူန်း၊ တန်ဖိုးတွေ၊ ပြဿနာဖြေရှင်းနည်းတွေအတွက် စံနမူနာများ မှန်မှန်ကန်ကန် ထူထောင်ဖို့လိုပါတယ်။ (ဒါဟာ ကလဲ့စားချေလိုရေးမဟုတ်ဘူး) တာဝန်ယူဆောင်ရွက်ရေး ဖြစ်ပါတယ်။

အမျိုးသားပြန်လည်သင့်မြတ်ရေးအောက်မှာ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုကို လေးစားတန်ဖိုးထားတတ်တဲ့၊ အလေ့အထရှိတဲ့၊ ယဉ်ကျေးတဲ့ နိုင်ငံတွေမှာ မရှိမဖြစ် ဖော်ဆောင်ရတဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ ၂၅ ရာခိုင်နှုန်းပါဝင်နေတဲ့ တပ်မတော်ရဲ့ အခန်းကဏ္ဍကို ဘယ်လိုလျှော့ချရမယ်ဆိုတာကိုလည်း တာဝန်ရှိတဲ့၊ တာဝန်သိတဲ့ နိုင်ငံရေးခေါင်းဆောင်တိုင်းက တာဝန်ယူဖြေရှင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

နိုင်ငံရေးမှာလည်း တရားမျှတမှုရှိရမယ်၊ စီးပွားရေးမှာလည်း တရားမျှတမှုရှိရမယ်၊ လူမှုရေးမှာလည်း တရားမျှတမှုရှိဖို့ လိုပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်နှင့် ခေါင်းနှင့် ပန်းလို့ဆိုရမည့် ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်သည် ပြည်သူတစ်ရပ်လုံး၏ မျှော်လင့်ချက်ပန်းတိုင် ဖြစ်ပါတယ်။ ဒီပန်းတိုင်ကို ရောက်ဖို့ဆိုရင် တရားမျှတမှုကို လေးစားတန်ဖိုးထားတတ်တဲ့ လွှတ်တော်တွေ၊ အစိုးရတွေကသာလျှင် ဦးဆောင်နိုင်ပါတယ်။ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုများအတွက်လည်း ဆက်လက်ကြိုးပမ်းသွားရမှာလည်း ဖြစ်ပါတယ်။ အထက်ဖော်ပြပါ အကြောင်းအရာများဟာ ကျွန်တော်တို့ပါတီရဲ့ ဆက်လက် ဆောင်ရွက်သွားမည့် ရည်ရွယ်ချက်၊ ဦးတည်ချက်များ ဖြစ်ပါတယ်။

အမျိုးသားပြန်လည် သင့်မြတ်ရေးကို ပိုမိုအထောက်အကူဖြစ်ခြင်းက နိုင်ငံရေးဖြစ်စဉ် ပဋိပက္ခများ၊ ပြဿနာများကို ပိုမိုပြေလည်စေပြီး ကောင်းမွန်တဲ့ အသီးအပွင့်များရလာမှာဖြစ်ပါတယ်။ ဒါတွေကို ဆွေးနွေးအဖြေရှာခြင်း၊ တာဝန်ယူဆောင်ရွက်ခြင်းကသာ အမျိုးသားသင့်မြတ်ရေးအောက်မှာလုပ်ရမယ့် နိုင်ငံရေးတာဝန်အဖြစ် မိမိတို့အနေနဲ့ ခံယူထားသလို တာဝန်ရှိသူတွေလည်း လုပ်ဆောင်ဖို့ ဦးတည်ချက်ထားဖို့လိုတာကို စဉ်ဆက်မပြတ် တိုက်တွန်းနှိုးဆော်နေမှာ ဖြစ်တယ်။

ဒီကနေ့ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးသမားတွေရဲ့ နိုင်ငံရေးပြဿနာဟာ အနာဂတ်မှာ ကျင့်သုံးရမည့် ဒီမိုကရေစီအတွက် သဘောမတူညီမှုမျှသာလျှင်ဖြစ်တယ်၊ တစ်ပြိုင်တည်းမှာ ထည့်စဉ်းစားရမယ့် တိုင်းရင်းသားလူမျိုးစုများအရေး၊ လက်နက်ကိုင်တိုင်းရင်းသားလူမျိုးစုများရဲ့ ဖြစ်ချင်တဲ့ဆန္ဒတွေကို ဘယ်ပုံဘယ်နည်း ဖြေရှင်းရမယ်၊ ဖက်ဒရယ်စနစ်ကို ဘယ်လိုတည်ဆောက်ကြမယ်၊ တစ်မျိုးသားလုံးနဲ့ဆိုင်တဲ့ နိုင်ငံတကာအသိုင်းအဝိုင်းမှာ ဘယ်လိုရပ်တည်မလဲ၊ ရွေ့ဆက်မလဲဆိုတဲ့ ပြဿနာတွေ ရင်ဆိုင်နေရတယ်။

ဒီမိုကရေစီနောက်ကို ဦးတည်အကောင်အထည်ဖော်နေတာဖြစ်တဲ့အတွက် ပြည်သူလူထုပါဝင်မှုနှင့် နိုင်ငံရေးဦးဆောင်မှုတို့ဟာ ဟန်ချက်ညီညီဖြစ်မှသာ ပြဿနာတွေကို ရင်ဆိုင်ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။

**မူဝါဒလမ်းစဉ်။** ကျွန်ုပ်တို့သည် တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးစီးပွားကိုအခြေခံကာ ပြည်သူလူထုကို လုပ်ဖော် ကိုင်ဖက်များအဖြစ် သဘောထား၍ အထွေထွေအကျပ်အတည်း အခက်အခဲများနှင့် ရင်ဆိုင်နေရသော အလုပ်သမား၊ လယ်သမားများ၏ အကျိုးစီးပွားကို ဦးစားပေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်းဆိုတဲ့ လောကပါလတရားများကို လက်ဆုပ်လက်ကိုင်ပြုပြီး အရည်အသွေးကောင်းတဲ့ ကုန်ထုတ်စက်ကိရိယာများကို ဦးစားပေးခြင်း၊ အရည်အသွေးကောင်းမွန်သည့် လယ်ယာထွက်ကုန်တွေကို အဓိကဦးစားပေးခြင်း၊ နယ်ပယ်အသီးသီးမှဆိုင်ရာဆိုင်ရာ ကျွမ်းကျင်အတတ်ပညာရှင်လူတော်များကို ဦးစားပေးခြင်းဆိုတဲ့ မူဝါဒများကို ပေါင်းစည်းကာ လူတော်လူကောင်းဝါဒကို မိမိတို့ပါတီ၏ အဓိကမူဝါဒများအဖြစ် ကျင့်သုံးသွားမှာ ဖြစ်ပါတယ်။

**စီးပွားရေးကဏ္ဍ။** ဈေးကွက်စီးပွားရေးကို ပီပြင်စွာ ကျင့်သုံးသွားမယ်။ တိုင်းပြည်ရဲ့ စီးပွားရေးစနစ်ကို မြေယာနှင့် သယံဇာတအရင်းအနှီးများအပေါ် အခြေခံခြင်းမဟုတ်ဘဲ လူသားအရင်းအမြစ်ပေါ်ကို အခြေခံတဲ့မူဝါဒကို ကျင့်သုံးသွားမှာ ဖြစ်ပါတယ်။ လူသားအရင်းအမြစ်အပေါ်မှာ အခြေခံထားတဲ့အတွက် စီးပွားရေးနယ်ပယ်မှာ ကျွမ်းကျင်တဲ့ လူတော်တွေကို ဦးစားပေး ဆောင်ရွက်စေရမယ်။ မြေယာနှင့် သယံဇာတ အငြင်းပွားမှုတွေကို ချုပ်ငြိမ်းစေပြီး လူသားတွေရဲ့ တန်ဖိုးကို မြှင့်တင်ပေးမှာ ဖြစ်တဲ့အတွက် လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းသွားစေပြီး တိုင်းပြည်စီးပွားရေးတွေကို ဖွံ့ဖြိုးတိုးတက်စေရမယ်။

စက်မှုကဏ္ဍမှာလည်း အရည်အသွေးကို ဦးစားပေးတဲ့မူဝါဒချမှတ်ပါတယ်။

**လယ်ယာကဏ္ဍ။** လယ်ယာမြေမှန်သမျှကို လယ်လုပ်သူ နိုင်ငံသားများကပင် ပိုင်ဆိုင်ရမယ်။ သီးနှံထုတ်လုပ်တဲ့ ကုန်ကျစရိတ်တွေကို လျှော့ချပြီး အထွက်နှုန်းတိုးတဲ့ မူဝါဒချမှတ်အကောင်အထည်ဖော်ရမယ်။ ပြည်တွင်း၊ ပြည်ပဈေးကွက်များကို လက်ဝါးကြီးအုပ် အမြတ်ထုတ်ခြင်းများကို ကာကွယ်နိုင်ရန်အတွက် တောင်သူလယ်သမားများ ကိုယ်တိုင် ပိုင်ဆိုင်တဲ့ ဘဏ်စနစ်ကို ထူထောင်ခွင့်ပေးရမယ်။ လယ်သမားသမဂ္ဂများ၊ အစည်းအရုံးများကို တရားဝင်အသိအမှတ်ပြုပြီး လုပ်ဖော်ကိုင်ဖက်များအဖြစ် အသိအမှတ်ပြုရမယ်။

**ပညာရေးကဏ္ဍ။** စာတွေ့၊ လက်တွေ့ ပေါင်းစပ်လေ့ကျင့်ပေးတဲ့ ဘက်စုံပညာရေးစနစ်ကို ကျင့်သုံးရမယ်။ သင်ထောက်ကူပစ္စည်းအပြည့်အစုံနှင့် လက်တွေ့လေ့ကျင့်ပြီး ကျွမ်းကျင်ပညာရှင်များ မွေးထုတ်တဲ့ ပညာရေးစနစ် ဖြစ်ရမယ်။ ဘက်စုံပညာရေးဖြစ်တဲ့အတွက် ကန့်သတ်တားမြစ်ထားတဲ့ မူဝါဒအားလုံးကို ပယ်ဖျက်ရမယ်။ လွတ်လပ်တဲ့ ကျောင်းသားသမဂ္ဂတွေ တရားဝင်ထူထောင်ခွင့်ပြုရမယ်။ မသင်မနေရ အခမဲ့ပညာရေးစနစ် ပြဋ္ဌာန်းရမယ်။

**လူငယ်မူဝါဒ။** အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း အရည်အချင်းရှိလျှင် ရှိသည့်အလျောက် လူကြီး၊ လူငယ်မခွဲခြားဘဲ ပါတီလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခွင့်ရှိရမယ်။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

ဒီမိုကရေစီစနစ်မှာ ပြည်သူတွေက အာဏာအရှိဆုံးဖြစ်ပါတယ်။ ဒါတွေကို မေ့လျော့မနေဖို့ ပြည်သူ့အာဏာဟာ ငါးနှစ်လျှင် တစ်ကြိမ်တည်း ကျင်းပတဲ့ အထွေထွေရွေးကောက်ပွဲတစ်ခုတည်းမဟုတ်ဘဲ နှစ်ကြိမ်ခွဲကျင်းပတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ လိုတယ်ဆိုရင် ကျွန်တော်တို့ပါတီကို မဲပေးပါ။

ပြည်သူတွေဟာ မဲဆန္ဒပေးပြီး ကိုယ်စားလှယ်တွေကို ရွေးချယ်ခွင့်ရှိသလို တာဝန်မှ ရုပ်သိမ်းနိုင်တဲ့ အခွင့်အရေးရှိတာကို အမြန်ဆုံးအကောင်အထည်ပေါ်လာစေချင်တယ်ဆိုရင် ကျွန်တော်တို့ရဲ့ပါတီကို မဲပေးပါ။

နိုင်ငံရေးမှာလည်း တရားမျှတမှုရှိရမယ်။ စီးပွားရေးမှာလည်း တရားမျှတမှုရှိရမယ်။ လူမှုရေးမှာလည်း တရားမျှတမှုရှိရမယ်ဆိုရင် ကျွန်တော်တို့ မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကို မဲပေးပါ။ ပြည်သူလူထုကြီးကို လုပ်ဖော်ကိုင်ဖက်အဖြစ် သဘောထားကာ ပြည်သူလူထုကြီးနှင့်အတူ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလကို ကျော်ဖြတ်သွားမှာဖြစ်တဲ့အကြောင်း အဓိဋ္ဌာန်ပြု၍ ကတိသစ္စာပြုအပ်ပါတယ်။

# အာဖဂန်၌ တာဝန်ထမ်းဆောင်ခဲ့သော မည်သည့်အမေရိကန် နိုင်ငံသားကိုမဆို စစ်ရာဇဝတ်မှုဖြင့် စွဲချက်တင် စစ်ဆေးပါက နိုင်ငံတကာ ရာဇဝတ်မှု ခုံရုံး၏ တရားသူကြီးများကို အမေရိကန်က ဖမ်းဆီးအရေးယူပိတ်ဆို့မည်ဟုဆို

ဝါရှင်တန် စက်တင်ဘာ ၁၁

**အာဖဂန်နစ္စတန်နိုင်ငံ၌ တာဝန်ထမ်းဆောင်ခဲ့သော မည်သည့် အမေရိကန်နိုင်ငံသားကိုမဆို စစ်ရာဇဝတ်မှုဖြင့် စွဲချက်တင် စစ်ဆေးရန် နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး (အိုင်စီစီ)က လှုပ်ရှားဆောင်ရွက်လာမည်ဆိုပါက ယင်းတရားရုံး၏ တရားသူကြီးများနှင့် အခြားသော တာဝန်ရှိသူများကို ဖမ်းဆီးခြင်းနှင့် အရေးယူပိတ်ဆို့ခြင်းတို့ ပြုလုပ်သွားမည်ဟု အမေရိကန်ပြည်ထောင်စုက စက်တင်ဘာ ၁၀ ရက်တွင် ခြိမ်းခြောက်ပြောဆိုလိုက်ကြောင်း သိရသည်။**

နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ အခြေစိုက် လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်ဖြစ်သော နိုင်ငံတကာ ရာဇဝတ်မှုခုံရုံးသည် အမေရိကန် ပြည်ထောင်စု၊ အစ္စရေးနှင့် အခြားသော မဟာမိတ်နိုင်ငံများအား စွဲချက်တင် စစ်ဆေးရန် တာဝန်မရှိသည့်အပြင် လုံးလုံးလျားလျား ဘေးအန္တရာယ်ပေး နေကြောင်း အိမ်ဖြူတော် အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် ဂျွန်ဘော်လ် တန်က ပြောကြားသည်။ အမေရိကန် တပ်မတော်တွင် တာဝန်ထမ်းဆောင် ခဲ့သူများအား မည်ကဲ့သို့သော စုံစမ်းစစ်ဆေးမှု ပြုလုပ်ခြင်းကိုမဆို လုံးဝ အခြေအမြစ် မရှိသော စုံစမ်းစစ်ဆေးမှုနှင့် တရားမျှတမှု မရှိသော စုံစမ်း စစ်ဆေးမှုအဖြစ် မိမိတို့ သတ်မှတ်ကြောင်း ဘော်လ်တန်က ဆက်လက် ပြောကြားသည်။

**လက်ပိုက်ကြည့်မည်မဟုတ်**

အမေရိကန်၊ အစ္စရေး သို့မဟုတ် အခြားသော အမေရိကန်မဟာမိတ်များ အား အရေးယူအပြစ်ပေးနိုင်စေရေးအလို့ငှာ လူတစ်ဦးတစ်ယောက်ကို ရှာဖွေ ဖမ်းဆီးခြင်းနှင့် စွဲချက်တင် စစ်ဆေးခြင်းတို့ ပြုလုပ်ခြင်းကို မိမိတို့ လက်ပိုက်ကြည့်နေမည် မဟုတ်ကြောင်း ဘော်လ်တန်က ပြောကြားသည်။

အိုင်စီစီ၏ တရားသူကြီးများနှင့် တရားစွဲဆိုရေးမှူးများအား အမေရိကန်ပြည်ထောင်စုအတွင်းသို့ ဝင်ရောက်ခြင်းကို မိမိတို့ တားမြစ် ပိတ်ပင်သွားမည်ဖြစ်ကြောင်း၊ အမေရိကန် ဘဏ္ဍာရေးစနစ်ရှိ ယင်းပုဂ္ဂိုလ် များ၏ ရန်ပုံငွေများကို အရေးယူပိတ်ဆို့သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန်နိုင်ငံသားများအား အိုင်စီစီက စုံစမ်းစစ်ဆေးမှု တစ်ရပ်ရပ် ပြုလုပ်ခြင်းနှင့် ပတ်သက်၍ အားပေးကူညီသော မည်သည့်နိုင်ငံတစ်နိုင်ငံ၊ မည်သည့် အပေါင်းအပါကိုမဆို အလားတူ အရေးယူဒဏ်ခတ်သွားမည်ဆိုသည်။

မြို့တော်ဝါရှင်တန်၌ စက်တင်ဘာ ၁၀ ရက်က တရားဥပဒေနှင့် ပြည်သူ့ ရေးရာ မူဝါဒလေ့လာရေး အဖွဲ့အစည်းတစ်ရပ်ဖြစ်သော ဖက်ဒရယ်ဝါဒီ လူ့ဘောင်အဖွဲ့၏ အစည်းအဝေး၌ ဘော်လ်တန်က မိန့်ခွန်းပြောကြား ရာတွင် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အိမ်ဖြူတော် အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် ဂျွန်ဘော်လ်တန်

အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်စစ်ဘက်နှင့် ထောက်လှမ်းရေး အရာရှိများက အထူးသဖြင့် ထိန်းသိမ်းခံများ၏ အခွင့်အရေး ချိုးဖောက်မှုများ ရှိခဲ့သည်ဟု ဆိုကာ စစ်ရာဇဝတ်မှုဆိုင်ရာ စွဲချက်များအရ စုံစမ်းစစ်ဆေးမှု ပြုလုပ်ခွင့် ရရှိရန် အိုင်စီစီ တရားစွဲဆိုရေးမှူးတစ်ဦးက ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း ပန်ကြားခဲ့မှုကို ကိုးကားလျက် ဘော်လ်တန်က ပြော ကြားခြင်း ဖြစ်သည်။

**ကိုးကားပြောဆို**

လူ့အခွင့်အရေး ချိုးဖောက်မှုများရှိခဲ့သည်ဟုဆိုကာ အစ္စရေး တာဝန်ရှိ သူများအား အိုင်စီစီတွင် တရားစွဲဆိုနိုင်ရန် ပါလက်စတိုင်း ခေါင်းဆောင် များသည် မကြာသေးမီက လှုပ်ရှားဆောင်ရွက်ခဲ့သည့် ဖြစ်စဉ်နှင့် ပတ်သက် ၍လည်း ဘော်လ်တန်က ကိုးကား ပြောဆိုခဲ့သည်။

ကမ္ဘာ့နိုင်ငံများက လက်ခံသော စံနှုန်းများ သို့မဟုတ် ဥပဒေစည်းမျဉ်း များနှင့် ကိုက်ညီမှု မရှိသော အိုင်စီစီက မိမိတို့၏ နိုင်ငံသားများနှင့် မိမိတို့၏ မဟာမိတ်များအား ဘက်လိုက်၍ တရားစွဲဆိုခြင်းမှ ကာကွယ်နိုင်စေရန် လိုအပ်သမျှ နည်းလမ်းမျိုးစုံကို အမေရိကန်က ကျင့်သုံးသွားမည်ဖြစ်ကြောင်း ဘော်လ်တန်က ပြောကြားသည်။

**အေအက်ဖ်ပီ**

## နိုင်ဂျီးရီးယားတွင် ဓာတ်ငွေ့ယိုစိမ့်ပေါက်ကွဲ ၃၅ ဦးထက်မနည်း သေဆုံး၊ ၁၀၀ ကျော် ဒဏ်ရာရ

**အဘူဂျာ စက်တင်ဘာ ၁၁**

နိုင်ဂျီးရီးယားနိုင်ငံ အလယ်ပိုင်းဒေသရှိ နာဆာရာဝါ ပြည်နယ်တွင် ဓာတ်ငွေ့ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခြင်း ကြောင့် လူ ၃၅ ဦး ထက်မနည်း သေဆုံးပြီး ထိခိုက်ဒဏ်ရာ ရသူ ၁၀၀ ကျော်ရှိကြောင်း တာဝန်ရှိသူများက စက်တင်ဘာ ၁၁ ရက်တွင် အတည်ပြု ပြောကြားသည်။

**ယိုစိမ့်**

နာဆာရာဝါပြည်နယ် မြို့တော် လာဖီရာရှိ ဓာတ်ငွေ့ ဖြည့်တင်းရေးဆိုင်တစ်ဆိုင်တွင် စက်တင်ဘာ ၁၀ ရက်က ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားရာမှ ပေါက်ကွဲမှု ဖြစ်ပွားရခြင်းဖြစ် ကြောင်း ပြည်နယ်အရေးပေါ် စီမံခန့်ခွဲရေး အေဂျင်စီ၏ ယာယီညွှန်ကြားရေးမှူး အူစမန်အာဖက်က ပြောကြား သည်။

ကုန်တင်ယာဉ်တစ်စီး ဓာတ်ငွေ့ဖြည့်တင်းနေစဉ် ဓာတ်ငွေ့ ယိုစိမ့်မှုကြောင့် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်းနှင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း အူစမန်အာဖက်၏ ထုတ်ပြန်ချက် တွင် ဖော်ပြထားသည်။

**ပြာကျ**

ပြင်းထန်သော မီးတောက်မီးလျှံများသည် ဓာတ်ငွေ့ အရောင်းဆိုင်ကို နောက်ဆုံးတွင် ဝါးမျိုသွားကြောင်း၊ ဆိုင်အတွင်းရှိနေသူများနှင့် အဆိုပါဆိုင်တို့မှာ မီးလောင် ကျွမ်းမှုကြောင့် ပြာကျသွားခဲ့ရကြောင်း တာဝန်ရှိသူက ပြော ကြားသည်။

နိုင်ဂျီးရီးယားနိုင်ငံ မြို့တော်အဘူဂျာသို့ ဦးတည်သည့် အဝေးပြေး အမြန်လမ်းမကြီးသို့ မီးပျံ့နှံ့လောင်ကျွမ်းခဲ့ပြီး မော်တော်ယာဉ်များစွာနှင့် မော်တော်ဆိုင်ကယ်များမှာ လည်း မီးလောင်ကျွမ်းခံခဲ့ရသည်။ လူအသေအပျောက်နှင့် ထိခိုက်ဒဏ်ရာရသူ အများအပြားရှိခဲ့သည့် အဆိုပါ ဖြစ်ရပ် အတွက် နိုင်ဂျီးရီးယားသမ္မတ မူဟာမ်မာဒူဘူဟာရီက ၎င်း၏ စိုးရိမ်ပူပန်မှုကို လေးနက်စွာဖော်ပြသည်။ **ဆင်ဟွာ**

## ရုရှား၏ အကြီးကျယ်ဆုံးသော စစ်ရေးလေ့ကျင့်မှု စစ်သည်သုံးသိန်းနှင့်အတူ စစ်ယာဉ်များစွာ ပါဝင်

**မော်စကို စက်တင်ဘာ ၁၁**

ရုရှားနိုင်ငံက ပြုလုပ်ခဲ့ဖူးသမျှ စစ်ရေးလေ့ကျင့်မှုများ အနက် အကြီးကျယ်ဆုံးသော စစ်ရေးလေ့ကျင့်မှုကြီးကို စက်တင်ဘာ ၁၁ ရက်တွင် စတင်ပြုလုပ်ကြောင်း၊ ယင်း စစ်ရေး လေ့ကျင့်မှုကြီးတွင် စစ်သည် ၃၀၀၀၀၀ ပါဝင် ပြီး ရုရှားတပ်ဖွဲ့ဝင်များနှင့်အတူ တရုတ် တပ်ဖွဲ့ဝင် များလည်း ပါဝင်လေ့ကျင့်ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ဗော့စတော့ခ်-၂၀၁၈ (အရှေ့-၂၀၁၈)ဟု အမည် ပေးထားသည့် ရက်သတ္တနှစ်ပတ် ကြာမြင့်မည့် စစ်ရေး လေ့ကျင့်မှုကြီးကို ရုရှားအရှေ့ဖျားဒေသနှင့် ပစိဖိတ် သမုဒ္ဒရာတွင် ဖွင့်လှစ်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

စစ်ရေးလေ့ကျင့်မှု၏ကနဦးအဆင့်တွင် စစ်ဘက် ဆိုင်ရာယာဉ်များ၊ စစ်လေယာဉ်များ၊ စစ်ရဟတ်ယာဉ်များ နှင့် စစ်ရေယာဉ်များ နေရာယူပုံများကို ဗီဒီယိုပုံရိပ်များ အဖြစ် ထုတ်လွှင့်ပြသခဲ့သည်။

ယင်းစစ်ရေးလေ့ကျင့်မှုကြီးတွင် တရုတ်နှင့် မွန်ဂိုလီးယား တပ်ဖွဲ့ဝင်များလည်း ပါဝင်ကြသည်။ အဆိုပါ စစ်ရေးလေ့ကျင့်မှုသည် လက်နက်ကိုင်ပဋိပက္ခကြီးတစ်ရပ် အတွက် ဝတ်စုံပြည့်လေ့ကျင့်မှုအဖြစ် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့(နေတိုး)က ပြစ်တင်ဝေဖန်ခဲ့သည်။

**မျှော်လင့်ရ**

ရုရှားနိုင်ငံ အရှေ့ဖျားမြို့တော် ဗလာဒီဗော့စတော့ တွင် ကျင်းပမည့် စီးပွားရေးဆိုင်ရာ ဖိုရမ်သို့ သမ္မတ ဗလာဒီမာပူတင် တက်ရောက်ပြီးသည့်အခါ စစ်ရေး လေ့ကျင့်ပွဲကြီးကို တက်ရောက်ကြည့်ရှုမည်ဟု မျှော်လင့် ရသည်။ အဆိုပါ စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ဖိတ်ကြားထားသည့် အရေးပါသော ဧည့်သည်တော်များ ထဲတွင် တရုတ် သမ္မတ ရှီကျင့်ဖျင်လည်းပါဝင်သည်။

လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားနေဆဲ ဆီးရီးယား နှင့် ယူကရိန်းအရေးတို့တွင် လည်းကောင်း၊ အနောက် အုပ်စုနိုင်ငံများ၏ အရေးတွင် လည်းကောင်း ရုရှားက ဝင်ရောက်စွက်ဖက်မှုများရှိသည်ဟူသော စွပ်စွဲမှုများ ကြောင့် အနောက်အုပ်စုနှင့် ရုရှားနိုင်ငံအကြား တင်းမာမှု များ မြင့်တက်နေစဉ် စစ်ရေးလေ့ကျင့်မှုကို ပြုလုပ်ခြင်း ဖြစ်သည်။

**အကြီးကျယ်ဆုံး**

ယခုပြုလုပ်သော အရှေ့-၂၀၁၈ စစ်ရေး လေ့ကျင့်မှု ကြီးတွင် တပ်ဖွဲ့ဝင်ဦးရေ ၃၀၀၀၀၀၊ စစ်သုံးယာဉ်စီးရေ ၃၆၀၀၀၊ စစ်လေယာဉ် အစင်း ၁၀၀၀ နှင့်စစ်ရေယာဉ်အစင်း ၈၀ တို့ ပါဝင်ပြီး ပြုလုပ်ခဲ့သမျှ စစ်ရေးလေ့ကျင့်မှုများထဲ တွင် အကြီးကျယ်ဆုံးဖြစ်ကြောင်း ရုရှား ကာကွယ်ရေး ဝန်ကြီး ဆာဂေးရှိုအီဂူက ပြောကြားသည်။

**အေအက်ဖ်ပီ**

# သူ့မြေမှာ ဖြူပြာပွင့်ရင်ဖြင့်

## ဇင်ဝိုင်း

မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်နဲ့ ကိုရီးယားနိုင်ငံကို သွားရောက်လေ့လာတဲ့ ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်တဲ့ လေ့လာရေးအဖွဲ့မှာ အဖွဲ့ဝင်တစ်ဦးအဖြစ်နဲ့ လီမင်ဟိုတို့ဌာနေ ကိုရီးယားမြေမှာ (၂၉-၈-၂၀၁၈ ရက်နေ့မှ ၃-၉-၂၀၁၈ ရက်နေ့အထိ) သွားရောက်လေ့လာခွင့်ရခဲ့ပါတယ်။

အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နဲ့အတူ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးမင်းသူ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရဲ့ ကိုယ်စားလှယ်အဖြစ် ကျွန်တော်နဲ့ ရုပ်သံလွှင့်မီဒီယာများ၊ အခြားတာဝန်ရှိသူများ ပါဝင်ကြပါတယ်။

ခရီးစဉ်အသေးစိတ်ကို ရေးပြနေရင် ခရီးသွားမှတ်တမ်းတစ်စောင်လို ရှည်လျားထွေပြားနေဖွယ်ရှိတာမို့ မရေးလိုတော့ပါဘူး။ ဒီဆောင်းပါးရဲ့ ရည်ရွယ်ချက်က ကိုရီးယားနိုင်ငံရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်လာခြင်းရဲ့ အကြောင်းရင်းကိုသာ ဖော်ပြလိုတာမို့ အဓိကအချက်များကိုသာ တင်ပြဖို့ရည်ရွယ်ပါတယ်။

ဒီနေရာမှာ ကိုရီးယားရုပ်ရှင်လောကရဲ့ ဖြတ်သန်းလာရတဲ့ သမိုင်းကြောင်းကိုလည်း အကျဉ်းအားဖြင့် သိထားစေဖို့ ပထမဦးစွာ တင်ပြပါရစေ။

ကိုရီးယားရုပ်ရှင်ကို ၁၉၁၉ ခုနှစ်မှာ စတင်ခဲ့တော့ မြန်မာ့ရုပ်ရှင်ထက် တစ်နှစ်စောတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဖြတ်သန်းမှုသမိုင်းကြောင်းကို ကြည့်ပြန်တော့လည်း မြန်မာ့ရုပ်ရှင်နဲ့ အတော်လေးကို တူညီနေတာကိုလည်း တွေ့ရပါတယ်။

### နိမ့်တစ်ခါမြင့်တစ်လှည့်

ကိုရီးယားရုပ်ရှင်ရဲ့ ဖြတ်သန်းမှုကိုကြည့်ရင် ဂျပန်ရဲ့ ကိုလိုနီဘဝ၊ စစ်အစိုးရ၊ အာဏာရှင်အစိုးရနဲ့ ဒီမိုကရေစီအစိုးရလက်အောက်များမှာ မြန်မာ့ရုပ်ရှင်လိုပဲ နိမ့်တစ်ခါမြင့်တစ်လှည့်နဲ့ ဖြတ်သန်းခဲ့ရတာကို တွေ့မြင်ရပါတယ်။ အဖိနှိပ်ခံရတာ၊ အချုပ်ကိုင်ခံရတာလည်း မြန်မာ့ရုပ်ရှင်လောကနဲ့ တစ်ထပ်တည်းပါပဲ။

၁၉၉၇ ခုနှစ်မှာတော့ ခေတ်သစ်ရုပ်ရှင်လောကရဲ့ အရုဏ်ဦးအဖြစ် အမြော်အမြင်ရှိတဲ့အစိုးရက ကိုရီးယားရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ဖို့ မူဝါဒတစ်ရပ်ချမှတ်ပြီး အပြောင်းအလဲတွေ စတင်ခဲ့ပါတယ်။ အဓိကကတော့ ကိုရီးယားရုပ်ရှင်ဥပဒေကို ပြန်ရေးဆွဲခြင်းပါပဲ။ ဒီဥပဒေထဲမှာ ကိုရီးယားရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေဖို့ ရုပ်ရှင်လောကကို အကာအကွယ်ပေးတဲ့၊ ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်စေမယ့်အချက်တွေကို ထည့်သွင်းရေးဆွဲပြဋ္ဌာန်းပေးခဲ့ပါတယ်။

**အဲဒီထဲက အဓိကကျတဲ့အချက်တွေကတော့**

(၁) လွတ်လပ်စွာ အနုပညာဖန်တီးမှုအတွက် မရိုက်မီ ဇာတ်လမ်းတင်ခိုင်း၊ ရိုက်ပြီး ဖြတ်တောက်ခိုင်းတဲ့ အစိုးရက ဖွဲ့စည်းထားတဲ့ ဆင်ဆာဘုတ်အဖွဲ့ကို ဖျက်သိမ်းပြီး လွတ်လပ်တဲ့ Rating Board ဇာတ်ကားအဆင့်အတန်းသတ်မှတ်ရေးအဖွဲ့ကို ဖွဲ့စည်းကာ ရိုက်ကူးပြီးဇာတ်ကားများကို အဆင့်ငါးဆင့်ခွဲခြားသတ်မှတ်ခြင်း၊

(၂) ရုပ်ရှင်ရဲ့ အခြေခံအဆောက်အအုံများဖြစ်တဲ့ ခေတ်မီစတူဒီယိုများ၊ ရုပ်ရှင်ရုံများ၊ Post House များ တည်ထောင်ခြင်း၊

(၃) ရုပ်ရှင်လောကရဲ့ လူသားအရင်းအမြစ်ဖြစ်ကြတဲ့ အနုပညာ၊ အတတ်ပညာရှင်များကို အဆင့်မြှင့်တင်ပေးဖို့နဲ့ မျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်ဖို့ ရုပ်ရှင်သင်တန်းကျောင်းများ၊ တက္ကသိုလ်များ ထူထောင်ခဲ့ခြင်း စသည်တို့ကို ထည့်သွင်းပြဋ္ဌာန်းခဲ့ပါတယ်။

ဒါတွေကို စီမံခန့်ခွဲအကောင်အထည်ဖော်ဖို့အတွက် ကိုရီးယားဖလင်ကောင်စီ၊ ဆိုးလ်ဖလင်ကောင်စီ၊ ဘူဆန်ဖလင်ကောင်စီ စတာတွေကိုလည်း လွတ်လပ်တဲ့ ရုပ်ရှင်အဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေနဲ့ ဥပဒေနဲ့အညီ ဖွဲ့စည်း တည်ထောင်ခဲ့ကြပါတယ်။

ဒီဖွဲ့စည်းလိုက်တဲ့ ရုပ်ရှင်အဖွဲ့အစည်းတွေအနေနဲ့ ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ဖို့ အကောင်အထည်ဖော်ဖို့အတွက် အစိုးရရဲ့ထည့်ဝင်ငွေ၊ မြို့တော်ကောင်စီများရဲ့ ထည့်ဝင်ငွေ၊ ရုံတင်ရုပ်ရှင်ဇာတ်ကားများရဲ့ ဝင်ငွေမှ အချိုးကျ ထည့်ဝင်ငွေ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်ကြီးများရဲ့ ပူးပေါင်းပါဝင်မှု စတာတွေနဲ့ ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်စေမယ့် ရုပ်ရှင်ဥပဒေပါ အထက်ကအချက် သုံးချက်ကို အကောင်အထည်ဖော်ကြပါတယ်။

ဒီလိုအကောင်အထည်ဖော်ရာမှာ ပုဂ္ဂလိကစီးပွားရေးကုမ္ပဏီကြီးများဖြစ်ကြတဲ့ ဒေဝူးကုမ္ပဏီ၊ ဆမ်ဆောင်းနဲ့ အခြားကုမ္ပဏီကြီးများရဲ့ ပံ့ပိုးကူညီမှုတွေဟာလည်း ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်မှု အရှေ့ကို ပိုလို့မြန်ဆန်စေခဲ့တယ်လို့ ဆိုပါတယ်။

ဒီနေရာမှာ ထူးခြားမှုတစ်ခုက အဲဒီရုပ်ရှင်နဲ့ပတ်သက်တဲ့ ကိုရီးယားဖလင်ကောင်စီဆိုရင် အစိုးရရဲ့အထောက်အပံ့၊ ဆိုးလ်ဖလင်ကောင်စီဆိုရင် ဆိုးလ်မြို့တော် မြူနီစီပယ်ကောင်စီရဲ့ အထောက်အပံ့၊ ဘူဆန်ဖလင်ကောင်စီဆိုရင် ဘူဆန်မြို့တော် မြူနီစီပယ်ကောင်စီရဲ့ အထောက်အပံ့နဲ့ ရပ်တည်ရုံမက အဲဒီကောင်စီများမှာ မြို့တော်ဝန်များက နာယကကြီးများအနေနဲ့ ပါဝင်ကြပေမယ့် ရုပ်ရှင်နဲ့ပတ်သက်တဲ့မူဝါဒတွေ၊ စီမံကိန်းတွေကို အဲဒီရုပ်ရှင်ကောင်စီတွေအနေနဲ့ အနှောင်အဖွဲ့ကင်းစွာ လွတ်လွတ်လပ်လပ် လုပ်ကိုင်ခွင့်ရကြခြင်းပဲဖြစ်ပါတယ်။

"ကျွန်တော်တို့မှာ ရုပ်ရှင်အသင်းအဖွဲ့အသီးသီးက ရွေးချယ်စေလွှတ်လိုက်တဲ့ ကိုယ်စားလှယ်ရှစ်ဦးနဲ့ ကော်မတီဖွဲ့ထားပါတယ်။ ကျွန်တော်တို့လက်အောက်မှာ ဝန်ထမ်းအဖွဲ့အစည်းရှိပြီး ဝန်ထမ်းပေါင်းရာနဲ့ချီရှိပါတယ်။ အစိုးရရဲ့ နှစ်စဉ်ထောက်ပံ့ငွေ၊ ရုပ်ရှင်ရုံဝင်ငွေရဲ့ ငါးရာခိုင်နှုန်းကောက်ခံရရှိငွေတွေနဲ့ စီမံကိန်းတွေကို လွတ်လပ်စွာ အကောင်အထည်ဖော်ကြပါတယ်။"

ဒါကတော့ Korean Film Council (KOFIC) ဥက္ကဋ္ဌရဲ့ ပြောစကားဖြစ်ပါတယ်။

"ရုပ်ရှင်တွေကို လွတ်လပ်စွာဖန်တီးလာနိုင်တာနဲ့အမျှ ပရိသတ်စိတ်ဝင်စားတယ်၊ ဝင်ငွေတိုးတက်လာတယ်။ ဒီဝင်ငွေထဲက ငါးရာခိုင်နှုန်းကို အခြေခံအဆောက်အအုံတွေ၊ လူသားအရင်းအမြစ်တွေအတွက် ပြန်သုံးတယ်။ အဲဒီလိုသုံးတော့ ပိုမိုအဆင့်အတန်းမြင့်တဲ့ ရုပ်ရှင်ဇာတ်ကားတွေကို ဖန်တီးလာနိုင်တယ်။ ဒီတော့ ဈေးကွက်ကျယ်ပြန့်လာတယ်။ ဝင်ငွေထပ်တိုးလာပြန်တယ်။ ကျွန်မတို့အနေနဲ့ ကိုရီးယားရုပ်ရှင်တွေအတွက် "အကောင်းကျော့သံသရာစက်ဝိုင်းတစ်ခု"ကို ဖန်တီးနိုင်ခြင်းပါပဲ။"

Coffee Shop မှာ ထိုင်ရင်း ပြောပြတဲ့ Busan Film Commission Location Manager ဆိုးဝန်ရဲ့ ပြောစကား ဖြစ်ပါတယ်။

### ခွဲဝေသုံးစွဲ

ကိုရီးယားရုပ်ရှင်ဥပဒေမှာ ပြည်တွင်းထုတ်လုပ်တဲ့ ရုပ်ရှင်ဇာတ်ကားများအပေါ် ပွဲခွန်တော်(သို့မဟုတ်) ရောင်းဝယ်ခွန်ကို အစိုးရကကောက်ခံခြင်းမရှိဘဲ ရုပ်ရှင်ရုံတင်ပြသလို့ရတဲ့ ဝင်ငွေရဲ့ ငါးရာခိုင်နှုန်းကို ဖြတ်တောက်ပြီး ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အထက်ပါအဖွဲ့အစည်းများက ခွဲဝေသုံးစွဲကြပါတယ်။

"၁၉၉၇ ခုနှစ်မတိုင်ခင်က တစ်နိုင်ငံလုံးမှာ ပိတ်ကားပေါင်း ၂၀၀ ကျော်ရှိခဲ့ရာက အခု ၂၀၁၈ ခုနှစ်မှာ ရုပ်ရှင်ပိတ်ကားပေါင်း ၂၇၀၀ ရှိခဲ့ပါတယ်။ ဒီအခန်းထဲကနေပြီး တစ်နိုင်ငံလုံးမှာရှိတဲ့ ရုပ်ရှင်ရုံတွေမှာ ဘယ်ဇာတ်ကား ပရိသတ်ဘယ်လောက်ကြည့်ရှုပြီး ဝင်ငွေဘယ်လောက်ရတယ်ဆိုတာ ရုပ်ရှင်တစ်ပွဲချင်းအထိ အတိအကျသိနိုင်ပါတယ်။ ဒီကိန်းဂဏန်းတွေဟာ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ဖို့ အလွန်အရေးကြီးတယ်။"

ဝန်ထမ်းပေါင်း ၄၀ ကျော်နဲ့ တစ်နိုင်ငံလုံးက ရုပ်ရှင်ရုံ ၂၇၀၀ ကို ကွန်ပျူတာစနစ်နဲ့ ချိတ်ဆက်ဆောင်ရွက်နေတဲ့ "ရုံတင်ပြသရေးစီမံမှုဌာန" အကြီးအကဲရဲ့ ပြောစကားပဲဖြစ်ပါတယ်။

လက်ရှိကျွန်တော်တို့ ရုပ်ရှင်လောကမှာ D ရယ် E ရယ်လို့ အတော်လေးအငြင်းပွားနေတဲ့ ပြသရေးစနစ်နဲ့ ပတ်သက်ပြီး "ကိုရီးယားမှာ ရုပ်ရှင်ကို စနစ်ဘယ်နှမျိုးနဲ့ ပြသလဲလို့" ကျွန်တော်ကမေးတော့. .

"ဟောလိဝုဒ်ကရော၊ ရုပ်ရှင်တိုးတက်တဲ့နိုင်ငံတွေ အများစုကရော ရုပ်ရှင်ဆိုရင် DCP (Digital Cinema Package) နဲ့ပဲ သတ်မှတ်ပါတယ်။ ကိုရီးယားမှာလည်း ၁၀၀ ရာခိုင်နှုန်း (DCP) DCI Compliant စနစ်နဲ့သာ ရိုက်ကူးပြသပါတယ်" လို့ ဖြေပါတယ်။

KOFIC ရဲ့ တာဝန်ရှိသူများက မြန်မာ့ရုပ်ရှင်အကြောင်း သိချင်ပါတယ်ဆိုလို့ ပြန်ကြားရေးဝန်ကြီးရဲ့ ခွင့်ပြုချက်နဲ့ မြန်မာ့ရုပ်ရှင်သမိုင်းကြောင်းနဲ့ လက်ရှိအခြေအနေကို ကျွန်တော်ကပဲ မခြွင်းမချန်ပြောပြခဲ့ပါတယ်။ ဒီနေရာမှာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်ကို အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်လိုပါတယ်။ ရောက်တဲ့နေရာမှာ တွေ့တဲ့အဖွဲ့တိုင်းနဲ့ မိတ်ဆက်ပေးရာမှာ ကျွန်တော့်ကိုလွတ်လပ်တဲ့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရဲ့ ဥက္ကဋ္ဌ တစ်ဦးသာမက ရုပ်ရှင်သရုပ်ဆောင်တစ်ဦးလည်း ဖြစ်ကြောင်း၊ မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ဖို့ ကိုရီးယားရုပ်ရှင်ပညာရှင်များအနေနဲ့ အားမနာတမ်း ပွင့်လင်းစွာအကြံပေးကြဖို့ စေတနာရှိရှိ လမ်းဖွင့်ပေးခဲ့တဲ့အတွက် အခုလို တန်ဖိုးကြီးလှတဲ့ အကြောင်းအရာတွေကို သိခွင့်ရခဲ့တာပါ။

"တို့ဆီမှာ ရုပ်ရှင်မရိုက်ခင် ဇာတ်လမ်းတင်စရာမလိုဘူး၊ လွတ်လပ်စွာအနုပညာဖန်တီးခွင့်ကို အထူးကာကွယ်ပေးတယ်။ ဒီလိုပဲ ကြည့်ရှုတဲ့ပရိသတ် အထူးသဖြင့်ကလေးသူငယ်များနဲ့ လူငယ်များအကျိုးကိုလည်း တစ်ဖက်ကကြည့်ရတယ်။ ရုပ်ရှင်ဇာတ်ကားတွေကို ဖြတ်တောက်ခြင်းမပြုဘူး။ ကြည့်ရှုတဲ့အသက်အရွယ်အလိုက် အဆင့်သတ်မှတ်ပေးတယ်"

"အဆင့်(၅)ဆင့်ခွဲခြားပြီး သတ်မှတ်ပေးတယ်။ တချို့ဇာတ်ကားတွေက သူတို့လိုချင်တဲ့အဆင့်နဲ့ သူတို့ရိုက်ထားတဲ့ တချို့ဇာတ်ဝင်ခန်းတွေက ခွင့်ပြုလို့မရဘူး။ အဲဒါမျိုးကျ သူတို့လိုချင်တဲ့ အဆင့်မျိုးရအောင် ကျွန်မတို့က ပြန်ပြင်ရိုက်ခိုင်းတယ်။ ဒါပေမယ့် ဘယ်လိုပြန်ပြင်ပါလို့ ကျွန်မတို့က ညွှန်ကြားခြင်းမရှိပါဘူး။"

ဒါကတော့ Korea Media Rating Board ဥက္ကဋ္ဌရဲ့ ရှင်းပြမှုပဲ ဖြစ်ပါတယ်။ တစ်ဆက်တည်းရှင်းပြတာက " ၁၉၉၇ ခုနှစ်နဲ့ Rating စနစ်ပြောင်းပြီးနောက်ပိုင်း ရုပ်ရှင် လေး၊ ငါး ကားကို တချို့လူပုဂ္ဂိုလ်နဲ့ အဖွဲ့အစည်းတွေက တရားစွဲဆိုတာ ရှိခဲ့ပါတယ်။ ဒါပေမယ့် တစ်မှုမှ အပြစ်မကျခဲ့ဘူး။ လွတ်လပ်စွာ အနုပညာဖန်တီးခွင့်ကို ဥပဒေနဲ့အညီ အပြည့်အဝ ကာကွယ်ပေးထားလို့ပါ။"

တစ်ဆက်တည်းမှာပဲ Rating Board အဖွဲ့ဝင်တွေ အကဲဖြတ်နေတဲ့ ဇာတ်ကားတစ်ကားရဲ့ ဇာတ်ဝင်ခန်းတစ်ခုကိုလည်း လေ့လာခွင့်ရခဲ့ပါတယ်။ ကမ္ဘာကျော် Taxi Driver ဇာတ်ကားထဲက နာမည်ကြီး မင်းသားကြီး ကင်ဟိုဆောင်း ပါဝင်တဲ့ ဇာတ်ကားတစ်ခုပါ။

လမ်းကြားတစ်ခုထဲမှာ ကင်ဟိုဆောင်း. . . နဲ့ လူငါးယောက်တို့ ဓားကိုယ်စီနဲ့ တိုက်ခိုက်နေကြတယ်။ လူတစ်ယောက်ရဲ့ လည်ပင်းကသွေးတွေပန်းထွက်၊ ကင်ဟိုဆောင်းနဲ့ လူတစ်ယောက်လုံးထွေးပြီး လမ်းပေါ်လဲကျသွားပြီ။ ကင်ဟိုဆောင်းရဲ့ လက်ထဲကဓားက အောက်ကလူရဲ့ ဝမ်းဗိုက်ထဲ နစ်ဝင်သွားတာကို အနီးကပ်ရိုက်ချက်နဲ့ ပြတယ်။ ဓားကို ဆွဲထုတ်လိုက်တော့ ပန်းထွက်လာတဲ့ သွေးတွေက ကင်မရာမှန်ဘီလူးကို လာစဉ်ပါတယ်။

### Black Market

နံဘေးမှာရှိနေတဲ့ ကျွန်တော်တို့ ရုပ်ရှင်အစည်းအရုံးကိုရောက်ဖူးတဲ့ Rating Board က မိန်းမချောလေးကို "ဒီအခန်းကို ပြင်ရိုက်ခိုင်းမှာလား" လို့ ကျွန်တော်က မေးတော့. . သူ့အဖြေက "No..No..This is $18^{+}$"ပါတဲ့။

"၁၉၉၉ ခုနှစ်မှာ Yellow Hair ဇာတ်ကားနဲ့ Lies ဇာတ်ကား၊ ၂၀၁၀ ပြည့်နှစ်မှာ I Saw the devil ဇာတ်ကား၊ ၂၀၁၄ မှာ The interview ဇာတ်ကားတွေနဲ့ အငြင်းပွားမှုတွေရှိခဲ့တယ်။ Lies ဇာတ်ကားထုတ်လုပ်သူက Rating Board ကို တရားစွဲတဲ့အထိ ဖြစ်ကြတယ်။ နောက်ဆုံး နှစ်ဦးနှစ်ဖက် ပိုကောင်းမွန်တဲ့ အဖြေတစ်ခုကို ရှာနိုင်ခဲ့ကြတယ်။ အဆင့်သတ်မှတ်ပေးနိုင်ခဲ့တယ်။ အဲဒီလိုအငြင်းပွားတဲ့အခါ လူပိုကြည့်အောင် လုပ်ပေးသလိုလည်း ဖြစ်သွားတယ်။ The interview ဇာတ်ကားဆို ရုံတင်ခွင့်မပေးဘူး။ ဒါပေမယ့် အပြင်မှာ Black Market မှာပြတယ်။ ဒါကို အရေးယူဖို့မရှိဘူး" လို့ သူကဆက်ရှင်းပြပါတယ်။

ရုပ်ရှင်မျိုးဆက်သစ်တွေကို မွေးထုတ်ပေးနေတဲ့ ဘူဆန်ရုပ်ရှင်အကယ်ဒမီ၊ Busan Asian Film School နဲ့ Korea National University of Arts ကိုလည်း ရောက်ရှိလေ့လာခွင့်ရပါတယ်။ Busan Asian Film School ကို လေ့လာလို့အပြီး ဒီကျောင်းမှာ ရုပ်ရှင်ထုတ်လုပ်မှု စီမံခန့်ခွဲရေးဘာသာရပ်ကို ရှစ်လတာလာရောက်သင်ယူနေတဲ့ မြန်မာနိုင်ငံက မောင်စိုးအာကာထွန်းကို အဖွဲ့က မုန့်ဖိုးချီးမြှင့်တော့ အိမ်ရှင် ကိုရီးယားမိတ်ဆွေကပါ ဝမ်းသာအားရ သြဘာပေးကြတာလည်း ကြည်နူးစရာပါ။

ဒါ့အပြင် ရုပ်ရှင်ဇာတ်ကားတစ်ကားလုံးကို အစအဆုံးဖန်တီးရိုက်ကူးနိုင်သည်အထိ အဆင့်မြင့်နည်းပညာများနဲ့ တည်ဆောက်ထားတဲ့ Seoul Cinema Studio ကြီးကို ရောက်တော့ . . .

"ဘယ်လောက်ပဲ နည်းပညာတွေအဆင့်မြင့်လာပေမယ့် ရုပ်ရှင်ရိုက်ကူးဖို့အတွက် စတူဒီယိုဆိုတာ မဖြစ်မနေလိုအပ်နေဦးမှာပါ။ ပြင်ပမှာရိုက်ကူးခြင်းထက် အချိန်၊ ငွေ၊ လုပ်အားတွေသက်သာစေတယ်။ အထူးသဖြင့် ဖန်တီးကြတဲ့၊ ပါဝင်သရုပ်ဆောင်ကြတဲ့ အနုပညာရှင်တွေရဲ့ ဈာန်ဝင်စားမှုကို၊ အာရုံစူးစိုက်မှုကို အကာအကွယ်ပေးနိုင်တာက စတူဒီယိုအတွင်း ရိုက်ကူးမှုရဲ့ အရေးအကြီးဆုံးအကျိုးကျေးဇူးတစ်ခုပါပဲ။"

စတူဒီယိုကြီးရဲ့ တာဝန်ခံအကြီးအကဲရဲ့ မှတ်ချက်ပဲဖြစ်ပါတယ်။

Seoul Film Commission ကို ရောက်ကြတော့ ကော်မရှင်အဖွဲ့ဝင်လည်းဖြစ်၊ ကိုရီးယားရုပ်ရှင်ဒါရိုက်တာအသင်းရဲ့ ဥက္ကဋ္ဌလည်းဖြစ်တဲ့ နာမည်ကျော်ဒါရိုက်တာကြီး အီဂျန်းဟိုးက

"လွတ်လပ်စွာ အနုပညာဖန်တီးမှုက ရုပ်ရှင်တိုးတက်ဖို့အတွက် အရေးကြီးဆုံးအချက်ပဲ၊ ကိုယ်ရိုက်တဲ့ရုပ်ရှင်ကို လူတွေ အချိန်ကုန်၊ ပိုက်ဆံကုန်ခံ လာကြည့်ဖို့ဆိုတာ လွယ်တာမှမဟုတ်တာ၊ ဒီလိုလာကြည့်စေဖို့ လွတ်လပ်စွာ ဖန်တီးနိုင်မှ ဆွဲဆောင်နိုင်မှာ"

"ကိုရီးယားမှာ လူဦးရေ ၅၂ သန်းရှိတယ်။ အခု လူတစ်ယောက် တစ်နှစ်ကို အနည်းဆုံးရုပ်ရှင်ကားလေးကားကြည့်တယ်။ ရုပ်ရှင်တစ်ခါကြည့်ရင် ဝမ်ခုနစ်ထောင်ပေးရတယ်။ မင်းတွက်ကြည့်ပေါ့၊ အဲဒါ ပြည်တွင်းဝင်ငွေပဲရှိသေးတယ်"

သူပြောတဲ့ ကိန်းဂဏန်းတွေကို စိတ်တွက်နဲ့ ပေါင်းနှုတ်မြှောက်စားလုပ်ကြည့်ရင်း ရလာတဲ့ကိန်းဂဏန်းက မယုံနိုင်စရာပါပဲ။ ကိုရီးယားရုပ်ရှင်ရဲ့ ပြည်တွင်းဈေးကွက်ပမာဏက ကျွန်တော့်အတွက် မယုံနိုင်လောက်အောင် အားကျစရာပါ။

### အပြောင်းအလဲတစ်ခုလုပ်ဖို့

သူပြောတဲ့ကိန်းဂဏန်းတွေနဲ့ တွေဝေမိန်းမောနေတဲ့ ကျွန်တော့်ကို ဒါရိုက်တာကြီး အီဂျန်းဟိုးက "စိတ်ဓာတ်မကျပါနဲ့ "ဇင်"အခုမင်းတို့လာတဲ့အဖွဲ့မှာ အစိုးရဘက်က ဝန်ကြီးကိုယ်တိုင်ပါတယ်။ ရုပ်ရှင်သမားတွေကိုယ်စား မင်းပါတယ်။ ပြီးတော့ ရုပ်ရှင်ဖွံ့ဖြိုးဖို့ ပံ့ပိုးချင်တဲ့ ပုဂ္ဂိုလ်တွေလည်းပါတယ်။ ပြီးတော့ မင်းတို့အားလုံး မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ဖို့ အပြောင်းအလဲတစ်ခုလုပ်ဖို့ ဆန္ဒပြင်းထန်နေကြတာတွေ့ရတယ်။ မင်းတို့ အောင်မြင်မှာပါ။ အချိန်တော့လိုတာပေါ့"တဲ့။

ညဘက် ကျွန်တော်တို့ကို ကိုရီးယားရိုးရာအစားအသောက်များနဲ့ ညစာလိုက်ကျွေးရင်းစကားပြောကြတော့ " အစိုးရကပဲ ဖြစ်ဖြစ်၊ လုပ်ငန်းရှင်တွေကပဲဖြစ်ဖြစ် ဘယ်လောက်ပဲ ဝိုင်းကူကူ တကယ်လုပ်ရမှာက ရုပ်ရှင်သမားတွေပဲ။ သူတို့ကပံ့ပိုးရုံပဲတတ်နိုင်တယ်။ ပရိသတ်ကို ဆန်းသစ်တဲ့အတွေးအခေါ်တွေ၊ ထူးခြားတဲ့ တင်ပြပုံတွေနဲ့ ဘယ်လိုအနုပညာပစ္စည်းတွေပေးမလဲဆိုတာက တို့ရုပ်ရှင်အနုပညာရှင်တွေ လုပ်မှရတာ ညီလေး၊ Mindset တွေပြောင်းရမယ်။ အဓိကဇာတ်ညွှန်းက စပြောင်းရမယ်. . . "။

Seoul Film Commission ရဲ့ ဒုတိယဥက္ကဋ္ဌလည်းဖြစ်၊ ကိုရီးယားရုပ်ရှင်အစည်းအရုံးရဲ့ ဥက္ကဋ္ဌလည်းဖြစ်တဲ့ ဇာတ်ညွှန်းရေးဆရာကြီး ဂျီဆန်းဟတ်ရဲ့ တန်ဖိုးရှိလှတဲ့စကားပါခင်ဗျာ။

ဟုတ်ပါတယ်။ အနာကိုလည်းသိပြီ၊ ဆေးလည်းရှိနေပြီ။ တိုးတက်ချင်စိတ်လည်းရှိတယ်။ တိုးတက်နိုင်မယ့် နည်းလမ်းကိုလည်း သိတယ်။ တကယ်လုပ်ကြရမှာက ကျွန်တော်တို့ တာဝန်ပါပဲ။

ညဘက်တည်းခိုရာ ဟိုတယ်ကိုအပြန် ကားပေါ်မှာ အဖွဲ့သားတွေအားလုံး အတွေးကိုယ်စီနဲ့ ငြိမ်သက်တိတ်ဆိတ်လို့ နေပါတယ်။ သူတို့ဘာတွေတွေးနေကြပါလိမ့် ကျွန်တော်မသိပါ။ ကျွန်တော်ကတော့ ကဗျာဆရာမကြီး ငွေတာရီရဲ့ "သာသည့်မြေသို့" ကဗျာလေးကို တိုးတိုးလေးရွတ်နေမိပါတော့တယ်။

### သာသည့်မြေသို့

**သူ့မြေမှာ**
**ဖြူပြာပွင့်ရင်ဖြင့်**
**ငါ့မြေမှာ**
**နီဝါတင့်ရမပေါ့**
**အခွင့်အခါမျှော်လို့**
**ဥယျာဉ်တော်**
**သာယာရေးကိုလ**
**ရှုမြင်မျှော်**
**အခါခါတွေးပါလို့**
**မနေးပင်အားအင်ထုတ်လို့ရယ်**
**ပေါင်းနုတ်ဖို့ခဲ။ (ငွေတာရီ)**

# ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် ဂျပန်မှယန်း သန်း ၈၀၀ ကူညီမည်

**ရန်ကုန် စက်တင်ဘာ ၁၁**
ရန်ကုန်မြို့၏ မြို့ပြသယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် ဂျပန်နိုင်ငံအစိုးရမှ JICA အစီအစဉ်ဖြင့် ၂၀၂၀ ခုနှစ်အထိ ဂျပန်ယန်းသန်း ၈၀၀ ကို ပေးအပ်ကူညီသွားရန် မြန်မာအစိုးရနှင့် ကတိကဝတ်များ ပြုထားကြောင်း JICA Myanmar Office မှ Chief Representative Mr. Masayuki KARASAWA က ပြောကြားသည်။

ယခုအခါတွင် ဂျပန်နိုင်ငံအစိုးရနှင့် ဂျပန်ပြည်သူလူထုတို့ပူးပေါင်းကာ JICA အစီအစဉ်ဖြင့် ရန်ကုန်မြို့ရှိ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ RBE မီးရထားစက်ခေါင်းတွဲဆိုင်းများ ပေးအပ်ကူညီခြင်းနှင့် တံတားတည်ဆောက်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်းသိရသည်။

ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ရန်ကုန်မြို့တော်၏နေထိုင်သူ လူဦးရေသည် ယခုအခါတွင် လူဦးရေ ငါးသန်းကျော်အထိ တိုးတက်လာခဲ့ပြီဖြစ်ရာ လာမည့် ၂၀၃၅ ခုနှစ်တွင် နေထိုင်သူဦးရေ ရှစ်သန်းကျော်ခန့်ရှိလာမည်ဟု မျှော်မှန်းထားကြောင်း၊ ထိုအခိုက် မြို့နေလူထု၏ နေ့စဉ်ဘဝများကို အကျိုးသက်ရောက်မှုရှိနေသော ယာဉ်ကြောကျပ်တည်းမှုကို ဖြေရှင်းနိုင်ရန် မြို့ပြသယ်ယူပို့ဆောင်ရေးနှင့် အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုများအတွက် အရေးတကြီးလိုအပ်မှုများသည် ရန်ကုန်မြို့ပြ၏ စိန်ခေါ်မှုလိုအပ်ချက်များ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း JICA Myanmar Office မှ သိရသည်။

ထို့ကြောင့် ယင်းအကူအညီအတွက် ဂျပန်အစိုးရမှ JICA အစီအစဉ်ဖြင့် ပဲခူးမြစ်ကူးတံတားတည်ဆောက်ရေးစီမံကိန်း၊ ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ခြင်းစီမံကိန်း၊ မြို့ပြသယ်ယူပို့ဆောင်ရေးအမြန်ရထားလိုင်း RBE ရထားလိုင်းများ ဖြစ်မြောက်နိုင်ရေးကို ဂျပန်နိုင်ငံအစိုးရမှ JICA အစီအစဉ်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့်ပူးပေါင်းကာ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ယခုအခါ သက်ဆိုင်ရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်ပူးပေါင်း၍ မဟာရန်ကုန်ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်၊ အမျိုးသားသယ်ယူပို့ဆောင်ရေး ပင်မစီမံချက်များကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့ကြီးနှင့် ပတ်ဝန်းကျင်ဒေသများတွင် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်၊ ယာဉ်လမ်းကြောင်းပိတ်ဆို့မှု လျှော့ချရန်နှင့် သွားလာရေးလွယ်ကူစေရန် စသော ရည်ရွယ်ချက်များဖြင့် JICA နှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနတို့၏ ပူးပေါင်းစီစဉ်ဆောင်ရွက်မှု၊ ဂျပန်နိုင်ငံ၏ ကူညီထောက်ပံ့မှုအစီအစဉ်ဖြင့် ဒေါပုံတံတားတည်ဆောက်ရေးစီမံကိန်းကို ဂျပန်ယန်း သန်းပေါင်း ၄၂၁၆ သန်းဖြင့် ၂၀၁၅ ခုနှစ် ဧပြီလပိုင်းက လုပ်ငန်းစတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ထို့အပြင် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီအနေဖြင့် မြန်မာနိုင်ငံတွင် လက်ရှိ အထောက်အပံ့စီမံကိန်းအပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စွမ်းဆောင်ရည်တိုးတက်စေရန်အတွက် သင်တန်းများကိုလည်း ပံ့ပိုးပေးလျက်ရှိပြီး ထိုသို့ပံ့ပိုးခြင်းသည် အမျိုးသားငွေပေးချေမှုစနစ် ချောမွေ့စွာ လည်ပတ်နိုင်ရေးအတွက် အထောက်အပံ့ကောင်း တစ်ခုဖြစ်ကြောင်း JICA Myanmar Office မှ သိရသည်။

**ပွင့်သစ္စာ**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ဆွာမြို့တို့ရှိ ရေဘေးသင့်ပြည်သူများအတွက် တစ်မြို့လျှင် ကျပ်သိန်း ၅၀ ခန့်တန်ဖိုးရှိ တိုင်းရင်းဆေးဝါးမျိုးစုံနှင့် ဆန်၊ ဆီ၊ အဝတ်အထည်များကို မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)နှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း(ယာယီ)တို့မှ တာဝန်ရှိသူတို့က စက်တင်ဘာ ၁၀ ရက်တွင် တောင်ငူမြို့ မြစည်းခုံသာသနာ့ဗိမာန် ရေဘေးကူညီရေးဌာနနှင့် ဆွာမြို့ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းအနီး ဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းသို့ သွားရောက်လှူဒါန်းစဉ်။

**အောင်ထွန်း**

## မန္တလေးတွင် ဆောက်လက်စ နေကြာစားအုန်းဆီစက်ရုံ ပြိုကျ အလုပ်သမား ကိုးဦး ဒဏ်ရာရ

**မန္တလေး စက်တင်ဘာ ၁၁**
မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ်ရှိ ဆောက်လက်စ နေကြာစားအုန်းဆီစက်ရုံ အဆောက်အအုံသည် ယနေ့ မွန်းလွဲပိုင်းက ပြိုကျသဖြင့် အလုပ်သမား ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်က ပုသိမ်ကြီးမြို့နယ် ရေလှောင်အုပ်စု ရေလှောင်ကျေးရွာ ရွာသစ်ကလေးကွင်းရှိ စတီးသံဖရိန်များဖြင့် ဆောက်လုပ်ထားသော နေကြာစားအုန်းဆီစက်ရုံ ပထမထပ် ပြိုကျမှု ဖြစ်ပွားခဲ့သည်။ ယင်းနှစ်ထပ်အဆောက်အအုံ၏ ပထမထပ် ပြိုကျခဲ့ခြင်းဖြစ်ပြီး အလုပ်သမား ကိုးဦးဒဏ်ရာ (မစိုးရိမ်ရ)ရရှိခဲ့သဖြင့် မန္တလေး အထွေထွေရောဂါကုဆေးရုံသို့ တင်ပို့ထားကြောင်း သိရသည်။

**အိမ့်မို့မို့ခိုင်**

## ရေပူနှင့်မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၈၄ စီး၊ သွင်းကုန် အစီး ၅၁၀၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅ စီး၊ သွင်းကုန် ၁၉၅ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၉၂၅ သန်းခန့်)၊ မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၈၇၇ သန်းခန့်) စုစုပေါင်းတားဆီးမှု ဆယ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၈၀၂ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၁၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ် တစ်စီးပေါ်တွင် Gas Stove (Household) (25)U၊ Toner(3)Pkgs၊ Lower Sleeved Roller(2)Pkgs၊ TOYOTA Alphard ယာဉ်တစ်စီးပေါ်တွင် ကလေးဝတ်အင်္ကျီ၊ ဘောင်းဘီ ၁၀၂၁ ထည်နှင့် TOYOTA Wish ယာဉ်တစ်စီးပေါ်တွင် ဆိုင်ကယ်စပ်ဆက်ပစ္စည်းမျိုးစုံ ၁၀ မျိုး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၉၂၅ သန်းခန့်)ကို တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့လယ်ရှိ City Star Hotel ၌ မီးလောင်မှုဖြစ်

**ရန်ကုန် စက်တင်ဘာ ၁၁**
ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်း (အလယ်ဘလောက်)ရှိ City Star Hotel ၌ ယနေ့ညနေပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ညနေ ၃ နာရီ ၁၀ မိနစ်ခန့်က ကျောက်တံတားမြို့နယ် အမှတ်(၂)ရပ်ကွက် မဟာဗန္ဓုလပန်းခြံလမ်း (အလယ်ဘလောက်)ရှိ City Star Hotel သုံးလွှာ အခန်းအမှတ် (၃၀၅) ရှိ အဲကွန်း အပူလွှန်ကဲရာမှ မီးစတင်လောင်ခဲ့သဖြင့် အခန်းအတွင်းရှိ အိပ်ရာနှင့်အသုံးအဆောင်များ ပျက်စီးဆုံးရှုံးခဲ့သည်။

အခင်းဖြစ်နေရာသို့ ကျောက်တံတားမြို့နယ် မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ် လေးစီးအပါအဝင် အခြားမြို့နယ်အသီးသီးမှ မီးငြှိမ်းသတ်ယာဉ် ၁၂ စီး၊ အထောက်အကူပြုယာဉ် ငါးစီး၊ ကွပ်ကဲမှုယာဉ် သုံးစီးတို့ဖြင့် သန္ဓေ မီးသတ်တပ်ဖွဲ့ဝင် ၁၀၈ ဦးနှင့် အရန် မီးသတ်တပ်ဖွဲ့ဝင် ၁၈ ဦးတို့က မီးငြှိမ်းသတ်ခဲ့ကြရာ ညနေ ၃ နာရီ မိနစ်၄၀ တွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ဟိုတယ်ဝန်ထမ်းများကလည်း မီးသတ်ဆေးဘူး သုံးဘူးဖြင့် ကနဦး မီးငြှိမ်းသတ်ခဲ့ကြပြီး မီးလောင်ရာနေရာတစ်ဝိုက်အား ယာဉ်ကြောပတ်ဆို့မှုမဖြစ်ပွားစေရန် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ဟိုတယ်မန်နေဂျာ ဦးထွန်းထွန်းဦးအား ကျောက်တံတားမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**

**မီးသတ်ပြု**

### ထင်သာမြင်သာ ပြုပြင်စရာ

## ချိန်းအိုဗာမီးခလုတ်များ ကောင်းစေချင်

မရမ်းကုန်းမြို့နယ် (၇)ရပ်ကွက် 7 Mile Hill ရှိ တိုက်အမှတ် (A-4)၌ လျှပ်စစ်မီးယာယီပြတ်တောက်မှုကြောင့် မီးစက်ဖြင့် ဓာတ်အားပြန်လည်ပေးနိုင်ရေးအတွက် လျှပ်စစ်မီး အတင်၊ အချပြုလုပ်ရန် ဆောင်ရွက်ပေးရသော Chainover Switch မှ Loose Contact ဖြစ်သဖြင့် ဓာတ်လှေကားအတွင်း ပိတ်မိနေသူတစ်ဦးကို မရမ်းကုန်းမြို့နယ် မီးသတ်တပ်ဖွဲ့က ဘေးကင်းစွာ ကယ်ထုတ်နိုင်ခဲ့သည်။ အဆိုပါ ဖြစ်စဉ်မျိုး မဖြစ်ပွားစေရေး ဓာတ်လှေကားအသုံးပြုသည့် အဆောက်အအုံ၊ အိမ်ရာများရှိ Chainover Switch များ အစဉ်အမြဲကောင်းမွန်နေရန် အခါမလပ် စစ်ဆေးဆောင်ရွက်ထားသင့်ကြောင်း ရပ်ကွက်နေသူတစ်ဦးထံမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် မင်းကြီးလမ်းရှိ အစိုးရနည်းပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၇ ရက်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်အေးက ကျောင်းသား ကျောင်းသူများအား မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောစဉ်။

**ကိုရဲ**

# ပခုက္ကူဦးအုံးဖေစာပေဆုရစာရေးဆရာကြီးသုံးဦး၏ ဝမ်းသာကြည်နူးမှုပုံရိပ်များ

သစ္စာ

နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုနှင့်စာပေသည် ထိုနိုင်ငံ ဩဇာကြီးမားမှုကို ပြသလေ့ရှိသည်။ စာပေမြင့်လျှင် ယဉ်ကျေးမှုအဆင့်အတန်းလည်း မြင့်မားတတ်သောကြောင့် စာပေသည် နိုင်ငံတိုင်းအတွက် အလေးထားတန်ဖိုးထားသောကဏ္ဍတွင် ယနေ့တိုင် ရပ်တည်လျက်ရှိသည်။ စာပေမြင့်လျှင် လူမျိုးတင့်သည်ဟူသော စကားနှင့်အညီ နိုင်ငံတော်မှ စာပေတွင်ထူးချွန်သူများ၊ နိုင်ငံနှင့်လူမျိုးအတွက် အကျိုးရှိစေမည့် စာပေများကို ရေးသားသော စာရေးဆရာကြီးများကို နှစ်စဉ်ဆုများချီးမြှင့်လျက်ရှိသည့်နည်းတူ စာကြည့်တိုက်များကလည်း တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးပြုစေမည့် စာပေများကို ထိုက်တန်သည့်ဆုများဖြင့် ချီးမြှင့်လျက်ရှိရာ မကြာမီတွင် ပခုက္ကူဦးအုံးဖေစာပေဆုကို ချီးမြှင့်မည်ဖြစ်၍ ဆုရရှိသော စာရေးဆရာကြီး ၁၄ ဦးမှ ဆရာသုံးဦး၏ ရင်ဖွင့်စကား ပီတိသံတို့ကို ဤသို့ကြားသိခဲ့ရပါသည်။

**ဒေါက်တာသန်းဦး**

ဆရာသည် ယခုအခါ အသက် ၉၁ နှစ်ရှိပြီဖြစ်သည်။ အနှစ် ၆၀ ကျော်စာပေခရီးတွင် စုန်၊ ဆန်ခရီးနှင်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ ၁၉၅၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘီအေ (အီးဒီ) ဘွဲ့ကို ဂုဏ်ထူးနှစ်ဘာသာဖြင့် ပထမရရှိ အောင်မြင်ခဲ့သူဖြစ်သည်။ ၁၉၆၀ တွင် ဘီအီးဒီဘွဲ့ကို ပထမရရှိပြီး ရွှေတံဆိပ်ဆုရခဲ့၍ ၁၉၆၃ ခုနှစ်တွင် အမ်အီးဒီဘွဲ့ကို အမေရိကန်ပြည်ထောင်စု ဟာဝေယီတက္ကသိုလ်မှ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သူဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့နှင့် ဟာဝေယီတက္ကသိုလ်မှ ဂုဏ်ထူးဆောင်လူထုအကျိုးပြုစာပေပါရဂူဘွဲ့တို့ကို ရရှိခဲ့ပါသည်။ အခြေခံပညာဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် ၁၉၇၇ ခုနှစ်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉ ၈၅ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ ဆရာသည် မြန်မာနိုင်ငံစာတတ်မြောက်ရေးဗဟိုကော်မတီတွင် အတွင်းရေးမှူးအဖြစ် ၁၉၆၄ ခုနှစ်တွင် စတင်ထမ်းဆောင်ခဲ့ရာ ၁၉၇၁ ခုနှစ်တွင် စာတတ်မြောက်ရေးကြိုးပမ်းဆောင်ရွက်မှုအတွက် ယူနက်စကိုအဖွဲ့ချုပ်က ဂုဏ်ပြုချီးမြှင့်သော ယူနက်စကိုဆု (မိုဟာမက်ရီဇာဖာလာဗီ) ဆုကို ပြင်သစ်နိုင်ငံ ပါရီမြို့တွင် မြန်မာနိုင်ငံကိုယ်စားတက်ရောက်လက်ခံယူခဲ့သူဖြစ်သည်။

၁၉၉၉ ခုနှစ်တွင် ဆရာသည် မြန်မာနိုင်ငံပညာရေးသမိုင်းစာအုပ်ဖြင့် အမျိုးသားစာပေဆုကို ရရှိခဲ့ပြီး ယခုအခါ ဆရာကြီးပခုက္ကူဦးအုံးဖေ၏ တစ်သက်တာစာပေဆုကို ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ၊ ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်နေဆဲဖြစ်သည်။

ဆရာက "ကျွန်တော်စာရေးတာ ၁၉၅၀ ခုနှစ်က စတင်ခဲ့တာပါ။ အခုဆိုရင် စာရေးသက် ၆၈ နှစ်ရှိပါပြီ။ ရန်ကုန်တက္ကသိုလ်ကို ၁၉၅၂ ခုနှစ်မှာ ရောက်တယ်။ အဲ့ဒီမတိုင်မီက ဗကသ ကျောင်းသား ခေါင်းဆောင်အနေနဲ့ လက်ဝဲစာတွေရေးတာပေါ့။ ၁၉၄၇ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်း ပြည်ကိုတရားလာဟောတော့ ကျွန်တော်တို့က စီစဉ်ပေးရတယ်။ လက်ဝဲစာတွေကို လူထုဂျာနယ်မှာရေးတယ်။ လူထုဦးလှ၊ ဒေါ်အမာတို့နဲ့ပေါ့။ လင်းယုန်ဂျာနယ်၊ ရန်ကျော်ဂျာနယ်မှာလည်းရေးတယ်။ ၁၉၅၂ ခုနှစ်နောက်ပိုင်းမှာ သွေးသောက်တို့၊ ပညာတံခွန်၊ ပညာတန်ဆောင်၊ ပညာလောကတို့မှာ အာရုံပိုပြီးရောက်သွားတယ်။ အခုချိန်ထိ ပညာရေးနဲ့ပတ်သက်ပြီး ရေးပါတယ်။ ကျွန်တော် ပညာအမွေပေးချင်ခဲ့တယ်။ ရန်ကုန်တက္ကသိုလ်မှာ ဂုဏ်ထူးတန်းနဲ့ မဟာတန်းကို အချိန်ပိုင်းပါမောက္ခအဖြစ်နဲ့ ကျွန်တော်စာသင်ကြားပေးနေတာ လေးနှစ်ကျော်ပါပြီ။ ပညာတန်ဆောင်မှာ ပထမဆုံးဥက္ကဋ္ဌက ဦးသန့်ပါ။ ၁၀ ဦးမြောက်ဥက္ကဋ္ဌအဖြစ် ကျွန်တော်က တာဝန်ယူဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံရဲ့ ပညာရေးအကျိုးကို အခုထိသယ်ပိုးဆောင်ရွက်လျက်ပါ။ စာတတ်မြောက်ရေးအတွက် ၁၉၆၄ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်ထိ ဆောင်ရွက်ခဲ့တာဟာ ပြည်သူနှစ်သန်းကျော် စာတတ်မြောက်ခဲ့

> ❝
> **တိုင်းရင်းသားလူမျိုးတစ်ဦးနဲ့တစ်ဦး၊ ရိုးရာယဉ်ကျေးမှုဓလေ့တွေကို အခြားသောတိုင်းရင်းသားများသိရှိပြီး ပေါင်းသင်းဆက်ဆံမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားသွေးစည်းရေး၊ ပြည်ထောင်စုစိတ်ဓာတ်ရင့်သန်ခိုင်မာရေးအတွက်...**
> ❞

တယ်။ ၆၈ နှစ်ကြာ စာပေခရီးမှာ ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုဆိုတာတော့ မှတ်တိုင်တစ်ခုစိုက်ထူနိုင်ခဲ့တယ်လို့ မြင်တယ်" ဟု ပြောကြားပါသည်။

ဆရာသည် ကျောင်းသားဘဝကပင် နိုင်ငံရေး၊ စီးပွားရေးဆောင်းပါးများ၊ ပညာရေးဆောင်းပါးများ ရေးသားခဲ့ပြီး ယနေ့ကာလအထိ ပညာတန်ဆောင်မဂ္ဂဇင်း၊ မြတ်ပညာမဂ္ဂဇင်းတို့တွင် ပညာရေးဆောင်းပါးများ၊ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ဆောင်းပါးများ၊ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်ဆောင်းပါးများ ရေးသားလျက်ရှိသည်။ စာပေရေးရာဆောင်ရွက်ချက်၊ မြန်မာနိုင်ငံစာတတ်မြောက်ရေးလုပ်ရှားမှု၊ ပညာရေးဆိုင်ရာစွမ်းဆောင်ချက်၊ လူမှုရေးအကျိုးပြုဆောင်ရွက်ချက်တို့ကြောင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၈ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပသော အထူးဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဆရာကြီးအား ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ (Doctor of Letters-Honoris Causa) ကို ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်က ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံစာတတ်မြောက်ရေးလှုပ်ရှားမှုတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့မှုအပေါ် အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီတက္ကသိုလ်က ၂၀၁၅ ခုနှစ် မေလ ၁၆ ရက်နေ့တွင် (၁၀၄) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား၌ အမြင့်ဆုံးစာပေပါရဂူဘွဲ့ဖြစ်သော လူထုအကျိုးပြု ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ (Honorary Doctorate of Human Letters) ကိုလည်း ချီးမြှင့်ခြင်းခံရသောကြောင့် ဆရာကြီးဦးသန်းဦးသည် ပါရဂူဒေါက်တာဘွဲ့နှစ်ထပ်ကွမ်းဟု ညွှန်းဆိုရမည်ဖြစ်သည်။

**ဒေါက်တာဦးဖြေ (ဒေဝယက္ခ)**

ပခုက္ကူဦးအုံးဖေစာပေတိုက်မှ စာအုပ်ဆုရရှိသူ ဒေါက်တာဦးဖြေ (ဒေဝယက္ခ) သည် သုတ၊ ရသစာပေများကို ဝိသဇ္ဇက(ပဲခူး) ကလောင်ဖြင့် ရေးသားသူလည်းဖြစ်သည်။ ဒေါက်တာဦးဖြေသည် စာပေဗိမာန်စာမူဆုသုံးဆုနှင့် အမျိုးသားစာပေဆုရရှိခဲ့ပြီး လုံးချင်းစာအုပ် (၁၀) အုပ်ထုတ်ဝေခဲ့သည်။ ဆရာရေးသားခဲ့သမျှစာအုပ်များမှာ ဟင်းလေးအိုးကြီးသဖွယ် အနှစ်သာရများကိုစုစည်း၍ ကျမ်းစာအုပ်အဖြစ် အဘိဓမ္မာဒေသနာတော်လာဓာတ်ပညာအဖွင့်ကျမ်းကို ရေးသားခဲ့ရာ ပခုက္ကူစာပေတိုက်မှ စာအုပ်ဆုကို ဒေါက်တာဦးဖြေမှ ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာ့ဆေးပညာရပ်များနှင့်ပတ်သက်၍လည်း စာအုပ်၊ စာစောင်၊ စာတမ်းနှင့် ကျမ်းစာများကို ရေးသားပုံနှိပ်ထုတ်ဝေခဲ့သည်။ မြန်မာ့ဆေးပညာရပ်ကို ကမ္ဘာ့နိုင်ငံတို့က သိပ္ပံနည်းကျလက်ခံအသုံးပြုလာလျက်ရှိရာ ယခုအခါတိုင်းရင်းဆေးပညာသည် ရေမြင့်၍ ကြာတင်ခဲ့ပြီဖြစ်သည်။

"၂၀၁၇ ခုနှစ် စာကြည့်တိုက်စာအုပ်ဆုကို ရခဲ့တာပါ။ ဆရာကြီးရဲ့စာကြည့်တိုက်မှာ ဒီစာအုပ်ကို ရှိစေလိုတဲ့အတွက် ပို့ပေးတာပါ။ ဆုအဖြစ် ရွေးချယ်ပြီး ကြေညာပေးတယ်။ စာကြည့်တိုက်မှာ တည်တံ့ခိုင်မြဲပြီးတော့ ကျမ်းစာအုပ်အနေနဲ့ စာကြည့်တိုက်မှာရှိသင့်တဲ့ စာအုပ်တစ်အုပ်အဖြစ် ရည်ရွယ်ပြီး ရေးဖြစ်တာပါ။ မြန်မာ့တိုင်းရင်းဆေးပညာရပ်အကြောင်းတွေပါ။ ဆုရရှိတဲ့အတွက် ဝမ်းသာကြည်နူးရပါတယ်။ နောက်ထပ်စာအုပ်တွေပေးပို့ဖို့လည်း ရည်ရွယ်ချက်ရှိပါတယ်။ စာမျက်နှာပေါင်း ၂၆၅ ရွက်၊ အခန်းပေါင်း ၁၁ ခန်းနဲ့ နောက်ဆက်တွဲအခန်းတွေလည်းပါတယ်။ ဆေးဖက်ဝင်အပင်တွေနဲ့ ကျောက်မျက်ရတနာကအစ ကုထုံးတွေရေးသားထားတာပါ။ ကျန်းမာရေးအတွက် တိုင်းရင်းဆေးကုထုံးတွေ ပါဝင်တဲ့စာအုပ်ပါ။

ဆရာသည် စာပေဗိမာန်စာမူဆုသုံးဆုနှင့် အမျိုးသားစာပေဆုကိုလည်း ရရှိထားပြီး လုံးချင်းစာအုပ် ၁၀ အုပ် ထုတ်ဝေပြီးဖြစ်သည်။ ဆရာ၏ အဘိဓမ္မာဒေသနာတော်လာဓာတ်ပညာအဖွင့်ကျမ်းသည် မြန်မာ့တိုင်းရင်းဆေးပညာလောကအတွက် လိုအပ်နေသော ဆေးကျမ်းတစ်စောင်အဖြစ် ဂုဏ်ယူဝမ်းမြောက်ဖွယ် တွေ့မြင်ရမည်ဖြစ်သည်။

ဆရာမြတ်ဝေတိုးသည် ပညာရေးဝန်ထမ်းတစ်ဦးဖြစ်ပြီး စာပေများကို အစဉ်တစိုက်ရေးသားခဲ့၍ စာပေဆုပေါင်း ၂၂ ဆုရရှိထားသူဖြစ်သည်။ ၂၀၀၆ ခုနှစ်တွင် စာပေဗိမာန်စာမူဆုကို စတင်ရရှိခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် လီဆူတိုင်းရင်းသားတို့၏ ဘဝဓလေ့စာအုပ်ဖြင့် အမျိုးသားစာပေဆုကို စတင်ရရှိခဲ့သည်။ စာပေဆုများ ၂၁ ဆုထိရရှိခဲ့ကာ ၂၀၁၇ ခုနှစ်

**မြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)**

တွင်ရရှိခဲ့သော သုတေသနစာပေဆုမှာလည်း ကယားပြည်နယ်သို့ အကြိမ်ကြိမ်သွားရောက်၍ ကယားတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို သုတေသနပြုစုထားသော စာအုပ်တစ်အုပ်ဖြစ်သည်။ ကယားမျိုးနွယ်စုကိုးမျိုးတွင် ကယားတိုင်းရင်းသားတို့အကြောင်းကို သုတေသနပြုစု၍ရေးသားထားခြင်းဖြစ်ပြီး ကယားတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုကို ကျမ်းတစ်စောင်သဖွယ် သုတေသနပြုစုရေးသားခဲ့၍သုတေသနစာပေဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

ပခုက္ကူဦးအုံးဖေတည်ထောင်တဲ့ ပခုက္ကူစာပေဆုကို ၂၀၁၇ ခုနှစ် သုတေသနစာပေဆုမှာ ကယားတို့၏ ဘဝဓလေ့ဆိုတဲ့စာအုပ်နဲ့ သုတေသနစာပေ ပထမဆုရရှိခဲ့တာပါ။ ကယားပြည်နယ်စာပေနှင့် ယဉ်ကျေးမှုဥက္ကဋ္ဌနဲ့ ကော်မတီလူကြီးများနဲ့တွေ့ဆုံပြီး ကယားတိုင်းရင်းသားတွေ့ရဲ့ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာတွေ၊ စိတ်ဝင်စားဖို့ကောင်းတဲ့ သူတို့ရဲ့ လူမှုဘဝအကြောင်းအရာတွေကို မှတ်တမ်းပြုစုပြီးရေးခဲ့တယ်။ ကျွန်တော်ရေးသားတဲ့စာအုပ်အတော်များများက တိုင်းရင်းသားအကြောင်း စာအုပ်တွေဖြစ်တဲ့အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အဓိကဦးတည်ပါတယ်။

"မြန်မာနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားမျိုးနွယ်စုဝင်တွေထဲမှာ မှတ်တမ်းအဖြစ်ကျန်ရှိစေလိုတဲ့ ရည်ရွယ်ချက်နဲ့ တိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှုတွေကို ကျွန်တော်ဖော်ထုတ်ရေးသားခဲ့တာဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးတစ်ဦးနဲ့တစ်ဦး၊ ရိုးရာယဉ်ကျေးမှုဓလေ့တွေကို အခြားသောတိုင်းရင်းသားများသိရှိပြီး ပေါင်းသင်းဆက်ဆံမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားသွေးစည်းရေး၊ ပြည်ထောင်စုစိတ်ဓာတ်ရင့်သန်ခိုင်မာရေးအတွက် များစွာအထောက်အကူပြုလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။ ကျွန်တော့်ဝါသနာပါ၊ တန်ဖိုးထားတဲ့စာပေကို ဘဝတစ်သက်တာရေးသားသွားမှာပါ။ စာပေနဲ့ နိုင်ငံတော်ကိုအကျိုးပြုဖို့ ရည်ရွယ်ပြီးရေးသားနေပါတယ်။ အခုလို ဆုရရှိတာ ဝမ်းသာပီတိလည်းဖြစ်ရပါတယ်" ဟု ပြောကြားသည်။

ဆရာမြတ်ဝေတိုး(ပညာရေးတက္ကသိုလ်) သည် စာပေဆု ၂၂ ဆု ရရှိထားသူဖြစ်သည်။ ဆုရရှိထားသောစာပေများမှာ စာပေဗိမာန်စာမူဆုကိုးဆု၊ အမျိုးသားစာပေဆုနှစ်ဆု၊ ပညာတန်ဆောင်စာပေဆုသုံးဆု၊ တရုတ်-မြန်မာချစ်ကြည်ရေးကဗျာဆု တစ်ဆု၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဆု နှစ်ဆုနှင့် ယခုရရှိသောဆုနှင့် အခြားစာပေဆုလေးဆုတို့ဖြင့် စာပေဆု ၂၂ ဆုရရှိထားသူဖြစ်သည်။

ဆရာမြတ်ဝေတိုး(ပညာရေးတက္ကသိုလ်) သည် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူဦးအုံးဖေစာပေဆုဖြစ်သည့် သုတေသနစာပေ ပထမဆုကို ရရှိခြင်းဖြစ်ရာ ဆရာအပါအဝင် တစ်သက်တာစာပေဆုအပါအဝင် စာရေးဆရာကြီး ၁၄ ဦးတို့ ဆုရရှိခဲ့ခြင်းဖြစ်သည်။ ကျမ်းစာပေတွင် ပထမဆု၊ ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ကဗျာဆုများကိုလည်း ချီးမြှင့်ခြင်းဖြစ်ရာ ပခုက္ကူဦးအုံးဖေတစ်သက်တာဆုကို အင်းစိန်မြို့နယ်တွင်နေထိုင်သော ဒေါက်တာဦးသန်းဦးက ရရှိခဲ့ခြင်းဖြစ်သည်။

မကြာမီအချိန်တွင် တိုင်းပြည်နှင့်လူမျိုးအတွက် စာပေဖြင့် အကျိုးပြုခဲ့ကြသည့် စာရေးဆရာကြီး ၁၄ ဦးအား ဆရာကြီး ပခုက္ကူဦးအုံးဖေ၏ စာပေဆုဖြင့် ချီးမြှင့်တော့မည်ဖြစ်ပါကြောင်း။

## ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို လွိုင်ကော်မြို့ပေါ်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**လွိုင်ကော် စက်တင်ဘာ ၁၁**
လွိုင်ကော်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသောလုပ်ငန်းများ ဘဏ္ဍာရေးနှစ်အတွင်း ပြီးပြတ်စေရေး၊ သတ်မှတ်အရည်အသွေးများနှင့် ပြည့်မီမှုရှိစေရေး ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးများ၊ သက်ဆိုင်ရာဌာနများနှင့်အတူ စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လွိုင်ကော်မြို့ လေယာဉ်ကွင်းအနောက်ဘက်လမ်းထိပ်မှ ကယားဒေးကွင်းအဝိုင်းအထိနှင့် ရှမ်းပိုင်းတံတားအထိ အပိုင်းနှစ်ပိုင်းအား ခေတ်မီလျှပ်စစ်မီးတိုင်များ အစားထိုး တပ်ဆင်ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနတာဝန်ရှိသူများ၊ တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီဝင်များ၊ QC အဖွဲ့တို့မှ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လွိုင်ကော်ပညာရေးကောလိပ် လေးခန်းတွဲ သုံးထပ် Steel Structure ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုအခြေအနေအား ကြည့်ရှုစစ်ဆေးရာ ပညာရေးကောလိပ်ကျောင်းအုပ်ကြီး၊ တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီဝင်များ၊ QC အဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် လွိုင်ကော်မြို့အဝင် မုဲ်ဦးနှင့် ချဉ်းကပ်လမ်း၊ လမ်းလယ်ကျွန်းများ တည်ဆောက်နေမှု အခြေအနေအားလည်းကောင်း၊ နွားလပိုးကျေးရွာအုပ်စု ပဒါးဩေးကျေးရွာရှိ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ရုံး တည်ဆောက်နေမှု အခြေအနေအားလည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **ရီရယ်(ဒီးမော့ဆို)**

## ကရင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်း

**ဘားအံ စက်တင်ဘာ ၁၁**
ကရင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ပေးဆပ်ခြင်းပရဟိတအသင်းမှ ငွေကျပ်သိန်း ၇၀ ကျော်တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများကို ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

တန်ဖိုးငွေကျပ် သိန်း ၇၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ မုန့်ကြွပ်၊ ဖယောင်းတိုင် အစရှိသည့် စားသောက်ကုန်ပစ္စည်းများအား ပေးအပ်လှူဒါန်းရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်ဝန်ကြီးများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ကျောင်းပြင်ပမူလတန်းပညာရေး အခြေစိုက်စခန်းဖွင့်ပွဲတက်ရောက်

**မကွေး စက်တင်ဘာ ၁၁**
၂၀၁၈-၂၀၁၉ ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်းဖွင့်ပွဲကို စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီခွဲက မကွေးမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှိ ပန်းဟောဝန်ခန်းမ၌ ကျင်းပသည်။

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရာ၌ ပညာရေးသည် အဓိကနေရာမှ ပါဝင်နေသလို လူသားတိုင်းအတွက် မဖြစ်မနေသင်ယူရသည့် အရာပင်ဖြစ်ပါကြောင်း၊ ယနေ့ခေတ်သည် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ပညာရေးကဏ္ဍ တိုးတက်မြင့်မားနေရန် လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ကျောင်းနေအရွယ် ကလေးငယ်တိုင်း ပညာကိုဆုံးခန်းတိုင်အောင် လေ့လာသင်ယူမှု နည်းပါးနေသည့်အတွက် ကျောင်းနေအရွယ်ကလေးများကို ကျောင်းပညာရေး ဆုံးခန်းတိုင် လေ့လာသင်ယူတတ်မြောက်နိုင်ရေး ဒုတိယအကြိမ် ပညာရေးအခွင့်အလမ်းအဖြစ် ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်ဌေးက ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရန် အချက်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပြင်မဌာနမှ ဗဟိုကြီးကြပ်ရေးမှူး ဦးပန်းအောင်က မြန်မာနိုင်ငံတွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းပညာသင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျောင်းပြင်ပပညာရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပညာရေးမှူး ဦးအောင်မြင့် (ညွှန်ကြားရေးမှူး)က ကျောင်းပြင်ပမူလတန်းပညာရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းကောင်း ကဏ္ဍအလိုက်ရှင်းလင်းဆွေးနွေးသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ကျောင်းပြင်ပ မူလတန်းပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျောင်းပြင်ပမူလတန်းပညာရေးအခြေစိုက်စခန်းပေါင်း ၉၀ ခု ဖွင့်လှစ် သင်ကြားပေးလျက်ရှိပြီး မကွေးတိုင်းဒေသကြီးအတွင်း မကွေးမြို့နယ်၊ စလင်းမြို့နယ်နှင့် မြိုင်မြို့နယ်တို့တွင် ကျောင်းပြင်ပ မူလတန်းပညာရေးအခြေစိုက်စခန်း ၁၉ ခု ဖွင့်လှစ်၍ ကျောင်းနေအရွယ်ကလေးများကို မွေးထုတ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

## မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲတက်ရောက်

**မန္တလေး စက်တင်ဘာ ၁၁**
မန္တလေးတိုင်းဒေသကြီး ဆဋ္ဌမအကြိမ် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီက အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ NGOအဖွဲ့များ၊ INGO အဖွဲ့များ တက်ရောက်ကြသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က "လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်၍ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုတွေကို ကာကွယ်ရမည်ဖြစ်ကြောင်း အသိပညာပေးတွေ လုပ်နေရုံနဲ့ ကျေနပ်မနေဘဲ စေတနာသန့်သန့်နဲ့ ပူးပေါင်းလုပ်ဆောင်ကြရန်" တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းက လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ကျင်းပရေး ဆောင်ရွက်ထားမှုများအား ရှင်းလင်းတင်ပြပြီး တွဲဖက်အတွင်းရေးမှူး ရဲမှူးမျိုးဇင်ကအခမ်းအနားပြင်ဆင်ရေး၊ ပညာပေးပြသရေးတစ်ခန်းရပ်ပြဇာတ်တင်ဆက်ရေး အစီအစဉ်များကိုလည်းကောင်း၊ တက်ရောက်လာသည့် NGO, INGO အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများက အကြံပြုဆွေးနွေးကြကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

## ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် ပဲနို့စက်လှူဒါန်းပွဲတက်ရောက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကွင်းဆင်းကြည့်ရှု

**မအူပင် စက်တင်ဘာ ၁၁**
ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ တနီးကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း၌ ပဲနို့စက်နှင့် ဆက်စပ်ပစ္စည်းများလှူဒါန်းပွဲကို စက်တင်ဘာ ၉ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌတို့က အဖွင့်အမှာစကားပြောကြားပြီး ရွှေပါရမီဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပဲနို့စက်နှင့် ဆက်စပ်ပစ္စည်းများလှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိုးလွင်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ချယ်ရီဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဌေးဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်း၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဂ္ဂါမိုးမြတ်မြတ်သူ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးသန်းဆွေဝင်းနှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်နှင့် ရွှေပါရမီဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့်အလှူရှင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုး၊ ဦးသက်ကိုလေး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်သိန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းအေးနှင့် ရပ်မိရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မအူပင်မြို့နယ် ငါးကြီးဂရက်ကျေးရွာရှိ ကွင်းအမှတ် (၇၅၄) တောင်သူဒေါ်တင်ရီနှင့် တောင်သူ ၁၉ ဦး စိုက်ပျိုးထားသည့် ဆင်းသုခ (မျိုးသန့်) စပါးစိုက်ခင်း အောင်မြင်နေမှုကို ကြည့်ရှုရာ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းအောင်သန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်တင်လဲ့လဲ့ဦးတို့က စိုက်ပျိုးထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အဆိုပါ ကျေးရွာတွင်ဆောက်လုပ်သည့် ဖိနပ်စက်ရုံတည်ဆောက်သည့် မြေနေရာအား ကြည့်ရှုခဲ့ပြီး မအူပင်မြို့နယ် ညောင်ဝိုင်းကျေးရွာရှိ မအူပင်စက်မှုဇုန် တည်ဆောက်မည့်မြေနေရာသို့ သွားရောက်ကြည့်ရှုရာ တည်ဆောက်ရေး စီမံကိန်းမန်နေဂျာ ဦးညွန့်ရွှေက လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မအူပင်မြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **အောင်နိုင်(မအူပင်)၊ ဝဠာနိုင်(ညောင်တုန်း)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာခက်အောင် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများအား ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား စက်တင်ဘာ ၁၁**

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူခဲ့သည့် ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းများအား စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီခွဲတွင် မြစ်ကြီးနားမြို့ ဇရာရပ်ကွက်ရှိ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မြက်ခင်းပြင်၌ ခင်းကျင်းပြသခဲ့ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမြင့်လွင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ပစ္စည်းများ၏ အသုံးပြုပုံနှင့် အသုံးဝင်ပုံများ၊ ပစ္စည်းအမျိုးအစားအလိုက် လုပ်ဆောင်ချက်များအား (Myanmar Trillion Group Trading Co,Ltd) မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသခဲ့ကြသည်။

အဆိုပါ ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများမှာ ဂျာမနီနိုင်ငံမှ ထုတ်လုပ်သည့် လေဖိအားသုံး ရှာဖွေကယ်ဆယ်ရေးကိရိယာများ၊ ပြင်သစ်နိုင်ငံမှထုတ်လုပ်သည့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ၊ အမေရိကန်နှင့် ဂျပန်နိုင်ငံတို့မှထုတ်လုပ်သည့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ၊ လေထိုးမိုးကာ ယာယီဆေးခန်းတဲနှင့် ယာယီလူနေဆောင်နှစ်ဆောင် စုစုပေါင်း ရှာဖွေကယ်ဆယ်ရေးပစ္စည်း ၁၄ မျိုးဖြစ်ပြီး အဆိုပါ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများအား ကချင်ပြည်နယ် မီးသတ်ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# နိုင်ငံခြားသင်္ဘောစစ်ဆေးရေးမှူးများနှီးနှောဖလှယ်ပွဲ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၁**

နိုင်ငံခြားသင်္ဘော စစ်ဆေးရေးမှူးများ နှီးနှောဖလှယ်ပွဲ (Port State Control Officers-PSCOs Seminar) ကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ရန်ကုန်မြို့ Rose Garden ဟိုတယ်၌ကျင်းပရာ နှီးနှောဖလှယ်ပွဲသို့ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ IOMOU အဖွဲ့ဝင်နိုင်ငံများမှ ကျွမ်းကျင်သူပညာရှင်များနှင့် ပြည်တွင်းပြည်ပမှ သင်တန်းသား ၃၁ ဦး တက်ရောက်သည်။

အဆိုပါဆွေးနွေးပွဲသို့ IOMOU အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံခြားသင်္ဘောများ စစ်ဆေးခြင်းကိစ္စများကို International Convention ပါ သတ်မှတ်ချက်များအတိုင်း ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် စံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော သင်္ဘောများ မိမိတို့ရေပိုင်နက်အတွင်း ဝင်ရောက်ခြင်းမှ တားဆီးနိုင်ခြင်း၊ ရေပိုင်နက်ကို ထိရောက်စွာကာကွယ်နိုင်ရန် ရည်ရွယ်၍ IOMOU နှင့် မြန်မာနိုင်ငံ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

၎င်းဆွေးနွေးပွဲ ကျင်းပနိုင်ခြင်းဖြင့် IOMOU အဖွဲ့ဝင်နိုင်ငံများရှိ နိုင်ငံခြားသင်္ဘောစစ်ဆေးရေးမှူးများအနေဖြင့် ပညာရပ်ဆိုင်ရာ ဗဟုသုတများ တိုးပွားစေခြင်း၊ အတွေ့အကြုံများဖလှယ်ခွင့်ရရှိစေခြင်းနှင့် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသည့် သတင်းအချက်အလက်များ ပိုမိုရရှိစေနိုင်ခြင်းစသော အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း၊ နှီးနှောဖလှယ်ပွဲကို အဖွဲ့ဝင်နိုင်ငံများက အိမ်ရှင်အဖြစ် အလှည့်ကျကျင်းပရာ မြန်မာနိုင်ငံက ခြောက်ကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး စက်တင်ဘာ ၁၀ ရက်မှ ၁၄ ရက်ထိ ငါးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် India Ocean Memorandum of Understanding( IOMOU) on Port State Control ၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာပြီး ယခု အဖွဲ့ဝင်နိုင်ငံပေါင်း ၂၀ ထိရှိလာပြီဖြစ်ကြောင်း သိရသည်။ **မြင့်မောင်စိုး**

# ကလေးမြို့ သီတဂူအာရောဂျဒါနဆေးရုံတော်တွင် မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေး

**ကလေး စက်တင်ဘာ ၁၁**

ကမ္ဘာ့သာသနာပြု သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရ၏ ဩဝါဒလမ်းညွှန်မှုဖြင့် မျက်စိအထူးကုဆရာဝန်ကြီးများဖြစ်ကြသည့် အငြိမ်းစားပါမောက္ခ (ငြိမ်း) ဒေါက်တာမြအောင်ဦးဆောင်သော မျက်စိအထူးကုဆရာဝန်ကြီး ခြောက်ဦးတို့က ကလေးမြို့ အောင်သစ္စာရပ်ကွက်ရှိ မဟာသန္တာရုံကျောင်းတိုက် သီတဂူအာရောဂျဒါနဆေးရုံတော်တွင် (၁၂) ကြိမ်မြောက်အဖြစ် စက်တင်ဘာ ၄ ရက်မှ ၈ ရက်ထိ မျက်စိဝေဒနာရှင်ပေါင်း ၂၄၆၅ ဦးတို့ကို အခမဲ့ခွဲစိတ်ကုသပေးခဲ့သည်။

မျက်စိ လာရောက်ပြသသူများသည် ကလေးမြို့နယ်အတွင်းရှိ ကျေးရွာများသာမက ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်နှင့် ချင်းတွင်းအထက်ပိုင်းဒေသများမှ လာရောက်ပြသကုသကြကြောင်း၊ ပထမအကြိမ်မှ (၁၂) ကြိမ်မြောက်အထိ မျက်စိဝေဒနာရှင်လူနာပေါင်း ၁၂၃၁၅ ဦးတို့ကို စစ်ဆေးစမ်းသပ်ပေးနိုင်ခဲ့ပြီး မျက်စိဝေဒနာရှင် ၂၄၆၄ ဦးတို့ အား ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း ဆေးရုံတော်၏ ဦးဆောင်ဦးရွက်ပြုသူ ဦးငွေအောင်က ပြောသည်။

"ဒီလို ငွေကုန်ကြေးကျမရှိဘဲ မျက်စိပြန်မြင်ရတဲ့အတွက် သီတဂူဆရာတော်ကြီးနဲ့ ကလေးမြို့ မဟာသန္တာရုံဆရာတော်ကြီး အပါအဝင် ဆေးရုံတော်ကြီးဖြစ်မြောက်ဖို့ အဘက်ဘက်ကနေ ဆောင်ရွက်ပေးခဲ့တဲ့ ဆရာတော်ကြီးတွေကို ကျေးဇူးတင်ပါတယ်" ဟု အာဝါးကျေးရွာမှ လာရောက်ပြသသည့် ဦးအေးမောင်က ဝမ်းသာပီတိစကားဆိုသည်။

**ချင်းတွင်းသား**

## တိုတိုထွာထွာဖတ်စရာ

### ပလောက်မြို့တွင် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်

**ပလောက်**

တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့အခြေခံပညာအထက်တန်းကျောင်း၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းများကို မီးသတ်ဦးစီးဌာနက ကြီးမှူး၍ စက်တင်ဘာ ၁၀ ရက် နေ့လယ်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ကျောင်းဝင်းအတွင်း၌ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း၊ ရေစိုအဝတ်ဖြင့် မီးငြိမ်းသတ်နည်းများကို မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းသူ၊ ကျောင်းသားများအား လက်တွေ့သရုပ်ပြကာ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများအား လက်တွေ့မီးငြိမ်းသတ်စေခဲ့ကြောင်း သိရသည်။ **ပလောက်(မြန်/ဆက်)**

### အောင်လံမြို့တွင် ဆေးဝါးများရောင်းချမှုကွင်းဆင်းစစ်ဆေး

**အောင်လံ**

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ မြို့ပေါ်ရှိဆေးဆိုင်များသို့ ရက်လွန်ဆေး၊ တားမြစ်ဆေးနှင့် စံချိန်မမီသောဆေးဝါးများ ရောင်းချခြင်းရှိ-မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်တာဝန်ရှိသူများသည် ဆေးဆိုင်များအားစစ်ဆေးခြင်း၊ ပညာပေးဆွေးနွေးခြင်းတို့ကို ပူးပေါင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သိန်းလွင်(အောင်လံ)**

### မယ်စဲ့၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အကြို စာစီစာကုံးပြိုင်ပွဲကျင်းပ

**မယ်စဲ့**

ကယားပြည်နယ် မယ်စဲ့မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်းကာ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီက လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်ခဲ့သည်။

အဆိုပါစာစီစာကုံးပြိုင်ပွဲသို့ အ. ထ. က (မယ်စဲ့) မှ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက "လူကုန်ကူးမှုမှန်သမျှ ဝိုင်းဝန်းပူးပေါင်းဆန့်ကျင်ကြ" ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲ ပြသဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မယ်စဲ့(မြန်/ဆက်)**

### ညောင်လေးပင်မြို့၌ လက်တွန်းထွန်စက်များအရစ်ကျရောင်းချ

**ညောင်လေးပင်**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီက ညောင်လေးပင်မြို့ အမှတ်(၁၂) စက်မှုလယ်ယာစခန်း၌ လက်ကိုင်ရှည်လက်တွန်းထွန်စက်များ အရစ်ကျစနစ်ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ညောင်လေးပင်မြို့နယ်အတွင်း ပျက်စီးခဲ့သည့် မိုးစပါးများကို အချိန်မီစိုက်ပျိုးနိုင်ရန် တောင်သူပိုင်စက်ကိရိယာများနှင့် စက်မှုလယ်ယာဦးစီးဌာနပိုင် စက်ကြီးများဖြင့် ထွန်ယက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး ယခုလက်တွန်းထွန်စက်ရောင်းချပေးခြင်းသည် ထွန်စက်ကြီးများမဝင်ရောက်နိုင်သည့် နေရာများကို ရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။ **ညောင်လေးပင်(မြန်/ဆက်)**

ဘူးသီးတောင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သူဝင်းနှင့် တပ်ဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့ တောင်ရပ်ကွက် အ-ထ-က(၂) တွင် သန့်ရှင်းရေးလုပ်ငန်းများ စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။ **ဟိန်းထက်**

နိုင်လင်းကြည်

# တစ်ပတ်အတွင်း အားကစားသတင်းများ

## မက္ကဆီကိုကလပ် ဒိုရာဒေါ့စ်နည်းပြဖြစ်လာတဲ့ မာရာဒိုနာ

အာဂျင်တီးနားဂန္ထဝင်ကစားသမား မာရာဒိုနာဟာ မက္ကဆီကိုကလပ် ဒိုရာဒေါ့စ် အသင်းနည်းပြဖြစ်လာခဲ့ပါပြီ။ အဲဒီလို ဒိုရာဒေါ့စ် နည်းပြဖြစ်လာပြီးတဲ့နောက် မက္ကဆီကိုနိုင်ငံကို သွားရောက်ခဲ့တဲ့အချိန်မှာလည်း မာရာဒိုနာကို မက္ကဆီကိုပရိသတ်တွေက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြတာကိုလည်း မီဒီယာတွေက ဖော်ပြထားပါတယ်။ မာရာဒိုနာဟာ ၁၉၈၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အာဂျင်တီးနားလက်ရွေးစင်အသင်းကို ရလဒ်ကောင်းတွေ ထွက်ပေါ်အောင် စွမ်းဆောင်ပေးခဲ့တာဖြစ်ပြီး နည်းပြဘဝမှာလည်း ကော်ရီးရန့်တက်စ်၊ ရေဆင်းကလပ်၊ အာဂျင်တီးနား၊ အယ်လ်ဝေးလ်နဲ့ ဖူဂျေးရာအသင်းတို့မှာ တာဝန်ယူကိုင်တွယ်ခဲ့တာဖြစ်ပါတယ်။ လက်ရှိတာဝန်ယူကိုင်တွယ်ရမယ့် ဒိုရာဒေါ့စ်အသင်းကတော့ အခုနှစ် ဘောလုံးရာသီ ခြောက်ပွဲမှာ သုံးပွဲသရေရလဒ် ထွက်ပေါ်ခဲ့ကာ သုံးပွဲရှုံးနိမ့်ခဲ့တာကြောင့် နိုင်ပွဲတစ်ပွဲမှ မရှိသေးတာကိုလည်း တွေ့ရမှာပါ။ ဒါကြောင့် ရလဒ်ပိုင်းဆိုးရွားမှုထပ်မံမကြုံရစေဖို့ မာရာဒိုနာကို အသင်းရဲ့ နည်းပြသစ်အဖြစ်ခန့်အပ်ခဲ့တာဖြစ်ပါတယ်။

## နည်းပြအာစင်ဝင်းဂါးထွက်ခွာခဲ့ချိန်မှာ အာဆင်နယ်ကနေ ထွက်ခွာဖို့စဉ်းစားခဲ့တယ်ဆိုတဲ့ ကိုစီယယ်နီ

နည်းပြအာစင်ဝင်းဂါး အာဆင်နယ်အသင်းက ထွက်ခွာသွားတဲ့အချိန်မှာ ကိုစီယယ်နီဟာလည်း အာဆင်နယ် အသင်းကနေ ထွက်ခွာဖို့စဉ်းစားခဲ့တယ်လို့ ကစားသမားရဲ့အေးဂျင့်ဖြစ်သူက ပြောကြားခဲ့ပါတယ်။ နောက်တန်း ကစားသမား ကိုစီယယ်နီဟာ ၂၀၁၀ ပြည့်နှစ်က အာဆင်နယ်အသင်းကို နည်းပြအာစင်ဝင်းဂါးက ခေါ်ယူခဲ့တာဖြစ်ပြီး လက်ရှိမှာ အာဆင်နယ်အသင်းနဲ့အတူ ရှစ်နှစ်ကြာဖြတ်သန်းခဲ့ပြီးလည်း ဖြစ်ပါတယ်။ ကိုစီယယ်နီကို ကလပ်အသင်းသုံးခုက ခေါ်ယူဖို့ ကမ်းလှမ်းထားခဲ့ပေမယ့် အာဆင်နယ်အသင်းကလွဲပြီး အခြားသော ပရီမီယာလိဂ်ကလပ်အသင်းတွေထဲက ဘယ်အသင်းကိုမှ သွားရောက်ကစားဖို့ အစီအစဉ် မရှိကြောင်း အကယ်၍ အာဆင်နယ်အသင်းကနေ ထွက်ခွာခဲ့မယ် ဆိုရင်လည်း တရုတ်စူပါလိဂ်ကိုသာ သွားရောက် ကစားမယ်လို့ ဆိုပါတယ်။ ကိုစီယယ်နီဟာ ၂၀၁၈ ရုရှားကမ္ဘာ့ဖလားမှာတော့ ဒဏ်ရာပြဿနာကြောင့် ပြင်သစ်အသင်းနဲ့အတူ ပါဝင်ကစားခွင့်ပျောက်ခဲ့ရသူဖြစ်ပါတယ်။

## ပင်နယ်တီနှစ်လုံးလွဲ၊ နှစ်ဂိုးသွင်းယူနိုင်ပြီး နှစ်ဂိုးဖန်တီးပေးနိုင်ခဲ့တဲ့ အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဆာလာ

အီဂျစ်အသင်းနဲ့ နိုင်ဂျာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ၂၀၁၉ အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲခြေစစ်ပွဲစဉ်မှာ အီဂျစ်အသင်းက နိုင်ဂျာအသင်းကို ခြောက်ဂိုးပြတ်နဲ့အနိုင်ရရှိခဲ့ပါတယ်။ အဲဒီပြိုင်ပွဲမှာ အီဂျစ်အသင်းနဲ့အတူ ပွဲထွက်လာခဲ့တဲ့ တိုက်စစ်မှူးဆာလာဟာ ပင်နယ်တီနှစ်လုံးလွဲချော်ခဲ့ပါတယ်။ ဒါပေမယ့် ဆာလာအနေနဲ့ သွင်းဂိုးနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့အပြင် အသင်းဖော်တွေဂိုးသွင်းနိုင်ဖို့အတွက်လည်း ဂိုးဖန်တီးမှုနှစ်ကြိမ်ပြုလုပ်ပေးနိုင်ခဲ့ပါတယ်။ အခုလို အီဂျစ်အသင်းက နိုင်ဂျာအသင်းကို ခြောက်ဂိုးပြတ်အနိုင်ရရှိခဲ့တာဟာ နည်းပြသစ်အက်ဂွီရာရဲ့လက်ထက်မှာ အကောင်းဆုံးရလဒ်တစ်ခုထွက်ပေါ်လာခဲ့တယ်လို့ ဆိုရမှာပါ။ နည်းပြအက်ဂွီရာဟာ ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲအပြီးမှာ အီဂျစ်အသင်းနည်းပြဖြစ်လာတာဖြစ်ပြီး အဲဒီကမ္ဘာ့ဖလားပြိုင်ပွဲမှာ အုပ်စုအဆင့်ကနေ အီဂျစ်အသင်းထွက်ခဲ့ရတာကြောင့် နည်းပြဟောင်း ဟက်တာကူပါဟာ နည်းပြအဖြစ်ကနေ ထွက်ခွာခဲ့တာဖြစ်ပါတယ်။

## အလွတ်တည်ကန်ဘောကနေ ဂိုးသွင်းယူနိုင်ခဲ့တဲ့ ဘရာဇီးဂိုးသမား အီဗာဆန်

ဘရာဇီးဂိုးသမား အီဗာဆန်ဟာ ယခုတစ်ပတ်အတွင်းမှာ ဆီယာရာအသင်းနဲ့ ကိုရင်သီယန် အသင်းတို့ ယှဉ်ပြိုင် ကစားခဲ့တဲ့ ပွဲစဉ်မှာ ရရှိလာခဲ့တဲ့ အလွတ်တည်ကန်ဘောကနေ တစ်ဆင့် ဆီယာရာအသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းပေးနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီ အလွတ်တည်ကန်ဘောဟာ ကိုက် ၂၀ အကွာအဝေးကနေ သွင်းယူပေးခဲ့တာ ဖြစ်ပြီး ကိုရင်သီယန်အသင်းရဲ့ ဂိုးဧရိယာအပေါ်ထောင့်ကို ဝင်သွားခဲ့တာဖြစ်ပါတယ်။ အဲဒီလို အလွတ်တည်ကန်ဘောကနေတစ်ဆင့် ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ဆီယာရာသအင်းဟာ ကိုရင်သီယန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

## ကမ္ဘာ့နံပါတ်တစ်ဖြစ်လာတဲ့ ပထမဆုံးသောအင်္ဂလန်ဂေါက်သီးရိုက်သမား ဂျက်စတင်ရို့စ်ဖြစ်လာ

အင်္ဂလန် ဂေါက်သီးရိုက်ကစားသမား ဂျက်စတင်ရို့စ်ဟာ ဘီအမ်ဒဗလျူ ချန်ပီယံရှစ် ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ဒုတိယနေရာသာ ရရှိခဲ့ပေမယ့် ကမ္ဘာ့နံပါတ်တစ် ဂေါက်သီးရိုက်ကစားသမားဖြစ်လာခဲ့ပါတယ်။ အဲဒီလို ကမ္ဘာ့နံပါတ်တစ် နေရာရရှိလာခဲ့ခြင်းဟာ ၂၀၁၂ ခုနှစ်က လုခ်ဒေါ်နယ်လ်နောက်ပိုင်းမှာ ကမ္ဘာ့နံပါတ်တစ်နေရာရတဲ့ ပထမဆုံးသော အင်္ဂလန်ဂေါက်သီးရိုက်ကစားသမားလည်းဖြစ်ပါတယ်။ ဂျက်စတင်ရို့စ်ဟာ သူ့ရဲ့ ဂေါက်သီးရိုက်ကစားသမားဘဝကို ၁၉၉၈ ခုနှစ်က စတင်ခဲ့ပြီး လက်ရှိမှာ ပီဂျီအေနဲ့ ဥရောပပြိုင်ပွဲတွေမှာ ပါဝင်ကစားလျက်ရှိပါတယ်။ ဂျက်စတင်ရို့စ်ဟာ ပရော်ဖက်ရှင်နယ်တင်းနစ် ကစားသမားဘဝအနေနဲ့ ဂေါက်သီးရိုက်ပြိုင်ပွဲတွေမှာ ၂၂ ပွဲ အထိ အနိုင်ရရှိခဲ့တာလည်းဖြစ်ပါတယ်။

## ကစားသမားဘဝကနေ အနားယူဖို့ မရှိသေးဘူးဆိုတဲ့ ဂျွန်တယ်ရီ

ချယ်လ်ဆီးအသင်းရဲ့ နောက်တန်း ကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ ဂျွန်တယ်ရီဟာ လက်ရှိအသက် ၃၆ နှစ်ရှိနေပြီဖြစ်ပေမယ့် ကစားသမားဘဝကနေ အနားယူဖို့ မရှိသေးဘူးလို့ ဆိုလာပါတယ်။ နောက်တန်းကစားသမား ဂျွန်တယ်ရီဟာ ချယ်လ်ဆီးအသင်းမှာ ၁၉၉၈ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်အထိ ပါဝင် ကစားပေးခဲ့တာဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်က နော့တင်ဟမ်ဖောရက်စ်အသင်းကို တစ်ရာသီအငှားနဲ့ သွားရောက် ကစားခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘောလုံးရာသီမှာတော့ အက်စတွန်ဗီလာအသင်းကို ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။ အခုလက်ရှိမှာတော့ ရုရှားကလပ်စပါးတပ်မော်စကိုအသင်းကို ပြောင်းရွှေ့ကစားဖို့ စာချုပ်ချုပ်ဆိုထားတယ်လို့ သိရပါတယ်။ သူ့ရဲ့ကစားသမားဘဝမှာ ချယ်လ်ဆီးအသင်းမှာ ၇၁၇ ပွဲပါဝင်ကစားပေး ခဲ့ပြီး သွင်းဂိုး ၆၁ ဂိုး၊ အက်စတွန်ဗီလာအသင်းမှာတော့ ၃၂ ပွဲပါဝင်ကစားပေးခဲ့ကာ သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

# မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်) ပြဋ္ဌာန်း

မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို
ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်)
(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၄ ။)
၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၂ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်) ဟု ခေါ်တွင်စေရမည်။

၂။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (ခ) တွင် ပါရှိသော "လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ခ ) ပုဒ်မခွဲ (ဂ) တွင် ပါရှိသော "ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန" ဆိုသည့်စကားရပ်ကို "လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ဂ ) ပုဒ်မခွဲ (ဃ)၊ (စ) နှင့် (ဍ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) **စီမံခန့်ခွဲရေးကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ကော်မတီကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုနယ်မြေ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီလည်း ပါဝင်သည်။

(စ) **မြေရိုင်း** ဆိုသည်မှာ သစ်ပင်၊ ဝါးပင် သို့မဟုတ် "ခြုံနွယ်များ ပေါက်ရောက်လျက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပထဝီမြေအနေအထားအရ မြေမျက်နှာပြင် ညီညာမှုရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ တစ်ကြိမ်တစ်ခါမျှ လုပ်ကိုင်အသုံးပြုခဲ့ခြင်း မရှိသော မြေသစ်ဖြစ်သည့် မြေရိုင်းနှင့် တောရိုင်း မြေများကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေ အရ ဆောင်ရွက်ရန်အလို့ငှာ တရားဝင် ပယ်ဖျက်ပြီး ဖြစ်သည့် လက်ရှိ လုပ်ကိုင်အသုံးပြုခြင်းမရှိသော ကြိုးဝိုင်း သစ်တောမြေ၊ စားကျက်မြေနှင့် အင်းအိုင် မြေများလည်း ပါဝင်သည်။

(ဍ) **ခွင့်ပြုမိန့်** ဆိုသည်မှာ ဤဥပဒေနှင့်အညီ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီတို့က လုပ်ပိုင်ခွင့်၊ အသုံး ပြုခွင့်ပြုသည့်အမိန့်ကို ဆိုသည်။"

၃။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ အခန်း (၂) ၏ ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်"

**"အခန်း (၂)**
**မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီနှင့်စီမံခန့်ခွဲရေးကော်မတီများ ဖွဲ့စည်းခြင်း"**

၄။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်"

"(က) နိုင်ငံတော် စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံများ၊ မြေယာမဲ့ နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်း များ ဖော်ဆောင်နိုင်ရေးတို့အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြု၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်း၊ အစိုးရကခွင့်ပြုထားသော ဥပဒေ နှင့်ညီညွတ်သည့် အခြားလုပ်ငန်းများကို ထိရောက်မှန်ကန် စွာ အသုံးချစီမံဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်း ရေးမှူးအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ သင့်လျော်သည့် ပုဂ္ဂိုလ်များနှင့် ပြင်ပမှသင့်လျော်သည့် ပုဂ္ဂိုလ်များက အဖွဲ့ဝင်အဖြစ် လည်းကောင်း ပါဝင်သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း များ စီမံခန့်ခွဲရေးဗဟိုကော်မတီကို ဖွဲ့စည်းရမည်။"

၅။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၃ ၏ နောက်တွင် ပုဒ်မ ၃-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃-က။ ဗဟိုကော်မတီသည်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စီမံခန့်ခွဲရေးကော်မတီများကို ဖွဲ့စည်းပေးရမည်။ ထိုသို့ ဖွဲ့စည်းရာတွင် ဒေသခံ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များ၊ တောင်သူ လယ်သမား ကိုယ်စားလှယ်များ၊ အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်း ကိုယ်စားလှယ်များ၊ သင့်လျော်သည့် ပညာရှင်များ ထည့်သွင်းဖွဲ့စည်းပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော စီမံခန့်ခွဲရေး ကော်မတီများကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင် သည်။"

၆။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မ ၁၂ တို့တွင်ပါရှိသော "နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူများ" ဆိုသည့် စကားရပ်ကို "မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားရင်းနှီး မြှုပ်နှံသူများ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (င) ၏ နောက်တွင် ပုဒ်မခွဲ (စ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(စ) မြေယာမဲ့ နိုင်ငံသားများအတွက် သော်လည်းကောင်း၊ လုပ်ကွက်ငယ် တောင်သူလယ်သမားများအတွက် သော်လည်းကောင်း၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း များအတွက်သော်လည်းကောင်း တာဝန်ယူဆောင်ရွက်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ။"

၈။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၅ ၏ နောက်တွင် ပုဒ်မ ၅-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၅-က။ မြေယာမဲ့နိုင်ငံသားများ၊ လုပ်ကွက်ငယ်တောင်သူလယ်သမား များသည် နိုင်ငံတော်အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းနှင့် ဆက်နွှယ် လျက်ရှိသော စီးပွားရေးလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသို့ လျှောက်ထားနိုင် သည်။"

၉။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဃ) တို့တွင်ပါရှိသော "သတ္တုတွင်းဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၀။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည်"

"(ဂ) ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောများဖြစ်သည့် သစ်တောနယ်မြေများကို ထိခိုက်ပျက်စီးမှုမရှိစေရေးနှင့် သဘာဝနယ်မြေများ ရေဝေရေလဲဒေသများ၊ သဘာဝ အင်း အိုင်များ၊ ကျွန်းနှင့် ကျွန်းစုများကို ထိန်းသိမ်းနိုင်ရေးတို့ အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ အခြားဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။"

၁၁။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများတွင် လုပ်ပိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့် လျှောက်ထားသည့်လုပ်ငန်းများကို ခွင့်ပြု ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။"

၁၂။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၈ ၏ နောက်တွင် ပုဒ်မ ၈-က နှင့် ပုဒ်မ ၈- ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၈-က။ (က) သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသည် မိမိတို့၏ ခွင့်ပြုပေးနိုင်သည့် ပမာဏအတွက် မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများတွင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသည့်လုပ်ငန်းများကို သတ်မှတ်ချက် များနှင့်အညီ စိစစ်ပြီး သတ်မှတ်ကာလအတွင်း ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) စီမံခန့်ခွဲရေးကော်မတီ၏ ငြင်းပယ်ကြောင်း ဆုံးဖြတ် ချက်ကို မကျေနပ်သူသည် ဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ဗဟိုကော်မတီသို့ အယူခံ ဝင်ရောက်နိုင်သည်။

(ဂ) ဗဟိုကော်မတီသည် စီမံခန့်ခွဲရေးကော်မတီ၏ဆုံးဖြတ် ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

၈-ခ။ ပုဒ်မ ၈ နှင့် ပုဒ်မ ၈-က၊ ပုဒ်မခွဲ (ဂ) တို့အရ ဗဟိုကော်မတီ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။"

၁၃။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၉။ ဗဟိုကော်မတီနှင့် စီမံခန့်ခွဲရေး ကော်မတီတို့သည် ပုဒ်မ ၈ နှင့် ပုဒ်မ ၈-က တို့အရ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးခြင်းပြုသည့်အခါ အာမခံကြေး ပေးသွင်းစေပြီး ခွင့်ပြုမိန့်ထုတ်ပေးရမည်။"

၁၄။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၁၀ ၏ခြေဆင်း၊ ပုဒ်မခွဲ (က) နှင့် (ဂ) တို့ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၀။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို အောက်ပါလုပ်ငန်းများအတွက် ခွင့်ပြုသည့်အခါ ဥပဒေနှင့်အညီ လက်ရှိလုပ်ကိုင်နေသူ ရှိ၊ မရှိ စိစစ်ပြီးမှသာ ခွင့်ပြုရမည်။ ယင်းသို့ ခွင့်ပြုရာတွင်-

(က) စိုက်ပျိုးရေးလုပ်ငန်းတွင် နှစ်ရှည်ပင်၊ ဥယျာဉ် ခြံသီးနှံနှင့် စက်မှုကုန်ကြမ်းရာသီ သီးနှံတို့အတွက် တစ်ကြိမ်လျှင် ဧက ၃၀၀ နှင့်အထက် ဧက ၃၀၀၀ ထက် မပိုစေဘဲခွင့်ပြုနိုင်သည်။ ခွင့်ပြုထားပြီး သည့်ဧက၏ ၇၅ ရာခိုင်နှုန်းကို အပြည့်အဝ လုပ်ကိုင်ဆောင်ရွက်ပြီးဖြစ်ပါက ထပ်မံ၍ တစ်ကြိမ် လျှင် ဧက ၃၀၀၀ ထက် မပိုစေဘဲ စုစုပေါင်း ဧက ၃၀၀၀၀ အထိ အကြိမ်ကြိမ် ခွင့်ပြုနိုင်သည်။ နိုင်ငံတော် အကျိုးအလို့ငှာ ခွင့်ပြုသင့်သော လုပ်ငန်းဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တစ်ကြိမ်တည်းတွင် ဧက ၃၀၀၀ ထက်ပို၍ ဧက ၃၀၀၀၀ အထိ အမှန်တကယ် စိုက်ပျိုးနိုင်မည့်ဧကအား ခွင့်ပြုနိုင်သည်။

(ဂ) ဓာတ်သတ္တု ထုတ်လုပ်ခြင်းလုပ်ငန်းတွင် ပြည်ထောင်စုအစိုးရ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း ခွင့်ပြုနိုင်သည်။"

၁၅။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၁၀ ၏ နောက်တွင် ပုဒ်မ ၁၀-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၀-က။ သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းနှင့် ဆက်နွှယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများအတွက် ခွင့်ပြုသည့် အခါ ဥပဒေနှင့်အညီ လက်ရှိလုပ်ကိုင်နေသူ ရှိ၊ မရှိ စိစစ်ပြီးမှသာ ခွင့်ပြုရမည်။ ယင်းသို့ ခွင့်ပြုရာတွင်-

(က) စိုက်ပျိုးရေးလုပ်ငန်းတွင် နှစ်ရှည်ပင်၊ ဥယျာဉ်ခြံ သီးနှံနှင့် စက်မှုကုန်ကြမ်း ရာသီသီးနှံတို့အတွက် ဧက ၃၀၀ အထိ ခွင့်ပြုနိုင်သည်။ ခွင့်ပြုထားပြီး သည့် ဧက ၇၅ ရာခိုင်နှုန်းကို အပြည့်အဝ လုပ်ကိုင် ဆောင်ရွက်ပြီးဖြစ်ပါက ထပ်မံ၍ တစ်ကြိမ်လျှင် ဧက ၃၀၀ ထက်မပိုစေဘဲ စုစုပေါင်း ဧက ၃၀၀၀ အထိ အကြိမ်ကြိမ် ခွင့်ပြုနိုင်သည်။

(ခ) ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်း လုပ်ကိုင်လိုသူများအတွက် ဧက ၅၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။"

၁၆။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၁၁ ၏ခြေဆင်း၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် ပုဒ်မခွဲ (ခ) တို့ကို အောက်ပါ အတိုင်း ဖြည့်စွက်ရမည်-

"၁၁။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ ကို အောက်ပါလုပ်ငန်းများအတွက် ခွင့်ပြုသည့်အခါ အချိန် ကာလနှင့်စပ်လျဉ်း၍-

(က) (၁) နှစ်ရှည်ပင်နှင့် ဥယျာဉ်ခြံသီးနှံဖြစ်လျှင် စတင်ခွင့်ပြုသည့် နေ့ရက်မှစ၍ နှစ်ပေါင်း ၃၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(ခ) မွေးမြူရေးလုပ်ငန်းတွင် စတင်ခွင့်ပြုသည့် နေ့ရက် မှစ၍ နှစ်ပေါင်း ၃၀ ထက် မပိုစေဘဲ ခွင့်ပြုနိုင် သည်။"

၁၇။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၁၁ ၏နောက်တွင် ပုဒ်မ ၁၁-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၁-က။ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို အောက်ဖော်ပြပါ လုပ်ငန်းများအတွက် ခွင့်ပြုသည့်အခါ အချိန်ကာလနှင့်စပ်လျဉ်း၍-

(က) စိုက်ပျိုးရေးလုပ်ငန်းတွင်-

(၁) နှစ်ရှည်ပင်နှင့် ဥယျာဉ်ခြံသီးနှံဖြစ်လျှင် စတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ နှစ်ပေါင်း ၃၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(၂) ရာသီသီးနှံဖြစ်လျှင် သတ်မှတ်သော စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ ခွင့်ပြုရမည်။

(ခ) ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် စတင်ခွင့်ပြုသည့် နေ့ရက် မှစ၍ နှစ်ပေါင်း ၃၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁) နှင့် ပုဒ်မခွဲ (ခ) တို့အရ ခွင့်ပြုထားသော သက်တမ်းကုန်ဆုံး ပြီးနောက် ဆက်လက်ဆောင်ရွက်လိုသော လုပ်ငန်းအတွက် လုပ်ငန်းအမျိုးအစားအပေါ် မူတည်ပြီး ထပ်မံ၍ စုစုပေါင်း နှစ်ပေါင်း ၃၀ ထက် မပိုစေဘဲ အကြိမ်ကြိမ် ခွင့်ပြုနိုင် သည်။"

(ဆက်လက်ဖော်ပြပါမည်)

## အသေးစားရေနံချက်လုပ်ငန်း(Mini Refinery) လုပ်ကိုင်လိုသူများ လိုင်စင်လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာခြင်း

၁။ အသေးစားရေနံချက်လုပ်ငန်း (Mini Refinery)လုပ်ကိုင်ဆောင်ရွက်လိုသူ မြန်မာနိုင်ငံသား (သို့မဟုတ်) နိုင်ငံသားပိုင်ကုမ္ပဏီ/အဖွဲ့အစည်းများသည် အောက်ပါအချက်အလက်များနှင့်အတူ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းသို့ လိပ်မူ၍ လျှောက်ထားနိုင်ပါသည်။

(က) လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ပါက အမည်၊ နိုင်ငံသား၊ စိစစ်ရေးကတ်ပြားအမှတ်၊ ဆက်သွယ်ရမည့် နေရပ်လိပ်စာနှင့် တယ်လီဖုန်းနံပါတ်၊ (သို့မဟုတ်) ကုမ္ပဏီအဖွဲ့အစည်းဖြစ်ပါက ကုမ္ပဏီအမည်၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (မိတ္တူ)၊ ဆက်သွယ်ရမည့်လိပ်စာနှင့် တယ်လီဖုန်းနံပါတ်
(ခ) မြေပိုင်ဆိုင်မှု အထောက်အထား
(ဂ) လုပ်ငန်းဆောင်ရွက်မည့် တည်နေရာ၊ အကျယ်အဝန်းနှင့် ပတ်ဝန်းကျင် အနေအထား
(ဃ) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်
(င) စက်ရုံ၏ အကွက်ချပုံစံ(Layout Plan)
(စ) Detail Design Drawing
(ဆ) တစ်ရက်ချက်လုပ်မည့် ရေနံစိမ်းပမာဏ (အနည်းဆုံးဂါလန် ၃၀၀၀မှ အများဆုံး ဂါလန် ၃၀၀၀ အထိသာခွင့်ပြုမည်)
(ဇ) ချက်လုပ်မှုနည်းစဉ် (Batch Type or Continuous Type)
(ဈ) ကုန်ကြမ်းရယူမည့်အစီအစဉ်
(ည) ထွက်ရှိမည့် စက်သုံးဆီအမျိုးအစား၊ စက်ရုံ၌အသုံးပြုမည့်ရေပမာဏနှင့် ရေယူမည့်နည်းလမ်း၊ လျှပ်စစ်ဓာတ်အားနှင့် လောင်စာသုံးစွဲမှုအစီအစဉ်
(ဋ) ဓာတုဗေဒစွန့်ပစ်ပစ္စည်းများနှင့် ရေဆိုးများအားသန့်စင်မည့်အစီအစဉ်
(ဌ) မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်မည့်အစီအစဉ်

၂။ အသေးစားရေနံချက်လုပ်ငန်း (Mini Refinery) လုပ်ကိုင်ဆောင်ရွက်လိုသူများ၊ လိုက်နာရမည့်စည်းကမ်းချက်များအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန Website (www.moee.gov.mm) တွင် ကြည့်ရှုနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ၀၆၇-၃၄၁၁၀၈၂ နှင့် ၀၆၇-၃၄၁၁၀၉၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာ့ရေနံနှင့်ဓာတုဗေဒလုပ်ငန်း**
**ရုံးအမှတ်(၄၄)၊နေပြည်တော်**

Asia Dragon (အာရှနဂါး)
ချောင်းသာ ငွေဆောင် 12,000/- 12,000/-
တောင်ကြီး၊ ညောင်ရွှေ၊ ပုဂံ၊ ပုပ္ပါး၊ မြဝတီ၊ မဲဆောက်
09 300 300 70, 09 300 300 90

ဦးအောင်ဟိန်းကျော်
(အတန်းအားလုံးစာအုပ်(လုံး၀) မကိုင်ဘဲသင်သည်)
• Translation
အင်္ဂလိပ်စာရေးနည်း
အင်္ဂလိပ်စကားပြော သင်တန်း
• နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
• အင်္ဂလိပ်စကားပြော(Vol:1,2,3,4) • ရေးနည်း(Pre..Vol:1,2,3)
09 5171841, 09 255291366
၁၆၇၊ ၃ထပ်၊ ဆိပ်ကမ်းသာနှိပ်မှန်၊ ဆိပ်ကမ်းသာလမ်း၊ လသာ၊ ရန်ကုန်

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်၊ ပန်းရွာ၊ အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းနေ မချောစု၏ ဖခင်အမည်မှန်မှာ ဦးမြင့်ခိုင် [၈/မမန(နိုင်)၁၄၉၆၈၀] ဖြစ်ပါကြောင်း။ **ဦးမြင့်ခိုင်**

### ဖခင်အမည်မှန်

တောင်ဥက္ကလာပမြို့နယ်၊ အထက(၂)၊ ပဉ္စမတန်း(B)မှ မအိကြည်ဖြူစိုး၏ ဖခင်အမည်မှန်မှာ ဦးကျော်ဇောမိုး [၁၁/မအန(နိုင်)၀၁၄၇၆၁] ဖြစ်ပါကြောင်း။ **ဦးကျော်ဇောမိုး**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်၊ ပန်းရွာ၊ အခြေခံပညာအထက်တန်းကျောင်း၊ ဆဋ္ဌမတန်းနေ မောင်ကျော်ထက်နိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော် [၅/ပလန(နိုင်)၀၄၁၁၁၉] ဖြစ်ပါကြောင်း။ **ဦးအောင်ကျော်**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်၊ ပန်းရွာ၊ အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းနေ မောင်အောင်ထူး၏ ဖခင်အမည်မှန်မှာ ဦးမောင်ကြိုင်[၈/မမန(နိုင်)၁၁၁၄၂၈] ဖြစ်ပါကြောင်း။ **ဦးမောင်ကြိုင်**

### ဖခင်အမည်မှန်

ကြို့ပင်ကောက်မြို့၊ ကောင်းကင်သစ်ကိုယ်ပိုင်အထက်တန်းကျောင်း ဒသမတန်းမှ မောင်ကောင်းထက်ကျော်[၇/ကပက(နိုင်)၁၁၈၆၄၄]၏ ဖခင်အမည်မှန်မှာ ဦးကျော်စမ်းဖြစ်ပါသည်။
**ဦးကျော်စမ်း[၇/ကပက(နိုင်)၀၆၁၉၃၈]**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်၊ ပန်းရွာ၊ အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းနေ မခိုင်ဇင်ဖိုး၏ ဖခင်အမည်မှန်မှာ ဦးမောင်လွင် [၈/မမန(နိုင်)၁၂၅၇၅၄] ဖြစ်ပါကြောင်း။ **ဦးမောင်လွင်**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်၊ ပန်းရွာ၊ အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းနေ မအိမိုး၏ ဖခင်အမည်မှန်မှာ ဦးကြည်ဆောင် [၈/မမန(နိုင်)၀၁၁၅၂၁] ဖြစ်ပါကြောင်း။ **ဦးကြည်ဆောင်**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ် ကရင်ကုန်းရွာ၊ အထက၊ နဝမတန်း(က)မှ အေးဝတ်ရည်မွှေး၏ဖခင် ဦးငွေလွင်ဦး [၇/ပတတ(နိုင်)၀၉၃၆၃၀]၏အမည်မှန်မှာ ဦးငွေလွင်ဖြစ်ပါကြောင်း။ **ဦးငွေလွင်**

အရှေ့တောင်အာရှတွင် တိုးတက်မှုအရှိဆုံးနှင့် ခေတ်အမီဆုံးနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည့် ပါလီမန်ခေတ်တာလအတွင်း စီးပွားရေး စီမံကိန်းများကို လေ့လာသုံးသပ်နိုင်မည့်စာအုပ်
ပါလီမန်ခေတ်
မြန်မာ့စီးပွားရေးစီမံကိန်းဖြစ်စဉ်နှင့်
နိုင်ငံရေး ဘောဂဗေဒအမြင်
ဦးသန်းဝင်းရွှေ
WISDOM HOUSE စာအုပ်တိုက် ☎ ၀၁ ၅၅၅ ၀၃၆၊ ၀၉ ၅၀၅ ၈၇၃၃၊ ၀၉ ၄၃၀ ၄၁၀ ၅၇

အဘအောင်မင်းခေါင်ပွဲသို့ ရှေ့ကြေးစည်
▲ အဘပွဲ၊ ပုပ္ပါး ညအိပ် (သီးသန့်) Sep-24
▲ အဘပွဲ၊ ပုပ္ပါး၊ ပုဂံ၊ ရွှေစည်းခုံ၊ တောင်ကလေးဘုရား ပဒုတ္တ
▲ အဘပွဲ၊ ပုပ္ပါး၊ ပုဂံ၊ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်အနှံ့
အဘပွဲသီးသန့် အသွား × အပြန် (၂)ရက် Sep-25
▲ အဘပွဲ၊ ပုပ္ပါး၊ ပုဂံ၊ သမ္ဗုဒ္ဓေ၊ မောနိတစ်ထောင်၊ မုံရွာ၊ စစ်ကိုင်း၊ ကျောက်စိမ်းဘုရား
▲ အဘပွဲ၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မိုးမိတ်ရဲတောင်၊ လွိုင်ကော်အနှံ့
▲ ပြည်ဘုရားရုံ၊ အကောက်တောင်၊ ပေါင်းတည်ရွှေဆံတော်ပွဲ Sep-22 (နေ့ချင်းပြန်)
▲ မန္တလေး-မဟာမြတ်မုနိ၊ ကျောက်စိမ်း၊ ပုလိပ်မြွေဘုရား၊ ကျောက်ဆည်ရွှေသိမ်တော်
▲ သီတင်းကျွတ်၊ အင်းလေးဖောင်တော်ဦးဘုရား ဒေသစာရီလှည့်ပွဲ (Oct 12,19,22,23)
01-240860,01-372290,09-400700373,09402030373,09445566373

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၁/၂၀၁၈-၁၉)

လမ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မုံရွာ-ပုလဲ-ဂန့်ဂေါလမ်း(မိုင်-၃၆/၄-၄၅/၇)အတွင်း ကတ္တရာလမ်းချဲ့၍ ရေပိတ်လွှာလောင်းခြင်းလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော လမ်းခင်းပစ္စည်းများ (၈၀/၁၀၀ ကတ္တရာနှင့် လမ်းခင်းကျောက်အရွယ်စုံ)အား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ လုပ်ငန်းခွင်အရောက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၃-၉-၂၀၁၈ရက်၊ နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီထိ
တင်ဒါပိတ်မည့်ရက်/အချိန် - ၁၅-၁၀-၂၀၁၈ရက်၊ ညနေ ၄း၀၀နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၆-၁၀-၂၀၁၈ရက်၊ နံနက် ၁၀း၀၀နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို လမ်းဦးစီးဌာန၊ ယင်းမာပင်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးတွင် ၁၃-၉-၂၀၁၈ရက်မှ ၁၅-၁၀-၂၀၁၈ရက်အထိ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**
**ခရိုင်ဖုန်း-၀၉-၈၉၇၂၀၂၈၃၅၊ ၀၉-၇၉၁၃၁၅၇၅၂**

အရည်အချင်းပြည့် အတွေ့အကြုံရင့်ဆရာများ ဦးစီးသော
မာန် ပြည်တွင်းအခွန်-ငယ်/ရေး/ရှုံးအကူ (ပုံမှန်/အနီးကပ်) တန်းခွဲများ စတော့မည်။
တိုက်(၇)၊ လှည်းတန်း(၁)လမ်း၊ ရန်ကုန်။ Ph:09786583429

### ဖခင်အမည်မှန်

မုံရွာမြို့၊ အထက(၃)၊ ဒသမတန်း (C)တွင် ပညာသင်ကြားနေသော မအေးသဉ္ဇာကျော်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ချို [၅/ကနန(နိုင်)၀၅၆၈၅၄] ဖြစ်ပါကြောင်း။ **ဦးမြင့်ချို**

### ဖခင်အမည်မှန်

မုံရွာမြို့၊ အထက(၃)၊ ဒသမတန်း(ဝိဇ္ဇာ-A)တွင် ပညာသင်ကြားနေသော မလှိုင်းထက်ထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်[၅/ယမပ(နိုင်)၀၄၉၁၁၄] ဖြစ်ပါကြောင်း။ **ဦးအောင်နိုင်**

### အမည်ပြောင်း

ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ကျောက်ကညာရွာနေ ဦးထွန်းထွန်းလှိုင်၏သမီးဖြစ်သူ အမက(တောင်ကျောင်း) ဒုတိယတန်းမှ မဖူးဖူးမြင့်အား မယုစန္ဒီမြင့်ဟုပြောင်းလဲခေါ်ဆိုပါရန်။ **မယုစန္ဒီမြင့်**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၅)၊ မြေကွက်အမှတ်(၂၁/ခ)ဟုခေါ်တွင်သည့် လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၂၁/ခ)၊ အကျယ်အဝန်း ပေ(၂၀×၆၀)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်သည့် ဦးသက်နိုင်[၁၄/ဖပန(နိုင်)၀၂၄၄၉၀] နှင့် ဦးသက်ခိုင်[၁၄/ဖပန(နိုင်)၀၀၀၅၇၀]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆွေတင်[၁၂/ကတတ(နိုင်)၀၀၆၆၁၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြတ်ထွန်း(B.Sc,R.L) (စဉ်-၃၆၉၀) ဒေါ်သဲစုထွေး(LL.B,D.B.L,D.M.L,D.I.L) (စဉ်-၁၂၁၇၃)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၅၅၊ ၁၄-လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၃၀၇၂၂၂၁၊ ၀၉-၇၃၁၄၄၀၅၅**

### အမည်ပြောင်း

ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ကမြောကြီးရွာနေ ဦးဝင်းထိုက်-ဒေါ်ကြူမွှေးတို့၏သားဖြစ်သူ အထက(၃) ထားဝယ်၊ ဒသမတန်း(C)မှ မောင်ရဲနိုင်အား မောင်ဝင်းကျော်ဟုပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဝင်းကျော်**

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်ကုန်းကျေးရွာအုပ်စု၊ မျှောက်ချောကုန်၊ အထက၊ အဋ္ဌမတန်းမှ မောင်စောဆာလောလနှင့် သတ္တမတန်းမှ စောကျော်ဆန်းလင်းတို့၏ ဖခင်အမည်မှန်မှာ ဦးစောသကလယ် [၁၂/ထတပ(နိုင်)၀၂၄၇၃၆] ဖြစ်ပါသည်။ **ဦးစောသကလယ်**

### စိုင်းနော်မိန်းအိမ်ခြံမြေအကျိုးဆောင်

t|ref&mif\iS|rnf(01-555937၊ 09-253536393)
ap;Eefoifwif|D|EDS\|Exkefbifv\mfomae&mrm;ub|ma&mif\iS|onf)

၁။ ပန်းဘဲတန်းမြို့နယ်၊ လမ်း(၃၀) အထက်၊ ရတနာမြိုင်ကွန်ဒို (၁၀)လွှာ၊ ငှား ၁၈၀၀၀၀၀/-
၂။ မရမ်းကုန်းမြို့နယ်၊ ဝါယာလက် (၃)လမ်း၊ ကွန်ဒို (၈)လွှာ၊ ငှား/ရောင်း 1300 L
၃။ လှိုင်၊ စံပယ်ခြံ (၁)လမ်း၊ ၅-လွှာ၊ (၁၂×၄၀)ပေ 200 L
၄။ ဒဂုံမြို့နယ်၊ နဝဒေးလမ်း၊ ဒဂုံ-၁ အနီး၊ ၄-လွှာ (၁၅×၅၀)ပေ 750 L
၅။ မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တမာတန်းထိပ်၊ မြေပိုင်မြေ (၂၃×၈၀)ပေ 500L
(ဗဟန်း၊ ဦးချစ်မောင်လမ်းအနီးတစ်ဝိုက်အခန်းများ ရောင်း/ငှားလိုပါသည်။)

ပထမဦးဆုံး ဦးထွန်းဦး+ဒေါ်ဝင်းမာ
T.V (ရန်ကုန်)
ကားမောင်း၊ စက်ပြင်သင်တန်း
အမှတ်(A) ကားကတ်ဆက်တန်း၊ သိမ်ဖြူတင်းနစ်ကွင်းဘေး၊ (မဆလာ စက်မှတ်တိုင်) Ph: 09-73044311
အမှတ် ၂၉၅(A)၊ သံသုမာလမ်း၊ တောင်ဥက္ကလာ၊ (ဘောလီမှတ်တိုင်)
သိမ်ဖြူ- 09421150033, 09-5041550, 09-440051114
မြောက်ဒဂုံ- 09-260111942, 09-420066955
09-440051112, 01-8011402, 01-8011403
တောင်ဥက္ကလာ- 09-440051113, 01-2332340
သာကေတ(၁၀၈တောင်ဘုရား) - 09-779144479
မရမ်းကုန်း(သမိုင်းလမ်းဆုံအနီး) - 09-260111947
ဗိုလ်တထောင်(ဗန္ဓုလတံတားအဆင်းဂန္ဓိမှတ်တိုင်) 09-779144498
တောင်ဒဂုံ(တံတားထိပ်မှတ်တိုင်) - 09-260111946

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆)၊ မြေကွက်အမှတ်(၆၀၂/က)၊ မြေကွက်တည်နေရာအမှတ်(၆၀၂/က)၊ မင်္ဂလာသီရိ(၂)လမ်း၊ (၂၆)ရပ်ကွက်၊ ဒဂုံတောင်၊ ဒေါ်လှခင်(ISN-၂၅၈၈၁၄)အမည်ပေါက်ပါမစ်မြေအား ... [illegible]



### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂/ဘီ၅၊ မြေကွက်အမှတ်-၂၄၀၊ ... [illegible]



### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်းနှင့် ကုန်သည်လမ်းထောင့်၊ အမှတ်(၆၀၈)၊ ဗိုလ်ဆွန်ပက်ကွန်ဒို၊ (၂)ခန်းတွဲ (၁၂)ထပ်တိုက်၏ (၉)ထပ် ညာဘက်ခြမ်းတွင်ရှိသော၊ အခန်းအမှတ် (9A+9B)၊ ဧရိယာ (၃၃၀၀) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဉာဏ်ဝင်း [၁၂/ပဘတ(နိုင်)၀၂၇၉၆၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်မျိုးသူ [၁၂/ပဘတ(နိုင်)၀၃၅၅၆၃]၊ ဒေါ်သန်းသန်းဇော် [၁၂/ပဘတ(နိုင်)၀၃၀၉၀၈]တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးအောင်မျိုးသူနှင့် ဒေါ်သန်းသန်းဇော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဝင်းမင်းစိုး LL.B, WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၄)**
**Ph-09 450023651**
**Level (၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Tower၊ အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားစာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

| စဉ် | လျှောက်ထားသူ အမည် | လျှောက်ထားသူ မှတ်ပုံတင် | မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | လိပ်စာ | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| ၁ | ဦးဘုန်းမြင့်ရွှေ | ၁/မကန(နိုင်)၀၅၁၄၅၅ | ဒဂုံမြောက် | ၃၄ | ၁၂၆၉ | ဦးဝင်းနိုင်ဝိုး | ၁၂၆၉၊ ဗိုလ်ဘောကလျာဏ်(၃)လမ်း(၃၄)ရပ်ကွက်ဒဂုံမြောက် | အမည်ပြောင်း |
| ၂ | ဒေါ်အိအိဆွေ | ၅/ဆလက(နိုင်)၀၇၂၁၁၉ | ဒဂုံမြောက် | ၄၃ | ၇၈၂ | ဦးအေးထွက်ဟန် | ၇၈၂၊ သခင်မိုးကျော်လမ်း(၄၃)ရပ်ကွက် | အမည်ပြောင်း |
| ၃ | ဦးဇော်နေထွန်း+၃(ကိုယ်စား)GPဦးကျော်ခင် | ၁၂/ဥကတ(နိုင်)၁၁၀၅၆၃ | ဒဂုံမြောက် | ၄၄ | ၉၆၄ | ဦးအောင်ဝင်း | ၉၆၄၊ ဥတ္တရညာအောလမ်း(၄၄)ရပ်ကွက်ဒဂုံမြောက် | မြေပုံကူး(အရောင်း) |
| ၄ | ဒေါ်ခင်နီလာမြင့်(ဒေါ်ခင်စန်းရီ၏ကိုယ်စားGPရသူ) | ၅/ကလဟ(နိုင်)၁၁၈၂၅၆ | ရန်ကင်း | ၆/ကံတော်၃ | ၁/၄/A | ဒေါ်ခင်စန်းရီ | ၁၁-B၊ မောလမြိုင်လမ်း(၁၆)ရပ်ကွက် | မြေပုံကူး(အရောင်း) |
| ၅ | ဒေါ်အေးသောက်မွှန် | ၈/ထနရ(နိုင်)၀၂၈၈၈၁ | ဒဂုံမြောက် | ၃၈U10 | ၁၈ | ဒေါ်နန်းမွှန်ပေ | ၁၈၊ အောင်ဆန်းရွှေရိုးလှဘော်ညောင်လမ်း(၃၈U10)ရပ်ကွက် | အမည်ပြောင်း |
| ၆ | ဦးမျိုးသန့် | ၁၂/လမတ(နိုင်)၁၁၀၀၇၇ | ဒဂုံဆိပ်ကမ်း | ၆၈ | ၁၄၇၅ | ဦးစိန်ရှိ | ၁၄၇၅(၆၈)ရပ်ကွက်ဒဂုံဆိပ်ကမ်း | ဂရန်သစ် |
| ၇ | ဦးဝင်းအောင်(SPဦးမျိုးသန့်) | ၁၀/သထန(နိုင်)၀၉၅၁၁၂ | လှိုင်သာယာ | သကမ-၁ | ၁၀၃/က | ဦးဝင်းအောင် | ၁၀၃/က၊ တောင်တွင်းကြီးလမ်း(၁၀)ရပ်ကွက်လှိုင်သာယာ | မြေပုံကူး(ဘဏ်ချေး) |
| ၈ | ဦးဝင်းအောင်(SPဦးမျိုးသန့်) | ၁၀/သထန(နိုင်)၀၉၅၁၁၂ | လှိုင်သာယာ | သကမ-၁ | ၁၀၄/ခ | ဦးဝင်းအောင် | ၁၀၄/ခ၊ တောင်တွင်းကြီးလမ်း(၁၀)ရပ်ကွက်လှိုင်သာယာ | မြေပုံကူး(ဘဏ်ချေး) |
| ၉ | ဦးစိုးကျား | ၁၂/အစန(နိုင်)၁၄၅၅၈၄ | အင်းစိန် | ၂B-ဆယ်ကိုတော | ၄၄/ခ(အစိတ်အပိုင်း) | ဦးစိုး | ၄၄/ခ၊ သီရိရတနာလမ်းကောင်းစုအလယ်ရပ်ကွက်အင်းစိန် | မြေပုံကူး(အရောင်း) |
| ၁၀ | ဦးစိုးကျား | ၁၂/အစန(နိုင်)၁၄၅၅၈၄ | အင်းစိန် | ၂B-ဆယ်ကိုတော | ၄၄/က(အစိတ်အပိုင်း) | ဦးစိုး | ၄၄/က၊ သီရိရတနာလမ်းကောင်းစုအလယ်ရပ်ကွက်အင်းစိန် | မြေပုံကူး(အရောင်း) |
| ၁၁ | ဦးအေးလွင်(GPဦးခင်မောင်ဆွေ) | ၁၂/တမန(နိုင်)၁၁၀၉၂ | ဒဂုံမြောက် | ၄၀ | ၉၂၆ | ဦးအေးလွင် | ၉၂၆၊ ဦးဘာရှိလမ်း(၄၀)ရပ်ကွက်ဒဂုံမြောက် | မြေပုံကူး(မြေကွက်ခွဲ+အရောင်း) |
| ၁၂ | ဒေါ်မြမြအောင်၏GPဒေါ်မြသက်မာ | ၉/ဓကတ(နိုင်)၀၆၁၀၆၆ | ဒဂုံအရှေ့ | ၄ | ၁၀၀၃ | ဦးလှကြည် | ၁၀၀၃၊ အင်ကြင်းလမ်း(၄)ရပ်ကွက်ဒဂုံအရှေ့ | မြေပုံကူး(အရောင်း) |
| ၁၃ | ဒေါ်မိုးမိုးကျော်+၃ | ၈/ရစက(နိုင်)၀၀၀၆၁၅ | သင်္ဃန်းကျွန်း | ၃၀-သုဝဏ္ဏ | ၂၃၃ | ဒေါ်ခင်ဆွေ | ၂၃၃၊ ဝန်လမ်း(၃၀)သုဝဏ္ဏသင်္ဃန်းကျွန်း | အမည်ပြောင်း |
| ၁၄ | ဒေါ်မိုးမိုးကျော်+၃ | ၈/ရစက(နိုင်)၀၀၀၆၁၅ | မြောက်ဥက္ကလာ | ဆ-တိုးချဲ့ | ၃၅ | ဒေါ်ခင်ဆွေ | ၃၅၊ သမာဇီလမ်း(ဆ)တိုးချဲ့မြောက်ဥက္ကလာ | အမည်ပြောင်း |
| ၁၅ | ဒေါ်မိုးမိုးကျော်+၃ | ၈/ရစက(နိုင်)၀၀၀၆၁၅ | မြောက်ဥက္ကလာ | ဆ-တိုးချဲ့ | ၂၂ | ဒေါ်ခင်ဆွေ | ၂၂၊ သမာဇီလမ်းသုနန္ဒာလမ်း(ဆ)တိုးချဲ့မြောက်ဥက္ကလာ | အမည်ပြောင်း |
| ၁၆ | ဒေါ်မိုးမိုးကျော်+၃ | ၈/ရစက(နိုင်)၀၀၀၆၁၅ | မြောက်ဥက္ကလာ | ဆ-တိုးချဲ့ | ၄၁ | ဒေါ်ခင်ဆွေ | ၄၁၊ သမာဇီလမ်း(ဆ)တိုးချဲ့ရပ်ကွက်မြောက်ဥက္ကလာ | အမည်ပြောင်း |
| ၁၇ | ဒေါ်မိုးမိုးကျော်+၃ | ၈/ရစက(နိုင်)၀၀၀၆၁၅ | မြောက်ဥက္ကလာ | ဆ-တိုးချဲ့ | ၃၀ | ဒေါ်ခင်ဆွေ | ၃၀၊ သမာဇီလမ်း(ဆ)တိုးချဲ့မြောက်ဥက္ကလာ | အမည်ပြောင်း |
| ၁၈ | ဒေါ်မြင့်မြင့်အေး | ၇/ပတန(နိုင်)၀၃၉၀၀၀ | သာကေတ | ၁၀/တောင် | ၁၂၈၀(ခ) | ဦးသိန်းလွန်း | ၁၂၈၀/ခ၊ ဆွေ့ယံ(၃)လမ်း(၁၀)တောင်ရပ်ကွက် | အမည်ပြောင်း |
| ၁၉ | ရွှေလာ(ခ)ဒေါ်စန်းစန်းမြင့် | ၁၄/မမန(နိုင်)၀၀၀၀၀၇ | ဒဂုံတောင် | ၆၃/စက်မှုဇုန် | ၁၃၂၆ | ဒေါ်တင်တင် | ၁၃၂၆၊ ... လမ်း(၆၃/စက်မှုဇုန်)ရပ်ကွက်ဒဂုံတောင် | အမည်ပြောင်း |

ဥက္ကဋ္ဌ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊ အထက ဝါးတောမ တက္ကသိုလ်ဝင်တန်းမှ မောင်ဇော်ဖြိုးအောင်နှင့် နဝမတန်းမှ မောင်ဇော်ဖြိုးမောင်တို့၏ ဖခင်အမည်မှန်မှာ ဦးမျိုးလွန်း [၅/အရတ(နိုင်)၀၆၀၁၅၂]ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ အထက(ခွဲ)ကြည် နဝမတန်းမှ မောင်ငြိမ်းချမ်းဝေ၊ စတုတ္ထတန်းမှ မောင်ချမ်းပြည့်အောင်တို့၏ မိခင်အမည်မှန်မှာ ဒေါ်ခင်ဆန်းလွင် [၅/ဒပယ(နိုင်)၁၁၂၁၉၂] ဖြစ်ပါကြောင်း။

### အမည်မှန်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၈)လမ်းနေ ဦးအေးနိုင် [၁၂/လမတ(နိုင်)၀၂၂၀၃၅]၏ သားဖြစ်သူ အထက(၆) ဗိုလ်တထောင် သတ္တမတန်း(A)မှ မောင်မင်းထက်နိုင် (ခ) မောင်ပြည်လင်းနိုင်အား မောင်ကောင်းညာဏ်သာ ဟုပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ကောင်းညာဏ်သာ**

MYANMAR GOLF FEDERATION

# အထူးကျေးဇူးတင်ရှိခြင်း

MYANMAR

(၉-၉-၂၀၁၈) ရက်နေ့တွင် ရန်ကုန်ဂေါက်ကလပ်၌
မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၊ဗဟိုအလုပ်အမှုဆောင်ရွေးချယ်ပွဲအခမ်းအနားကို
အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီ ဖြစ်ပါသည်။
အဆိုပါအခမ်းအနားသို့
မြန်မာတစ်နိုင်ငံလုံးရှိ ဂေါက်ကွင်းအသီးသီးမှ မဲပေးခဲ့ကြသော
club member များအားလုံး ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်အပ်ပါသည်။
မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၊ ဗဟိုအလုပ်အမှုဆောင် ရွေးချယ်ပွဲအခမ်းအနားကို ကျင်းပခွင့်ပေးခဲ့ပါသော
ရန်ကုန်ဂေါက်ကလပ် ဥက္ကဋ္ဌနှင့်တကွ club member အသင်းဝင်များနှင့် ဝန်ထမ်းများကိုလည်းကောင်း
မဲပေးသည့်အချိန်မှစ၍ မဲရေတွက်ခြင်းပြီးဆုံးသည့်အထိကူညီ လုပ်ဆောင်ပေးခဲ့ပါသော
လုပ်အားပေးအဖွဲ့များအားလုံးကိုလည်း ကျေးဇူးတင်အပ်ပါသည်။

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်
ဗဟိုအလုပ်အမှုဆောင်အဖွဲ့

ဦးမောင်မောင်အုန်းမြိုင်
ရေး သား သော
(၁) ၂၀၁၆ခုနှစ်၊ အနုညာတ စီရင်ဆုံးဖြတ်ခြင်း ဥပဒေကို ဘာသာပြန်ဆိုခြင်း (မြန်မာ၊ အင်္ဂလိပ်)
(၂) General Knowledge of Arbitration (အင်္ဂလိပ်)
စာအုပ်ဆိုင်များတွင် ရပြီ။
ဖြန့်ချိရေး - ကျိုး ဆက် သစ် စာ ပေ 09-420083688

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မာရာမ (၁)လမ်း၊ အမှတ်(၂၉/ခ) R/C (၆)ထပ်တိုက်၏ မြေညီထပ်၊ အလျား (၁၈)ပေxအနံ(၅၄)ပေ တိုက်ခန်းကို လက်ရှိပိုင်ဆိုင်နေထိုင်သူ ဒေါ်ဝသုန်ဖြိုး (၁၄/ပသန(နိုင်)၂၀၇၇၃၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေသူထက် (၁၄/ဟသတ (နိုင်)၀၄၆၇၇၉) မှ ဝယ်ယူရန်အတွက် (၈-၉-၂၀၁၈)ရက်နေ့စွဲပါ တိုက်ခန်းအရောင်းအဝယ်စရံပေး ကတိစာချုပ်ချုပ်ဆို၍ ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူ များရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက် နိုင်ပါကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်နုနုယဉ် — တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၀၁၄) (LL.B,D.B.L, D.M.L, D.I.L, D.A. Psy)

ဒေါ်ထွေးထွေးဇော် (LL.B) — အထက်တန်းရှေ့နေ(စဉ်-၄၆၄၅၂)

တိုက်အမှတ်(၃၆၁)၊ကထေတ်ရေးနိုက်လမ်း၊တောင်ကုန်းရပ်ကွက်၊သင်္ဃန်းကျွန်းမြို့နယ်၊ရန်ကုန်မြို့ ဖုန်း- ၀၉ ၅၀၆၁၄၂၆

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆) လူနေအမှတ်(၆)၊ အင်းဝ(၁၉)လမ်း၊ မြေကွက်အမှတ်(၆၄၅/က) မြေကွက်ပေါ်ရှိ (၅)ထပ်အဆောက်အဦ ပထမထပ်(၃လွှာ) ဟုခေါ်တွင်သည့် လူနေတိုက်ခန်းကို လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ရွှေစင်ထွန်း [၁၂/ဒဂတ(နိုင်)၀၈၅၃၆၀] ထံမှ ဒေါ်ဝသုန်ဖြိုး [၁၄/ပသန(နိုင်)၂၀၇၇၃၈]က ဝယ်ယူရန်အတွက် ၈-၉-၂၀၁၈ ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ်ကို ချုပ်ဆို၍ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ရှိပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ၊ အထောက်အထားများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်မဒေါ်ဝသုန်ဖြိုးထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း သိစေအပ်ပါသည်။

**ဒေါ်ဝသုန်ဖြိုး- ဖုန်း-၀၉-၇၈၁၉၂၆၅၉၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးနိုင်ဝင်းအောင်သည် ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ ဦးမြင့်ဇော်ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငွေနှံ့သာစံပြကျေးရွာ(ဘားလား) ကွင်းအမှတ်-၄၉၅/A၊ မြေကွက်အမှတ်(၁၉၄)၊ မြေချပါမစ်အမည်ပေါက် ဦးအောင်မြင့်ဦး(ဘ)ဦးခင်ညွှန့် [၁၂/လကန(နိုင်)၀၅၁၅၅၅]ပါ မြေကွက်နှင့်ယင်းမြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်များကို ၂၁-၁၀-၂၀၁၆ရက်စွဲပါ အရောင်းအဝယ်စာချုပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ထို့ကြောင့် ၎င်းမြေကွက်၏ပိုင်ရှင်မှာ ဦးနိုင်ဝင်းအောင် တစ်ဦးတည်းသာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝါဝါထွန်း** — **အထက်တန်းရှေ့နေ(စဉ်-၃၄၁၇၂)**

**တွံတေး ဦးသိန်းဝင်း** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၄၇၅၈)**

**အမှတ်(၁၃၂)၊ ပထပ်၊ ပန်းဆိုးတန်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၂၅၄၀၆၅၈၉၀**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
## ၂၀၁၇ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈၁

ဒေါ်ဆွေဆွေသင်း(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးကြည်ဝင်း) — နှင့် — ၁။ ဦးခင်မောင်ချို ၂။ ဦးစစ်သွေးအောင် ၃။ ဒေါ်ဖြူဖြူခင်

**(တရားလို)** — **(တရားပြိုင်များ)**

Canada, Ontario L7,L3,L5, Burlington, Meadowhill Road, No 355 နေ (၃)တရားပြိုင် Daw Phyu Phyu Khin (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက “၂၇-၉-၁၉၉၃ရက်စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၁၉၈၄/၉၃ သည် မမှန်မကန် လိမ်လည်ဖော်ပြချုပ်ဆိုထားခြင်းဖြစ်၍ ပျက်ပြယ်သဖြင့် ယင်းစာချုပ်အပေါ် အခြေပြုချုပ်ဆိုထားသော (၂၉- ၁-၂၀၀၇)ရက်စွဲပါ မြေနှင့်အကျိုးခံစားခွင့် အပြီးအပိုင်အရောင်းအဝယ် စာချုပ်အမှတ်-၄၅၁/၂၀၀၇ သည် တရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း (၂)တရားပြိုင်သည် ယင်းစာချုပ်များအရ ဝယ်ယူထားသော မြေနှင့်အကျိုးခံစားခွင့်အား တရားဝင်ပိုင်ဆိုင်ရထိုက်သူမဟုတ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် ၎င်းစာချုပ်များကို ပယ်ဖျက်၍ (၂)တရားပြိုင်အား မြေမှဖယ်ရှားထွက်ခွာသွားစေလိုမှု” ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၂၇ရက် (၁၃၈၀ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၁၀ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(သန်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊ အထက ဝါးတောမ တက္ကသိုလ်ဝင်တန်းမှ မောင်ကောင်းခန့်ဇော်၏ ဖခင်အမည်မှန်မှာ ဦးမျိုး[၅/အရတ(နိုင်)၀၅၂၄၈၅]ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊ အထက နောင်ကြီးအိုင် အ၄မတန်းမှ မရွှေရီဖြိုးနှင့် ဆ၄မတန်းမှ မောင်ငြိမ်းချမ်းတို့၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထွန်း[၅/အရတ(နိုင်)၀၉၀၆၅၂]ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊ အထက ဝါးတောမ တက္ကသိုလ်ဝင်တန်းမှ မောင်နေမျိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးစန်းဝင်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊ အထက ဝါးတောမ တက္ကသိုလ်ဝင်တန်းမှ မောင်ဇေမင်းထွန်းနှင့် အ၄မတန်းမှ မစုလှိုင်ဌေးတို့၏ ဖခင်အမည်မှန်မှာ ဦးအုံးလှိုင်[၅/အရတ(နိုင်)၀၅၂၁၁၇]ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ အထက(ခွဲ)ကြည်ရွာ ဒသမတန်းမှ မောင်သက်ဖြိုးအောင်နှင့် နဝမတန်းမှ မဝါဝါရွှေတို့၏ ဖခင် ဦးဘိုးအင်နှင့်ဦးဖိုးအင်[၅/ဒပယ(နိုင်)၀၂၈၁၂၆]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(စက်မှုဇုန်-၂)၊ မြေကွက်အမှတ်(၁၄၉+၁၅၀)၊ အမည်ပေါက်-ဦးကျော်လင်း(ခ)လောကျိုး+၁ [၁/မညန(နိုင်)၀၇၂၇၇၅] ကိုင်ဆောင်သူမှ မြေချပါမစ် (မူရင်း)တင်ပြ၍ မြေချပါမစ် မှတ်ပုံတင်ခွင့်ပြုပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထား(မူရင်း)များတင်ပြ၍ ဤဦးစီးဌာနသို့ ကန့်ကွက်လွှာ တင်သွင်းနိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ် မှတ်ပုံတင်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြေယာဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး**

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးအထောက်အထားစာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

| စဉ် | လျှောက်ထားသူ | | လျှောက်ထားသည့် | | | | | လျှောက်ထားသည့်အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| | အမည် | မှတ်ပုံတင် | မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | လိပ်စာ | |
| ၁ | ဒေါ်အေးအေးကြိုင် | ၁၂/တမန(နိုင်)၀၀၄၇၂၆ | ဒဂုံဆိပ်ကမ်း | ၈၀ | ၄၂၅ | ဒေါ်ကုသိုလ် | ၄၂၅ သရဖီလမ်း (၈၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း | အမည်ပြောင်း |
| ၂ | ဦးစိုင်းကျော်လှ | ၁၃/မဆတ(နိုင်)၀၂၃၁၁၀ | ဒဂုံအရှေ့ | ၁၅၅ | ၁၅၆၉ | အရာခံဗိုလ်တင်မြို့ | ၁၅၆၉၊ (၁၅၅)ရပ်ကွက်၊ ဒဂုံအရှေ့ | ဂရန်သစ် |
| ၃ | ဒေါ်ခင်စန္ဒာ | ၁၂/တတတ(နိုင်)၀၀၀၇၇၆ | ဒဂုံဆိပ်ကမ်း | ၇၀ | ၁၈ | ဦးကြည်မြင့် | ၁၈၊ (၇၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း | ဂရန်သစ် |
| ၄ | ဦးစိုင်းကျော်လှ | ၁၃/မဆတ(နိုင်)၀၂၃၁၁၀ | ဒဂုံအရှေ့ | ၁၃၇ | ၅၃၅ | ဦးဝင်းဆွေ | ၅၃၅၊ (၁၃၇)ရပ်ကွက်၊ ဒဂုံအရှေ့ | ဂရန်သစ် |
| ၅ | ဦးစိုင်းကျော်လှ | ၁၃/မဆတ(နိုင်)၀၂၃၁၁၀ | ဒဂုံအရှေ့ | ၁၅၅ | ၁၅၆၅ | ဦးမျိုးမြင့် | ၁၅၆၅၊ (၁၅၅)ရပ်ကွက်၊ ဒဂုံအရှေ့ | ဂရန်သစ် |
| ၆ | ဦးစိုင်းကျော်လှ | ၁၃/မဆတ(နိုင်)၀၂၃၁၁၀ | ဒဂုံအရှေ့ | ၁၅၅ | ၁၅၆၆ | အရာခံဗိုလ်မောင်ဝင်း | ၁၅၆၆၊ (၁၅၅)ရပ်ကွက်၊ ဒဂုံအရှေ့ | ဂရန်သစ် |
| ၇ | ဦးစိုင်းကျော်လှ | ၁၃/မဆတ(နိုင်)၀၂၃၁၁၀ | ဒဂုံအရှေ့ | ၁၃၈ | ၂၂ | ဦးငွေဝင်း | ၂၂၊ (၁၃၈)ရပ်ကွက်၊ ဒဂုံအရှေ့ | ဂရန်သစ် |
| ၈ | ဦးစိုင်းကျော်လှ | ၁၃/မဆတ(နိုင်)၀၂၃၁၁၀ | ဒဂုံအရှေ့ | ၁၅၅ | ၁၅၆၀ | တပ်သားအေးမြို့ | ၁၅၆၀၊ (၁၅၅)ရပ်ကွက်၊ ဒဂုံအရှေ့ | ဂရန်သစ် |
| ၉ | ဦးစိုင်းကျော်လှ | ၁၃/မဆတ(နိုင်)၀၂၃၁၁၀ | ဒဂုံအရှေ့ | ၁၅၅ | ၁၆၇၁ | ဦးလှဦး | ၁၆၇၁၊ (၁၅၅)ရပ်ကွက်၊ ဒဂုံအရှေ့ | ဂရန်သစ် |
| ၁၀ | ဦးစိုင်းကျော်လှ | ၁၃/မဆတ(နိုင်)၀၂၃၁၁၀ | ဒဂုံအရှေ့ | ၁၅၅ | ၁၅၆၇ | ဦးကျော်မြင့် | ၁၅၆၇၊ (၁၅၅)ရပ်ကွက်၊ ဒဂုံအရှေ့ | ဂရန်သစ် |
| ၁၁ | ဦးကျော်သူ | ၁၀/ပမန(နိုင်)၀၀၃၁၁၃ | ဒဂုံတောင် | ၂၁ | ၁၄၃၈/ခ | ဒေါ်ရှားမာလီ | ၁၄၃၈/ခ၊ ချောင်းသာ(၁)လမ်း (၂၁)ရပ်ကွက်၊ ဒဂုံတောင် | အမည်ပြောင်း |
| ၁၂ | ဦးကျော်သူ | ၁၀/ပမန(နိုင်)၀၀၃၁၁၃ | ဒဂုံတောင် | ၂၁ | ၁၄၃၈/က | ဦးသုရိန်လင်း | ၁၄၃၈/က၊ ချောင်းသာ(၁)လမ်း (၂၁)ရပ်ကွက်၊ ဒဂုံတောင် | အမည်ပြောင်း |
| ၁၃ | ဒေါ်ခင်ဆန်းလင်း | ၁၂/သခန(နိုင်)၁၁၀၉၆၄ | ဒဂုံအရှေ့ | ၁၃ | ၁၃၅၅ | ဒေါ်စန်းစန်းနု | ၁၃၅၅၊ ကျွန်စစ်သားလမ်းသွယ်(၂)၊ (၁၃)ရပ်ကွက်၊ ဒဂုံအရှေ့ | အမည်ပြောင်း |
| ၁၄ | ဦးဇော်ဝင်း+၁ | [illegible] | ဒဂုံမြောက် | ၃၅ | ၁၃၈ | ဒေါ်မြို့ယဉ် | ၁၃၈၊ ပတ္တမြားလမ်း (၃၅)ရပ်ကွက်၊ ဒဂုံမြောက် | အမည်ပြောင်း |
| ၁၅ | ဦးသန်းဝင်း+၁ | ၁၁/ကတန(နိုင်)၀၀၀၁၀၆ | တောင်ဥက္ကလာ | ၁၅ | ၁၆၇/က | ဒေါ်သန်းမြင့် | ၁၆၇/က၊ မြင်သာ(၄)လမ်း (၁၅)ရပ်ကွက် | အမည်ပြောင်း |
| ၁၆ | ဦးသန့်စင်မောင်+၁ | ၈/ခမန(နိုင်)၁၁၃၃၇၆ | ဒေါပုံ | ၅/ကြည်ရ | ၁၀၂ | ဒေါ်မြင့်မြင့်စန်း+၁ | ၁၀၂/၈၊ မင်္ဂလာသိဒ္ဓိလမ်း ကြည်ရရပ်ကွက် | အမည်ပြောင်း |
| ၁၇ | ဒေါ်နီလာဝင်း | ၁၂/တမန(နိုင်)၀၃၅၁၀၄ | ဒဂုံမြောက် | ၂၈ | ၁၂၁ | ဒေါ်ခင်မြို့ | ၁၂၁၊ အောင်ရိပ်သာလမ်း (၂၈)ရပ်ကွက်၊ ဒဂုံမြောက် | အမည်ပြောင်း |
| ၁၈ | ဦးမင်းမျိုးမင်း | ၉/ဘအန(နိုင်)၁၀၇၇၆၂ | ဒဂုံတောင် | ၁၄၆ | ၂၃၉၀ | ဦးမြိုင်မြို့ဆေယာ | မြေကွက်အမှတ်-၂၃၉၀၊ (၁၄၆)ရပ်ကွက်၊ ဒဂုံတောင် | ဂရန်သစ် |
| ၁၉ | ဒေါ်မိုးမိုးဝင်းလှိုင် | ၁၂/ဥကတ(နိုင်)၁၃၃၁၀၉၂ | တောင်ဥက္ကလာ | ၆ | ၁၁၁၄/ခ | ဒေါ်ကြည်ကြည်ဝင်း | ၁၁၁၄/ခ၊ (၁၂)လမ်း (၆)ရပ်ကွက်၊ တောင်ဥက္ကလာ | အမည်ပြောင်း |
| ၂၀ | ဒေါ်ကြည်မြင့် | ၁၂/ဗဟန(နိုင်)၀၀၉၂၁၅ | ဒဂုံအရှေ့ | ၄ | ၁၂၈၃ | ဦးစိုးမြင့် | ၁၂၈၃၊ (၄)ရပ်ကွက်၊ ဒဂုံအရှေ့ | ဂရန်သစ် |

ဥက္ကဋ္ဌ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅/ကံဘဲ့၊ မြေကွက်အမှတ်-၈၇/အ၊ ဧရိယာ (၀. ၁၁၅)ဧက၊ မြေကွက်တည်နေရာအမှတ်-၁၂/က၊ ပြည်တော်အေးလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ဦးတင်လှိုင်(A/RGN-၀၀၇၇၇၇) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဦးတင်လှိုင်(A/RGN-၀၀၇၇၇၇) [၁၂/ရကန(နိုင်)၀၅၆၀၈၄]သည် ၃-၆-၂၀၁၈ရက်တွင် ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်တင့်တင့်[၁၂/ရကန(နိုင်)၀၅၄၃၂၃]မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံ ပိုင်ဆိုင်ခွင့်ရှိသည့် မြေနှင့်အဆောက်အအုံဖြစ်ကြောင်း ဒေါ်တင့်တင့်၏ ၂၆-၆-၂၀၁၈ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ဒေါ်အေးအေးထွန်း၊ ဒေါ်မေဥမ္မာထွန်းတို့၏ ၂၆-၆-၂၀၁၈ရက်စွဲပါ ထောက်ခံကျမ်းကျိန်လွှာ၊ ဦးတင်လှိုင်[၁၂/ရကန(နိုင်)၀၅၆၀၈၄]၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း ဦးတင်လှိုင်၏[A/RGN-၀၀၇၇၇၇ နှင့် ၁၂/ရကန(နိုင်)၀၅၆၀၈၄ နံပါတ်နှစ်မျိုးပါဝင်သော] နိုင်ငံသားစိစစ်ရေးကတ်ပြား ဦးတင်လှိုင်(A/RGN-၀၀၇၇၇၇) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းတို့တင်ပြ၍ ဒေါ်တင့်တင့်[၁၂/ရကန(နိုင်)၀၅၄၃၂၃]ကိုယ်စား GPရသူ ဦးဇင်အောင်လှိုင် [၁၂/ရကန(နိုင်)၀၅၄၉၈၃]နှင့် ဦးကျော်သူရိန်လှိုင်[၁၂/ရကန(နိုင်)၀၀၃၄၁၀]တို့မှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာပါသည်။ ကွင်းဆင်းစစ်ဆေးရာ (၂)ထပ် RCတိုက်ရှိပြီး လျှောက်ထားသူ ဒေါ်တင့်တင့်၏သား(GPရသူလည်းဖြစ်သူ) ဦးကျော်သူရိန်လှိုင် နေထိုင်ပါသည်။ သို့ပါ၍ အထက်ဖော်ပြပါအတိုင်း ဒေါ်တင့်တင့်[၁၂/ရကန(နိုင်)၀၅၄၃၂၃] ကိုယ်စား GP ရသူ ဦးဇင်အောင်လှိုင်[၁၂/ရကန(နိုင်)၀၅၄၉၈၃]၊ ဦးကျော်သူရိန်လှိုင်[၁၂/ရကန(နိုင်)၀၀၃၄၁၀]တို့မှ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၇)၊ တက္ကသိုလ်ဝင်တန်း($A_1$)မှ မောင်အောင်ကျော်စွာ၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်း [၅/ရဘန(နိုင်)၀၈၇၆၈၂] ဖြစ်ပါသည်။

## မိဘအမည်မှန်

ဝိုင်းမော်မြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း($A_8$)မှ မနွယ်နွယ်ထွေး၏ မိဘအမည်မှန်မှာ ဦးစိုးမင်းနှင့် ဒေါ်မြရှိန်တို့ဖြစ်ပါသည်။

## မွေးသက္ကရာဇ်အမှန်

ဝိုင်းမော်မြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း($A_8$)မှ မလုမိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၁၀-၂၀၀၁ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ (၁၅)လမ်း၊ အမှတ်(၁၇)တည်ရှိရာ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၂ဇက်၁)၊ မြေကွက်အမှတ် V Class 177၊ အမည်ပေါက် ဦးမောင်မောင်၊ ဒေါ်ခင်မေလွင် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(၂)ဦးအနက် (၁)ဦးဖြစ်သူ ဦးမောင်မောင် (ခင်ပွန်း)သည် ၁၄-၄-၂၀၁၆ ရက်တွင် ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဇနီးဖြစ်သူ ဒေါ်ခင်မေလွင် ကိုယ်စား အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၈၆၅၅/၂၀၁၆ (၂၀-၉-၂၀၁၆) ဦးထက်ပိုင် [၁၂/စခန(နိုင်)၀၅၇၉၉၉]မှ ရယူ၍ တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ဘေးပတ်ဝန်းကျင်ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)ဂရန်မူရင်းတို့တင်ပြ၍ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်ခင်ဇာအုန်း[၁၂/ကမရ(နိုင်)၀၁၂၃၆၇]၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဒေါ်မာမာသိန်း၏ ကြေညာချက်သည် မမှန်ကန်ကြောင်း ခုခံရှင်းလင်းခြင်း

ကျွန်တော်နှင့်ဇနီးဖြစ်သူ ဒေါ်ခင်ဇာအုန်းတို့သည် လက်ထပ်ပြီးနောက် လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ လှိုင်မြစ်လမ်းသွယ်(၁)လမ်း၊ အမှတ်(၁၂/က)နေအိမ်တွင် နေထိုင်ခဲ့ကြပါသည်။ သမီး မအေးငြိမ်းစံ တစ်ဦးတည်းသာ ထွန်းကားခဲ့ပါသည်။ ကျွန်တော့်အနေဖြင့် လက်ထပ်ပေါင်းသင်းချိန်မှစ၍ မိသားစုအား ရှာဖွေကျွေးမွေးခဲ့ရာ တစ်လလျှင်(၃)သိန်းကျပ်နှင့် (၄)သိန်းကြား ဇနီးဖြစ်သူအား လစဉ်အပ်နှံခဲ့ပါသည်။ ဤကြေညာချက်မတိုင်မီ လွန်ခဲ့သော (၈)လခန့်မှစ၍ ဇနီးဖြစ်သူအား ၎င်း၏ ကျွန်တော့်အပေါ်ထားရှိရမည့် မယားဝတ္တရားများ ပျက်ကွက်ခဲ့ပါသည်။ ထို့ပြင် ကျွန်တော်၏ဇနီးမှလည်း ၎င်းအား အကြောင်းမဲ့ကွာရှင်းပေးရန် မကြာခဏပြောဆိုရာ ကျွန်တော်မှ လက်မခံသည့်အတွက် မကြာခဏ လင်မယားချင်း စကားများခဲ့ရခြင်းသာ ဖြစ်ပါသည်။ ကျွန်တော်၏ ယောက္ခမများ (ဇနီး၏မိဘများ)ဖြစ်ကြသော ဦးမောင်မြင့်အား ကျန်းမာရေးအတွက် ဆေးရုံတက်ရောက်သည့်အခါတိုင်း နေ့/ည စောင့်ရှောက်ခဲ့ရခြင်း၊ ၄-၃-၂၀၁၈ရက်မှ ၁၂-၃-၂၀၁၈ရက်ထိ (၉)ရက်တိုင်တိုင် ဒေါ်ခင်မြင့်အား ဆေးရုံတွင် စောင့်ရှောက်ခဲ့ရခြင်း၊ ကျွန်တော်၏ယောက်ဖတော်စပ်သူ ကိုကျော်သူရ အူအတက်ပေါက်၍ ရန်ကုန်ဆေးရုံကြီး၌ ကျွန်တော်တစ်ဦးတည်းကသာ စောင့်ရှောက်ပေးခဲ့ရပါသည်။ ထို့အပြင် ကျွန်တော်၏သဘောအရ နေအိမ်မှ ဆင်းသွားရခြင်းမဟုတ်ပါ။ ၈-၁၂-၂၀၁၇ရက်က ၎င်းတို့ တစ်မိသားစုလုံးက ကျွန်တော့်အား အိမ်ပေါ်မှတစ်ကြိမ်နှင်ချခဲ့ပါသည်။ ဒုတိယအကြိမ် ၁၉-၃-၂၀၁၈ရက် နောက်ဆုံးအကြိမ်တွင် နေအိမ်မှ သမီးဖြစ်သူအား ခေါ်ယူ၍ ကျွန်တော်၏ မိဘများနေထိုင်ရာ အောင်ပန်းမြို့သို့ ခေတ္တသွားရောက်နေထိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ သားဖနှစ်ဦးသာ လက်လွတ်ဆင်းခဲ့ရခြင်းဖြစ်ပြီး ပစ္စည်းများကို ယူဆောင်ခဲ့ခြင်းမရှိပါ။ သို့အတွက် ယနေ့တိုင် ကျွန်တော်နှင့်ဇနီးဖြစ်သူ ဒေါ်ခင်ဇာအုန်းတို့သည် တရားဝင်အကြင်လင်မယားအဖြစ် တည်ရှိနေကြောင်းနှင့် မည်သည့်တရားရုံးတော်များ၌ တရားဝင်ကွာရှင်းခြင်းမရှိသေးပါကြောင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

**ဦးအောင်မိုးကျော်(ခ)ဦးအောင်ပန်း[၁၃/ကလန(နိုင်)၁၁၉၀၀၂]**
**(ခေတ္တ)ဒိုင်စုကျောင်း၊ ဒိုင်စုကျေးရွာ၊ လှိုင်သာယာမြို့နယ်**

## (၇-၉-၂၀၁၈) ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ စာမျက်နှာ-၂၀၌ တရားလွှတ်တော်ရှေ့နေ များဖြစ်သော ဦးခင်ထွေးနှင့် ဦးမြင့်သောင်း တို့မှ ဒေါ်ကြူကြူထွေ (M/S SANDI MARINE SERVICE CO.,LTD နှင့် အများသိစေရန်ကြော်ငြာခြင်းအပေါ် ပြန်လည် ရှင်းလင်းကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေဒေါ်ကြူကြူထွေ (၁၂/မဂတ (နိုင်) ၀၀၆၅၀၀) MV.PAGAN ရေယာဉ်ပိုင်ရှင်၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်းပြန်လည်ရှင်းလင်းကြော်ငြာခြင်းပြုအပ်ပါသည်။

၁။ ရေယာဉ်သင်္ဘောပိုင်ရှင်ဒေါ်ကြူကြူထွေသည် ၎င်းပိုင် MV.PAGAN ရေယာဉ်အားတန်ဖိုးငွေကျပ်သိန်း (၃၆၀၀) ဖြင့် (၁) MR. MIR PARVEEZ ZIA ( Passport No. Z-2326860 ) နှင့် (၂) MR.J.MOHAMED MALIK (Passport No. R-3714502) အား ရေယာဉ်ရောင်းချရန်အတွက် (၁၄-၈-၂၀၁၈) ရက်နေ့တွင် နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်များကို တရားလွှတ်တော်ရှေ့နေ ဦးရွှေမောင်းမှ စာချုပ်ချုပ်ဆိုပေးခဲ့ပါသည်။ ချုပ်ဆိုပြီးသောစာချုပ်များကို နိုတြီပဗ္ဗလစ်ရှေ့နေ ဦးသန်းဆောင် (B.Sc, B.L ) ထံတွင် အသိအမှတ်ပြုလက်မှတ်ရေးထိုးမှုပြုခဲ့ပါသည်။

၂။ (၁၄-၈-၂၀၁၈) ရက်နေ့တွင် (1) SALES CONTRACT (2) AGREEMENT OF SALES AND PURCHASE OF VESSEL MV. PAGAN ၊ (3) MEMORANDUM OF UNDER-STANDING (MOU) တို့အားချုပ်ဆိုပေးခဲ့ပြီး (၁၄-၈-၂၀၁၈) ရက်စွဲပါ မြန်မာဘာသာဖြင့်ရေးသားချုပ်ဆိုထားသော "သင်္ဘောအရောင်းအဝယ်သဘောတူကတိစာချုပ်" အရ သင်္ဘောဝယ်ယူသူများမှ စရံငွေကျပ်သိန်း (၁၀၀) တိတိကို သင်္ဘောရောင်းသူအားပေးချေခဲ့ပါသည်။ ကျန်ငွေ မြန်မာကျပ်သိန်း (၃၅၀၀) ကို (၃၀-၈-၂၀၁၈) ရက်နေ့တွင် သင်္ဘောဝယ်ယူသူများမှ ငွေအားလုံးပေးရန်ဝန်ခံသဘောတူညီခဲ့ပါသည်။

၃။ သို့သော်သင်္ဘောဝယ်ယူသူများသည် (၃၀-၈-၂၀၁၈) ရက်နေ့တွင်ကျန်ငွေကိုမပေးချေဘဲ (၄-၉-၂၀၁၈) ရက်နေ့တွင်ငွေပေးချေရန်လာရောက်သဖြင့်ငွေလက်ခံရန်ငြင်းဆိုလိုက်ပါသည်။ကျန်ငွေပေးချေမှုနှင့်ပတ်သက်၍ MOU တွင်ပါရှိသောသဘောတူညီချက်အတိုင်း၊ ဝယ်ယူသူများဘက်မှ လိုက်နာဆောင်ရွက်နိုင်မည်မဟုတ်ကြောင်းငြင်းဆိုလာသဖြင့် ရောင်းသူများဘက်မှ စာချုပ်ကိုထပ်မံဖျက်သိမ်းလိုက်ပါသည်။

၄။ ဝယ်ယူသူများသည် ၎င်းတို့လက်ဝယ်ရှိ MOU မူရင်းစာရွက်ပါနေ့စွဲကို သတ်မှတ်ရက်ဟုတင်ပြလာပါသည်။ တင်ပြလာသော (၇-၉-၂၀၁၈) နေ့ရက်စွဲသည် အောက်ဖော်ပြပါဆောင်ရွက်မှုများကြောင့်တရားမဝင်သောသတ်မှတ်ချက်ဖြစ်ပါသည်။

၅။ နိုတြီပဗ္ဗလစ်ထံသွားရောက်မှတ်ပုံတင်အသိအမှတ်ပြုပြီးသော စာချုပ်စာတမ်း။ MOU တွင် သင်္ဘောဝယ်ယူသူတို့သည် ၎င်းတို့လက်ဝယ်၌ရှိသောမူရင်း MOU စာရွက်ပေါ်တွင် ၎င်းတို့သဘောဆန္ဒအရ ကိုယ်တိုင်လက်ရေးဖြင့်ရေးသားထားသော (Up to 07-09-2018 ) ဆိုသည့်စာကြောင်းကို ဖြည့်စွက်ရေးသားခဲ့ပါသည်။ ထိုဆောင်ရွက်မှုမှာ ဥပဒေနှင့်မညီလုပ်ဆောင်မှုဖြစ်ပါသည်။ နိုတြီပဗ္ဗလစ်ထံတွင်ရှိ MOU တွင် မည်သည့်လက်ရေးမှုဖြည့်စွက်ခြင်းမရှိပါ။

၆။ နိုတြီပဗ္ဗလစ်ထံတွင်လက်မှတ်ရေးထိုး၊ မှတ်ပုံတင်အသိအမှတ်ပြုပြီးသော နိုတြီစာချုပ်စာတမ်းများကို နိုတြီမသိဘဲပြင်ဆင်ဖြည့်စွက်လျှင်တရားမဝင် ( frustration ) ဖြစ်သည်ဟုသတ်မှတ်ထားသဖြင့် ဝယ်သူများလက်ရေးဖြင့်ရေးဖြည့်ခဲ့ခြင်းမှာ တရားမဝင်ပျက်ပြယ်သည်ဟု ဥပဒေသတ်မှတ်ထားရှိပါသည်။ ဤသို့ ဝယ်သူ၏လက်ရေးဖြင့် နိုတြီပြုလုပ်ပြီးသော MOU တွင် Up to 07-09-2018 ဆိုသော ဖြည့်စွက်ရေးသားမှုမှာ ဥပဒေနှင့်မညီကြောင်း၊ တရားမဝင်ကြောင်းသိပါလျက်နှင့် သင်္ဘောဝယ်ယူသူများမှ ယခုကဲ့သို့ ကြေးမုံသတင်းစာ၌ ထည့်သွင်းကြော်ငြာခဲ့သဖြင့် နာမည်ကောင်းဖြင့်လုပ်ငန်းဆောင်ရွက်နေသောကုမ္ပဏီ၏အမည်နှင့် ဂုဏ်သိက္ခာကိုထိခိုက်နစ်နာသည့်အပြင် ရောင်းသူ၌ စိတ်ငြိုငြင်မှုများပေါ်ပေါက်ခံစားရသဖြင့် ဝယ်ယူသူများကြေညာခဲ့သောကြော်ငြာကို အမြန်ဆုံးပြန်လည်၍မရုပ်သိမ်းလျှင် ဝယ်ယူသူတို့အား တည်ဆဲဥပဒေများအရ ပြန်လည်အရေးယူဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း၊ ပြန်လည်ရှင်းလင်း၍ အသိပေးလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

| | |
|---|---|
| ဦးရွှေမောင်း ( B.A., R.L ) | ဒေါ်မင်းမင်းထိုက် ( LL.B ) |
| ( စဉ်–၂၇၆၉/၀၄ ) | ( စဉ်–၄၁၆၇၃ ) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ် – ၃၃ (၃–ဘီ)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။


## သီတဂူရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးရုံ တည်ဆောက်ခြင်းပါဝင်လှူဒါန်းနိုင်

| | | |
|---|---|---|
| - မင်္ဂလာဒုံ သီတဂူရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးရုံ မြေ (၁၆၀×၅၆) သုံးထပ်ဆောင် တစ်ထပ်လျှင် | ကျပ်သိန်း | ၁၀၀၀ |
| - (ဘုရားခန်းမဆောင်) တစ်ထပ်လျှင် | ကျပ်သိန်း | ၁၀၀ |
| - လူနာစမ်းသပ်ခန်း တစ်ခန်းလျှင် | ကျပ် | ၁၀၀၀၀၀၀ |
| - ပြုတင်းတစ်ခန်းလျှင် | ကျပ် | ၁၀၀၀၀၀၀ |
| - အိမ်သာ၊ ရေချိုးခန်း တစ်ခန်းလျှင် | ကျပ် | ၈၀၀၀၀၀ |
| - ဆရာဝန်နားနေဆောင် | ကျပ် | ၅၀၀၀၀၀၀ |
| - ဝရံတာတစ်ခန်းလျှင် | ကျပ် | ၁၀၀၀၀၀ |
| - မြေ (၂၀×၅၀) တခန်းလျှင် | ကျပ် | ၅၀၀၀၀၀၀ |
| - အမိုးနှင့်မျက်နှာကျက်တစ်ကျင်းလျှင် | ကျပ် | ១၅၀၀၀၀၀ |
| - လူနာကုတင်တစ်လုံးလျှင် | ကျပ် | ၁၅၀၀၀၀ |

ဌာန-ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ ရန်ကင်း ILBC အနီး တာမွေလေးသံလမ်း။ ဖုန်း – ၀၉-၅၁၀၂၁၉၇၊ ၀၁-၅၄၁၄၉၃
သီတဂူရွှေပြည်ဟိန်းကျောင်း၊ ဂျော်တားဆတ်အားကစားရုံအနီး ပြည်လမ်းမ၊ မင်္ဂလာဒုံ ဇေတဝန်မျှော်စင်ကျောင်းဘေး။ ဖုန်း – ၀၉-၄၃၀၉၆၄၈၁
ရွှေပုံတိုင်းကမ္ဘောဇဘဏ် Ashin Khemasirilinkara Account No: 00750100701690301 ဘဏ်စာရင်းသို့ လှူဒါန်းနိုင်ပါသည်။


## ရောင်းမည်

စမ်းချောင်းမြို့နယ်၊ မင်းလမ်း၊ ပထမထပ်၊ ပေ(၂၅×၅၀) ခတ်လှေကားပါ၊ ထောင့်ခန်း ရောင်းမည်။ သိန်း(၁၄၉၀)။

**ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၃၂၉၁၃၄၅**

## မွေးသက္ကရာဇ်အမှန်၊ ဖခင်အမည်မှန်

ဝိုင်းမော်မြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း($A_8$)မှ မခင်ထွေး၏ မွေးသက္ကရာဇ်အမှန်မှာ (၃၀-၇-၂၀၀၂)ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးဆန်မွန် ဖြစ်ပါသည်။

## အမည်မှန် မွေးသက္ကရာဇ်အမှန်

ဝိုင်းမော်မြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း($A_8$)မှ မောင်ဆန်းဂျုံး၏ အမည်မှန်မှာ မောင်ထမူဆန်းဂျုံးဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ (၅-၁-၂၀၀၀)ဖြစ်ပါသည်။

## အမည်ပြောင်း

၂၀၁၈-၂၀၁၉ပညာသင်နှစ်၊ လယ်ဝေးမြို့၊ အမက၊ အရှေ့သရက်ခုန်၊ KG မှ (ဘ)ဦးသန်းလှိုင်၏သမီး မသက်သက်လှိုင်အား ယနေ့မှစ၍ မသက်ဦးမွန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မသက်ဦးမွန်**

## အများသိစေရန်ကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/ပုသိမ်မြေ)၊ မြေကွက်အမှတ်(၃၃)၊ ဧရိယာ (၀. ၀၁၄)ဧက၊ မြေကွက်တည်နေရာအမှတ်(၃၃)၊ ပုသိမ်မြေ(၁)လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်၊ အမည်ပေါက် ဦးအောင်တင်သန်း [၁၂/ဒပန(နိုင်)၀၁၀၃၉၂]၊ နှစ်(၆၀)ဂရန်မြေအား ဦးအောင်တင်သန်း[၁၂/ဒပန(နိုင်)၀၁၀၃၉၂] (ခင်ပွန်း)ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်-၁၉၄/၂၀၁၈ (၃၁-၁-၂၀၁၈) ဖြင့် ပိုင်ဆိုင်သူ ဒေါ်ခင်ကြိုင်(ဇနီး) [၁၂/ဒပန(နိုင်)၀၁၀၃၉၃]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ ၁၅/၂၀၁၇ (၁-၈-၂၀၁၇)ဖြင့် ရရှိသူ ဒေါ်သဥ္ဇာအောင်[၁၄/ကလန(နိုင်)၀၀၀၉၂၇]မှ နှစ်(၆၀)ဂရန်ပျောက်ဆုံးသွားသဖြင့် ဂရန်မိတ္တူ ထုတ်ပေးပါရန် လျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်မှုမပေါ်ပေါက်ပါသဖြင့် ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်ပါ၍ မူလထုတ်ပေးထားသည့် ဦးအောင်တင်သန်း အမည်ပေါက် မြေငှားစာချုပ်အမှတ်-ဒပ/၇/၀၀၁၁/၉၃ (၂၄-၉-၁၉၉၃) ဂရန်မူရင်း မြေငှားစာချုပ်စာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆/အရှေ့)မြေကွက်အမှတ်(၃၈၉)မြေဧရိယာ ၂၃၀၀စတုရန်းပေအတိုင်းအတာ(ပေ)(၃၀'×၆၀') မြေကွက်တည်နေရာအမှတ်-၃၈၉၊ ဝေဇယန္တာ အရှေ့(၁၂)လမ်း၊ ၆/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ် ဦးထွန်းရီ(၁၂/သကတ(နိုင်)၀၁၇၄၃၄) (MAG-၀၄၇၇၀၃)၊ ဒေါ်အုန်းမြ(MAG-၁၂၀၁၉)(၁၂/သကတ(နိုင်)[illegible]) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးထွန်းရီ (MAG-၀၄၇၇၀၃)(ခင်)သည် (၁၁-၁၀-၂၀၁၀)ရက်နေ့တွင် လည်းကောင်း၊ ဒေါ်အုန်းမြ(မိခင်)သည် (၂၈-၁၁-၂၀၀၂)ရက်နေ့တွင်လည်းကောင်း အသီးသီး ကွယ်လွန်ကြသဖြင့် ၁။ ဒေါ်သန်းသန်းဆွေ (၁၂/သကတ(နိုင်)၀၅၈၉၇၅)၊ ၂။ ဦးအေးကျော်(၁၂/သကတ(နိုင်)[illegible])၊ ၃။ ဒေါ်မြင့်မြင့်စန်း(၁၂/သကတ(နိုင်)[illegible])တို့မှ သားသမီးများသာဖြစ်ကြောင်း၊ ကွယ်လွန်သူ မိဘများတွင် သားသမီးအရင်းများအဖြစ် ၎င်းတို့မောင်နှမ(၃)ဦးတည်းကိုသာ မွေးဖွားခဲ့ပါကြောင်း၊ အခြားသောသားသမီး၊ မွေးစားသားသမီးတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကိုတို့မသားသမီးများလည်း မွေးစားထားခြင်းလုံးဝမရှိပါကြောင်း၊ ၎င်းတို့(၃)ဦးကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်း၊ ၎င်းတို့မှလွဲ၍အခြားသော အမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ ၂၃-၄-၂၀၁၈ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထပ်ဆင့် ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဦးထွန်းရီ၊ ဒေါ်အုန်းမြ အမည်ပေါက် နှစ်(၆၀)ဂရန်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် (၁)ထပ်ပျဉ်ထောင် အဆောက်အဦ (၁)လုံးရှိပြီး လျှောက်ထားသူများ ကိုယ်တိုင်နေထိုင်သဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဈေးရပ်ကွက်၊ ဗဟိုနိုင်ငံရေးလမ်း၊ အမှတ်-၃၇၇၃ နေ (ဘ)ဦးသန်းထွေးအုန်း၏သား မောင်သူရိန်ဦး[၁၂/မဂဒ(နိုင်)၁၃၅၃၇၉] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေဖြစ်သူ မောင်သူရိန်ဦးသည် မမိုင်နွယ်ချစ်နှင့် ၂၃-၁၁-၂၀၁၃ ရက်တွင် တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး ၂၇-၅-၂၀၁၇ ရက်တွင် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထား တိုက်ဆိုင်မှုမရှိသဖြင့် ကျွန်ုပ်မိတ်ဆွေသည် နေအိမ်မှ ထွက်ခွာလာခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ရာ ကျွန်ုပ်မိတ်ဆွေ မောင်သူရိန်ဦးသည် နေအိမ်မှဆင်းလာပြီးချိန်မှစ၍ မောင်သူရိန်ဦးနှင့် မမိုင်နွယ်ချစ်တို့သည် တရားဝင် လင်မယားအဖြစ်မှ အပြီးအပိုင်ပြတ်စဲပြီးဖြစ်ကြောင်း နောက်နောင် မမိုင်နွယ်ချစ်၏ ကိစ္စအဝဝအားလုံးနှင့်ပတ်သက်၍ မောင်သူရိန်ဦးနှင့် သက်ဆိုင်ခြင်းမရှိတော့သည်ကို အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **မောင်သူရိန်ဦး** | **ဒေါ်ထက်မြတ်စိုး(LL.B)** |
| **[၁၂/မဂဒ(နိုင်)၁၃၅၃၇၉]** | **အထက်တန်းရှေ့နေ(စဉ်-၂၉၇၉၁)** |
| | **အမှတ်(၇၅)၊ ဖျူးသီရိ(၃)လမ်း၊ (၆)ရပ်ကွက်၊** |
| | **သာကေတမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း-၀၉-၂၅၂၄၀၄၈၉** |

## ရွှေမြင့်မိုရ်-မိုးကုတ်ဝိပဿနာကျောင်းတိုက် ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ (၁၀)ရက် ညအိပ်တရားစခန်းပွဲ (၁၈-၉-၂၀၁၈) မှ (၂၇-၉-၂၀၁၈)ထိ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ (၅)ရပ်ကွက်၊ အမှတ်(၁)ဝိုင်း၊ ရွှေမြင့်မိုရ်မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်ကြီးတွင် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်နာယက၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ၊ ရွှေမြင့်မိုရ်ဆရာတော် အရှင်သောဘဏ (ပိဋကတစ်ပုံအောင်)အရှင်သူမြတ်မှ ခန္ဓာဉာဏ်ရောက်သစ္စာလေးပါးတရားတော်များနှင့် ဝိပဿနာအလုပ်ပေးတရားတော်များကို ဟောကြားမည်ဖြစ်ပါသည်။ တရားစခန်းဝင်ရောက်လိုသူများသည် စက်တင်ဘာလ (၁၄/၁၅)ရက်တို့တွင် ကြိုတင်စာရင်းပေးသွင်း၍လည်းကောင်း (သို့မဟုတ်) မိမိတို့၏ အိပ်ရာလိပ်နှင့် တစ်ကိုယ်ရည်သုံးပစ္စည်းများပါ တစ်ပါတည်း ယူဆောင်ပြီး၊ စက်တင်ဘာလ ၁၇ ရက် ညနေ ၅း၃၀ နာရီ နောက်ဆုံးထား၍ လူကိုယ်တိုင်မှတ်ပုံတင်မိတ္တူဖြင့် တစ်ပြိုင်တည်း စာရင်းပေးသွင်း တရားစခန်း ဝင်ရောက်နိုင်ကြပါသည်။

(အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ညနေဖျော်ရည် လှူဒါန်းလိုသူများ စုံစမ်းမေးမြန်း လှူဒါန်းနိုင်ပါသည်။)

**ဆက်သွယ်ရန် ဖုန်းနံပါတ်**
**၀၉-၅၀၅၀၀၁၀၊ ၀၉-၅၀၀၉၄၃၃၊ ၀၉-၉၇၂၂၅၈၇၃၉**


MAXIMUM EDUCATION CENTER
အာမခံဘော်ဒါဆောင်
(10)တန်း Repeater ကျောင်းသား (7)ဦးသာ လက်ခံသင်ကြားပေးမည် (6) လပြတ် ဘော်ဒါဆောင် ယခုလတွင် ဖွင့်ပြီ
ယခုနှစ်တွင် ထူးချွန်စွာ အောင်မြင်လိုသော ကျောင်းသားများ အမြန်ဆက်သွယ်ပါ။
Phone : 09 - 5156557


## နှစ်ရှည်ငှားမည်/ရောင်းမည်

စီးပွားရေးလုပ်ကိုင်ရန်ကောင်းသော ညောင်ဦးမြို့ လမ်းမဘေး RC ၂ ထပ် (၃)ခန်းတွဲကို နှစ်ရှည်ငှားမည် (သို့) ရောင်းမည်။

**ဖုန်း-၀၉-၇၉၃၂၉၁၃၄၅**

## တိုက်ခန်းငှားမည်

ရွှေဂုံတိုင်၊ ယုဇနတာဝါ (၁၀)လွှာ၊ (၁၈၀၀ sqft) ပြင်ဆင်ပြီး။

**ဖုန်း-၀၉-၇၉၅၈၉၉၈၂၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/နဂါးနိုင်)၊ ဦးပိုင်အမှတ်(၃၆)၊ ဧရိယာ(၀. ၂၁၅)ဧကအနက် ဧရိယာ(၀. ၀၄၇)ဧကအား ဦးအောင်မြင့်ဦး (ဘ)ဦးတင့်ဆွေ[၉/တကန(နိုင်)၀၉၈၄၅၁]၊ ဒေါ်ဂျူလိုင်မိုး(ဘ)ဦးကျော်ဝေ[၉/တကန(နိုင်)၂၀၄၀၀၃]မှ တပ်ကုန်းမြို့နယ် တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်(၃၅၈/၂၀၁၈)၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင်(၃)ဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး ဦးပိုင်ခွဲ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## (အောင်စမ္ပယ်မင်း ဆောက်လုပ်ရေး) ဒေါ်အိယဉ်မင်း [၈/မကန(နိုင်) ၀၀၅၁၀၂]

လူကြီးမင်းနှင့် ကျွန်ုပ်မိတ်ဆွေများပိုင်သော ရန်ကုန်မြို့၊ သုဝဏ္ဏမြို့နယ်၊ စံပြ (၆)လမ်း၊ အိမ်အမှတ်(၇၅)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်သစ်ဆောက်လုပ်ရန်(၂၉-၁-၂၀၁၄)ခုနှစ်က နှစ်ဦးသဘောတူစာချုပ်ချုပ်ဆိုခဲ့ရာ ယနေ့ထိ ဒေါ်အိယဉ်မင်းမှ လုပ်ငန်းအတွက် စတင်ဆောင်ရွက်ရန် ပျက်ကွက်နေပါသည်။

လိပ်စာပါအတိုင်းရှာဖွေသော်လည်း ၎င်းလိပ်စာတွင် နေထိုင်ခြင်းမရှိပါ။ မြေရှင်များကိုလည်း ယနေ့အထိ ဆက်သွယ်ခြင်းမရှိပါ။ ချုပ်ဆိုထားသောစာချုပ်နှင့် ဒေါ်နန်းစိန်ညွန့် + ဒေါ်လှလှမြင့်တို့ ပေးထားသော(GP)တို့အား ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ဆက်သွယ်ခြင်းမရှိပါက ဖျက်သိမ်းလိုက်ပါသည်။ ၎င်းထံမှ (ကန်ထရိုက်တာ) တိုက်ခန်းဝယ်ယူထားသူများအနေဖြင့် ၎င်းနှင့်သာ ဆက်လက်ဆောင်ရွက်ရန်ဖြစ်ပြီး မြေရှင်များနှင့်မသက်ဆိုင်ပါကြောင်း အသိပေးကြော်ငြာလိုက်ပါသည်။

| | |
|---|---|
| ဒေါ်နန်းစိန်ညွန့် | ဦးဇော်မျိုးနိုင်(အထက်တန်းရှေ့နေ/စဉ်-၄၁၆၅၃) |
| ၁၂/သဃက(နိုင်) ၀၅၂၄၃၀ | အမှတ်(၁၅၁) ဓမ္မိနိုင်(၉)လမ်း၊ ဓမ္မိနိုင်ရပ်ကွက်၊ |
| ဒေါ်လှလှမြင့် | သုဝဏ္ဏမြို့နယ်။ |
| ၁၂/သဃက(နိုင်) ၀၅၄၈၅၆ | |
| ဒေါ်ဝင်းဝင်းမာ | |
| ၁၂/သဃက(နိုင်) ၂၀၄၂၅၅ | |

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ နွယ်နီ(၆)လမ်း၊ အမှတ်(၃၆၂) မြေအကျယ်အဝန်း ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဂရန်မြေပေါ်တွင် ကန်ထရိုက်အဆောက်အအုံတစ်လုံးဆောက်လုပ်ရန် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် (၁) ဦးဝင်းရွှေ[၁၂/ထတပ(နိုင်)၁၅၂၂၆၄]၊ (၂)ဦးစန်းတင့်[၁၂/ဥကမ(နိုင်)၀၈၉၀၂၆]၊ (၃)ဒေါ်မြမြကြွယ်[၁၂/ဥကမ(နိုင်)၀၃၂၂၉၉]၊ (၄)ဦးကျော်ဝင်းထွန်း [၁၂/ဗဟန(နိုင်)၀၁၈၁၃၄] မြေပိုင်ရှင်(၄)ဦးနှင့် ကန်ထရိုက်တာ ဦးညီညီအေး[၁၁/စတန(နိုင်)၀၅၈၆၁၆]တို့သည် ၁၂-၁-၂၀၁၈ရက်စွဲပါ "မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့ အခန်းပေးအခန်းယူစနစ်ဖြင့် Hall Type (၂ခန်းတွဲ ၆ထပ်) RCတိုက်သစ်တစ်လုံး ဆောက်လုပ်ရန် သဘောတူကတိစာချုပ်" ချုပ်ဆိုခဲ့ကြပါသည်။ စာချုပ်ချုပ်ဆိုသည့်နေ့မှစ၍ ယနေ့ချိန်အထိ ကန်ထရိုက်တာသည် အဆောက်အအုံအား ဆောက်လုပ်ခြင်းမရှိခဲ့ပါ။ သို့ဖြစ်ပါ၍ ၁၂-၁-၂၀၁၈ ရက်စွဲပါ သဘောတူစာချုပ်အပိုဒ်(၄)ပါ သဘောတူညီချက်ဖြစ်သည့် "ယနေ့စာချုပ်ချုပ်ဆိုသည့် ၁၂-၁-၂၀၁၈ရက်မှစ၍ အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းကို (၂)လအတွင်း စတင်ဆောင်ရွက်ခြင်းမရှိပါက ယခု ချုပ်ဆိုထားသည့်စာချုပ်သည် အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု နှစ်ဖက်သိရှိ သဘောတူကြပါသည်"ဆိုသည့်အချက်အရ မြေပိုင်ရှင်များနှင့် ကန်ထရိုက်တာတို့ ချုပ်ဆိုထားသည့်စာချုပ်သည် ပျက်ပြယ်သွားပြီဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဦးရဲကျော်စွာထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၉၄၀/၂၀၁၇)**
**ဖုန်း-၀၉-၂၆၁၈၃၁၁၃၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀ဇျေ၊ မြေကွက်အမှတ်-III၄၊ III၅၊ ဧရိယာပေ(၅၀'×၇၈' ၉"၊ ၅၀'×၇၈' ၉")၊ မြေကွက်တည်နေရာအမှတ်-(၂၆၊ ၂၈၊ ၃၀၊ ၃၂)၊ (၅၃)လမ်း၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ Hajee E.M. Abdul Rahiman, M.S. Abdul. Rahman & A.N. Mohamed Mohideen (a) U Mya Thein အမည်ပေါက်၊ မြေပိုင်မြေအား မြို့နယ်တရားရုံး(တရားမ) ၁၉၉၈ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၇တွင် တရားလို ကျူလီယာ ဗလီထရက်စ်ဂေါပကအဖွဲ့ အလှည့်ကျဂေါပကအဖွဲ့ဝင် ဦးရမ်ဇန် အလီမှ တရားပြိုင်များဖြစ်သော ဒေါ်ဆရက်ဖာတမာဘီဘီပါ ၇ဦးအား ဗိုလ်တထောင်မြို့နယ်၊ (၅၃)လမ်း၊ အမှတ်(၂၆၊ ၂၈၊ ၃၀ နှင့် ၃၂)၊ မြေကွက်နှင့် အဆောက်အအုံတို့ကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုစွဲဆိုခြင်းအား ကျူလီယာဗလီထရက်စ်မှ ပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာပေးသည့် (၁၆-၆-၁၉၉၈)ရက်စွဲပါ စီရင်ချက်အမိန့်၊ ယင်းစီရင်ချက်အား စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသော စာချုပ်အမှတ်-၂၅၉၉/၁၉၉၈ (၂၂-၇-၁၉၉၈)၊ Mamoojee Moosajee က S.Ramanathan Reddiarသို့ ရောင်းချသည့် အရောင်းအဝယ်စာချုပ်အမှတ်(၁၈၂၄/၁၉၂၀) ၈-၉-၁၉၂၀၊ Hajee E.M.Abdul Rahman, M.S. Abdul Rahman & A.N. Mohamed Mohideen (a) U Mya Thein အမည်ပေါက် အရောင်းအဝယ်စာချုပ်အမှတ်-၅၂၆/၆၀ (၁၁-၅-၁၉၆၀)၊ ရန်ကုန်ကျူလီယာ ဗလီထရက်စ် ဂေါပကအဖွဲ့၏ ၂၇-၂-၂၀၁၈ရက်စွဲပါ အစည်းအဝေးမှတ်တမ်းအမှတ်-၆၅/၁၈ (၆-၁-၂၀၁၈)အရ အလှည့်ကျဂေါပကဖြစ်သူ ဟာဂျီဂျမာလ်မိုဟာမက်(ခ)ဦးအောင်သိန်း [၁၂/ပဘတ(နိုင်)၀၁၃၉၇၇]မှ ရန်ကုန အရှေ့ပိုင်းခရိုင်တရားရုံး၊ ကတိသစ္စာပြုလွှာမှတ်ပုံတင်အမှတ်- ၄၁၃၂/၁၈ (၂၄-၄-၂၀၁၈)၊ ထောက်ခံကတိ သစ္စာပြုလွှာ(၂)စောင်၊ သင်းဖွဲ့စည်းမျဉ်း ဥပဒေတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် တိုင်ထောင်သွပ်မိုး ကားဝပ်ရှော့ အဆောက်အအုံ(၁)လုံး၊ (၁)ထပ်အုတ်ညှပ်(၅)ခန်းတွဲ အဆောက်အအုံဆောက်လုပ် ထားပြီး လျှောက်ထားသူနေထိုင်ခြင်းမရှိဘဲ အိမ်ငှားများနေထိုင်ခြင်းနှင့်ပတ်သက်၍ အိမ်ငှားများအတွက် တာဝန်ယူကြောင်း ဝန်ခံကတိအား အရာရှိရှေ့တွင် လူနေစာရင်းနှင့် တကွ တင်ပြထားသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

(အဖ)ဦးငွေထွန်း၏သမီးဖြစ်သူ ဒေါ်ချိုပြုံး(ခ)မိချို[၁၂/လမန(နိုင်)၀၄၅၂၆၅]ကိုင်ဆောင်သူနှင့်ပတ်သက်သည့် ငွေကြေးကိစ္စအရှုပ်အရှင်းများကို မိသားစုဝင်များမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းကို အများပြည်သူအားသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမြင့်စိန်[၁၂/ပဘတ(နိုင်)၀၀၀၄၈၃]**

**ကွန်ဒိုတိုက်ခန်းငှားမည်**

ဝါကျွတ်အပြီး အခန်းရှာသူ မောင်နှံများ၊ မိသားစုများ၊ ကုမ္ပဏီများ အတွက် ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်းပေါ်ရှိ (1600sq-ft) အကျယ်ရှိ လမ်းမတန်းမျက်နှာစာဖွင့် ကွန်ဒိုတိုက်ခန်းအား တိုက်ခန်းကျယ်ဈေးနှုန်းမျှဖြင့် ဈေးနှုန်းချိုသာစွာ ငှားရန်ရှိပါသည်။

**09-974585754**

**သုံးရာသီ (ဇမ္ဗူဒါန)**

[illegible]
ပုဂံညောင်ဦးပုပ္ပါးစွယ်တော်လေးဆူ
ပဒုက္ကူ၊ သီဟိုဠ်ရှင်၊ ရွှေဂူတက်တော်
ထမင်းကျွေး (၃၀၀၀၀/-)[illegible]
[illegible] ထမင်းကျွေး(၃၀၀၀၀/-)
[illegible] Dep- 24.28
☎ 4201 44148, 421163797

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း(၉)ရပ်ကွက်၊ လှုနေ(၇)ရပ်ကွက်၊ ကြာဖြူပန်းခြံလမ်း၊ အမှတ်(၁၂၄)ဟုခေါ်တွင်သော (၄၀ × ၆၀)ပေရှိ ဗိုလ်ကြီးဝင်းမြင့်(MMN-၅၀၀၃၀၆)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်အစပ်ဖြင့် ပိုင်ဆိုင်သူ ဦးအောင်ဇော်မြင့်(၁၂/ထတပ(နိုင်)၀ရ၄၀၄၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မသော်တာမြင့်သိန်း(၁၂/အစန(နိုင်)၀၈၀၄၆၇)က အပိုင်ဝယ်ယူရန် စရံငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ –

**ဦးမြတ်မင်းသိန်း (LL.B)** — တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၇၀၃)
**ဒေါ်သက်သက်ဆွေ (LL.B)** — အထက်တန်းရှေ့နေ(စဉ်–၄၆၀၅၄)

အမှတ်(၃၁၆)၊ ဗညီကာ(၁၂)လမ်း၊(၁၀)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။
**Phone - 0973099026 , 0973000531, 09968245586, 09968245587.**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊မှော်ဘီမြို့နယ်၊အောက်ဝါးနက်ချောင်းကျေးရွာအုပ်စု ဝါးနက်ချောင်းကွင်း၊ကွင်းအမှတ်(၅၉၄/အေ)၊ဦးပိုင်အမှတ်(N-34)၊ကွင်းအမှတ် (၅၉၄/ဘီ)တွင် ဦးပိုင်အမှတ်(N-25)(N-18/1)(N-18/2)(N-28/1)(N-28/2) ရှိရပေါင်း ဧရိယာ(၂. ၄၃၈က)ရှိ ဂရန်မြေကွက်(၆)ကွက်နှင့်တဆက်တစပ်တည်းရှိသော လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိ ဧကပေါင်း(၉. ၃၈၈က)အပါအဝင်မြေနှင့်ပတ်သက်၍ မှော်ဘီမြို့နယ်၊ မြေစာရင်းရုံး၌ အမည်ပေါက်သူဒေါ်ဆွေဆွေသိန်း၏ကိုယ်စားလှယ်လွှဲစာရသူ ဦးသော်ဇင်အောင်(၁၂/လမန(နိုင်)၁၂၆၆၂၅)မှယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ကြောင်းအရှုပ်အရှင်းကင်းရှင်းကြောင်းလွှတ်လပ်စွာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့်ကျွန်ုပ်တို့၏ မိတ်ဆွေBillones Company က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်းကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာ ပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုစီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်အိမ့်မြတ်နိုင် LL.B,D.B.L,DML — တရားလွှတ်တော်ရှေ့နေ (စဉ်–၉၈၇၄)
ဒေါ်ဥမ္မာဖြိုး LL.B — အထက်တန်းရှေ့နေ (စဉ်–၄၀၇၁၄)

အမှတ်–(၁၈)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉–၉၆၀၇၇၃၉၃၃၊ ၀၁–၃၉၃၁၇၃

## မျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဝင်းနိုင် [၁၂/ဒဂန(နိုင်)၀၆၇၄၅၂]၏ သင်္ဘောသားစာအုပ် COP ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်-CDC.106936။

ဖုန်း-၀၉-၄၂၅၈၀၃၃၆၆

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/တပင်ရွှေထီး၊ မြေကွက်အမှတ်(၆၀၉/ခ)၊ ဧရိယာ(၁၂၀၀) စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်-၁/၆၀၉(ခ)၊ ဦးအောင်ဇေယျလမ်း၊ တပင်ရွှေထီးရပ်ကွက်၊ ဒလမြို့နယ်၊ (ဒေါ်အေးသန်း)[၁၂/မဂတ(နိုင်)၀၇၈၇၄၇]၊ အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား ဒလမြို့နယ်တရားရုံး၏ ၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၇၂တွင် တရားလို ဦးမောင်မောင်လေးမှ တရားပြိုင် ဒေါ်အေးသန်းအပေါ်စွဲဆိုရာ အဆိုပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေရန် တရားလိုစွဲဆိုခြင်းအား စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်ပေးလိုက်သည့် (၅-၁၂-၂၀၁၇) ရက်စွဲပါ စီရင်ချက်ဒီကရီ၊ ယင်းတရားရုံး၏ ၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ်-၄ တွင် ချမှတ်သော (၂၅-၄-၂၀၁၈) ရက်စွဲပါ အမိန့်တို့တင်ပြ၍ တရားရှုံး ဒေါ်အေးသန်း ကိုယ်စား ဒလမြို့နယ် တရားရုံး ဘီလစ်စာရေးကြီး ဒေါ်သီတာဝင်း[၁၂/ဆကခ(နိုင်)၀၀၆၁၅၁]က အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာပါသည်။ ကွင်းဆင်းစစ်ဆေးရာတွင် မြေကွက်လပ်ဖြစ်ပြီး ကွင်းဆင်းစဉ် တရားနိုင် ဦးမောင်မောင်လေးမှ လိုက်လံပြသပါသည်။ သို့ဖြစ်ပါ၍ ဒလမြို့နယ်တရားရုံး ဘီလစ်စာရေးကြီး ဒေါ်သီတာဝင်း [၁၂/ဆကခ(နိုင်)၀၀၆၁၅၁]က အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် CBR-0542 စက်မဲ့ကုန်တင်တွဲရေယာဉ်၏ မူလပိုင်ရှင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ အခန်း(၃၀၃)၊ အမှတ်(R-2)နေ ဒေါ်ဟန်နီဝင်း[၁၂/စခန(နိုင်)၀၇၀၈၇၄]ထံမှ ဝယ်ယူပြီးကြောင်း စာချုပ်စာတမ်းအထောက်အထားများတင်ပြ၍ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်အနောက်ရပ်ကွက်၊ သံတမန်လမ်း၊ အမှတ်(၃၀)နေ ဦးစစ်ရွှေ[၁၂/ ဒဂန(နိုင်)၀၀၂၆၂၄]မှ ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားပါသည်။

၂။ အဆိုပါ လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့လိပ်မူ၍ ရက်ပေါင်း(၃၀)အတွင်း မည်သူမဆို ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားလာသူ အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၄)၊ မြေကွက်အမှတ်(၁၇၄)၊ ဧရိယာဧက(၀. ၀၂၉)ရှိ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား (စီမံချက်)ဂရန်စာအုပ်အမှတ်-၀၁၃၇၇၂ (ယခုအမှတ်-၃၅၊ ရတနာလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်)ရှိ မြေကွက်နှင့် ၎င်းအပေါ်တွင် ဆောက်လုပ်ထားသော ၆ထပ်တိုက် မြေညီထပ်တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူရန်ကျွန်ုပ်မိတ်ဆွေက ၈-၉-၂၀၁၈ရက်တွင် စရန်ငွေပေးထားပြီးဖြစ်ပါသည်။ သက်ဆိုင်ပတ်သက်သူများသည် သက်ဆိုင်ရာစာရွက်စာတမ်းမူရင်းများ (အပြည့်အစုံ)နှင့် (၇)ရက်အတွင်း ရှေ့နေထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးဝင်း(B.A,R.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၂၆၃၆/၈၄)**
**အမှတ်(၇၂)၊ စေတနာသုခလမ်း၊ ကမာရွတ်၊ ဖုန်း-၀၉-၇၉၁၆၄၁၂၂၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ မင်းရဲကျော်စွာ(၁၃)လမ်း၊ အိမ်အမှတ်(၄/၈၃)ဟုခေါ်တွင်သော ပေ(၄၀×၆၀) မြေကွက်တစ်ကွက်၏ (ခြေရင်းခြမ်း) (၁၀×၆၀)ပေ ဦးခင်မောင် အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် မိတ္တူနှင့် ဆက်စပ်စာချုပ်မူရင်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသည့် ဒေါ်ခင်သန္တာဝင်း[၁၂/ကခက(နိုင်)၀၈၅၁၃၀)] ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်းဘိုးငွေအနက်မှ စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် ဖော်ပြပါနေအိမ်ခြံမြေနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်အတွက် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၀) ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဦးအောင်ပြည့်ဖြိုး(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၂၅၁၇)**
**အမှတ်(၁၅၄)၊ ရွှေဝါထွန်း(၁)လမ်း၊**
**(၁၂) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၂၅၃၅၇၅၄၈၆**

# အများသိစေရန် အသိပေးကြေညာခြင်း

International Language & Business Centre Company Limited (ILBC) ၎င်း၏ တရားဝင်ရုံးခန်းလိပ်စာ အမှတ်(၅၈-ဘီ)၊ အင်းယားလမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

International Language & Business Centre Company Limited (ILBC)သည် မြန်မာနိုင်ငံကုမ္ပဏီဥပဒေအရ တည်ထောင်ထားပြီး ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ(၂၅)၊ ပုဒ်မခွဲ(ဂ)အရ ခွင့်ပြုမိန့်ရရှိကာ မြန်မာနိုင်ငံအတွင်း နိုင်ငံတကာသင်ရိုးညွှန်းတမ်းဖြင့် သင်ကြားသော ပုဂ္ဂလိကကျောင်းများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားသော ပုဂ္ဂလိကကျောင်းများဖွင့်လှစ်၍ နိုင်ငံတော်၏ ပညာရည်မြင့်မားရေးလုပ်ငန်းစဉ်များနှင့် အမျိုးသားပညာရေးဥပဒေပါ အမျိုးသားပညာရေး ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင်လည်း ပုဂ္ဂလိကကဏ္ဍအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် International Language & Business Centre Company Limited (ILBC)သည် အောက်တွင် ဖော်ပြထားသော တံဆိပ်၊ အမှတ်အသားများကို ကုမ္ပဏီ၏ တံဆိပ်အမှတ်အသားများအဖြစ် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ် တရားဝင်မှတ်ပုံတင်သွင်း ထားရှိပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၊ အမှတ်အသားသည် International Language & Business Centre Company Limited (ILBC)၏ ကုမ္ပဏီတံဆိပ် အမှတ်အသား တစ်ဦးတည်းမူပိုင်ဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်ကမျှ ယင်းတံဆိပ်အမှတ်အသားကို မှီငြမ်း၍ အတုအပပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ သွယ်ဝိုက်၍တုပပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ ပုံတူကူးယူခြင်းစသည်တို့ မပြုလုပ်ရန် အသိပေးအပ်ပါသည်။

ယခုအခါတွင် ILBC, YIS ကျောင်း၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ပြီး အဖြစ်မှန်မဟုတ်သည်များကို ပြုလုပ်ပြောဆိုမှုများ၊ ခွင့်ပြုချက်မရှိဘဲ ကုမ္ပဏီ၏ တံဆိပ်အမှတ်အသားနှင့် အမည်များ၊ ရုပ်ပုံများကို အသုံးပြုမှုများ ပြုလုပ်နေကြောင်း တွေ့မြင်သိရှိနေရပါသည်။

ထို့ကြောင့် ကုမ္ပဏီမှ တရားဝင်မှတ်ပုံတင်သွင်းထားပြီး အသုံးပြုလျက်ရှိသော စာလုံးများ၊ စာတမ်းများ၊ တံဆိပ်အမှတ်အသားများနှင့် ကျောင်း၏ပုံရိပ်များကို အသုံးပြု၍ ကုမ္ပဏီ၏ ဂုဏ်သိက္ခာကျစေရန် အသုံးပြုခြင်း၊ မမှန်သတင်း ထုတ်လွှင့်ခြင်း၊ ဖြန့်ချိခြင်း၊ ကုမ္ပဏီ၏ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ကုမ္ပဏီမှဆောင်ရွက်လျက်ရှိသော အမျိုးသားပညာရေးဥပဒေပါ အမျိုးသားပညာရေးရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ် တစ်ရပ်ရပ်ကိုလည်းကောင်း အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန်ပြုလုပ်ခြင်း၊ နှောင့်ယှက်ဟန့်တားခြင်းများအပါအဝင် ကုမ္ပဏီ၏ အကျိုးစီးပွားအရပ်ရပ်ကို ထိခိုက်နစ်နာစေရန် ပြုမူဆောင်ရွက်ခြင်းများ မပြုလုပ်ကြရန် သတိပေးအပ်ပါသည်။

အကယ်၍ လိုက်နာမှုမရှိဘဲ ပြုမူလုပ်ဆောင်မှုများရှိလာပါက International Language & Business Centre Company Limited (ILBC) အနေဖြင့် မိမိ၏ ဥပဒေပါ အခွင့်အရေးများအရ တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းဖြင့်ဖြစ်စေ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးဝင်း (ထုံးဘို) LL.B, C.B.L, D.B.L တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၃၅)**
**အမှတ်(၁၅၂၉)၊ ညောင်တပင်လမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၄၈၀၀၇၆၁၅**
**Email:lawyer.myowin @ gmail.com**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ သဇင်လမ်း၊ TTC(လှိုင်)တက္ကသိုလ်ဝင် တန်း (C)မှ မောင်စည်သူမင်းအောင်၏ဖခင် အမည်မှန်မှာ ဦးပါလမ်း(ခ)ရဲမြင့် ဖြစ်ပါကြောင်း။

**ဦးပါလမ်း(ခ)ရဲမြင့်**

## ပျောက်ဆုံးကြောင်း

မောင်ဝင်းသူရ CDC 75878 ၏ TF-31719/12 လက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်

**ဖုန်း-၀၉-၄၃၁၆၁၂၆၁**

၂၀၁၉ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် စာသင်သားများအတွက်

တက္ကသိုလ်ဝင်တန်း စာမေးပွဲအထူးထုတ်

ထွက်တော့မည်

မေးခွန်းပုံစံအသစ်နှင့်အညီ ပြုစုထားသည်။

ကိုယ်စားလှယ်များမှာကြားနိုင်ပြီ။

ဆက်သွယ်ရန် CENTER (မြို့လယ်) - အမှတ် ၁၆၇/၁၇၃ အခန်း - B-2၊ ဘိုကလေးသားလမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း ၂၅၆၆၂၁ ၀၉၅၁၄ ၂၅၆၆၂၁

၂၃-ကြိမ်မြောက်

ပညာဒါန အခမဲ့ ကွန်ပျူတာသင်တန်းများ

Windows, Microsoft Office, PageMaker, CorelDraw, E-mail, Internet, Adobe Photoshop, Adobe Illustrator, Adobe InDesign, A+Hardware

ပညာဒါန အခမဲ့ အင်္ဂလိပ်စာသင်တန်းများ

Basic English Level I, II, English 4 Skills, IELTS(Preparation Course) Grammar Foundation, English for Business

၂၃-ကြိမ်မြောက်

ပညာဒါန အခမဲ့ စက်ချုပ်/ဖော်ဘာစက်ချုပ်သင်တန်းများ

၁-၁၀-၂၀၁၈ သင်တန်းစမည်။ လူမျိုး၊ ဘာသာမရွေးတက်ရောက်သင်ယူနိုင်သည်။

သင်တန်းတည်နေရာ

ကျိုလီယာမွတ်စလင်မ်သာသနာ့ရန်ပုံငွေအဖွဲ့ မှဦးစီးသော

အဘွားများသုခရိပ်သာ

အမှတ်(၁)၊ သုခလမ်း၊ ခ-ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၅၇၇၄၇၃၊ ၈၅၅၁၃၉၁၊ ၀၉ ၇၃၁၃၇၅၃၂၊

၀၉ ၇၉၇၁၄၂၅၉၀၊ ၀၉ ၇၉၇၁၄၂၅၄၁

ကျိုလီယာမွတ်စလင်မ်သာသနာ့ရန်ပုံငွေအဖွဲ့ မှကြီးမှူး၍

(လူမျိုး ဘာသာမရွေး) မျက်စိခွဲစိတ်ရန်လိုအပ်နေသူများအား

အခမဲ့ ခွဲစိတ်ကုသပေးနေပါသည်။

နေရာ ➢ မေတ္တာဆေးခန်း (အဘွားများသုခရိပ်သာ)

အမှတ် ၁၊ သုခလမ်း၊ ခ-ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။

အချိန် ➢ အပတ်စဉ်ကြာသပတေးနေ့ ၂:၀၀ နာရီမှ စတင်စမ်းသပ်ကုသပေးပါသည်။

ဖုန်း ➢ ၅၇၇၄၇၃၊ ၈၅၅၁၃၉၁၊ ၀၉ ၇၃၁၃၇၅၃၂၊ ၀၉ ၇၉၇၁၄၂၅၉၀

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

